# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဒီ၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်းမရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင်ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်း မပြုရာ၊ မရဏာနုဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီဃဝဂ်(ဓမ္မပဒ-၂၁၂)


၁၃၇၉ ခုနှစ် တော်သလင်းလဆန်း ၄ ရက်၊ သောကြာနေ့။ Friday, 25 August 2017 (၉၀၂၇)


# မြန်မာ-ဗီယက်နမ်ဆက်ဆံရေးကို ဘက်စုံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးသို့ တိုးမြှင့်တည်ထောင်ရေး ဆွေးနွေး

## နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးအား ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆို

**နေပြည်တော် ဩဂုတ် ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုသည်။

**ကြိုဆိုနှုတ်ဆက်**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူးသည် ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သို့ ရောက်ရှိလာရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

**အပြန်အလှန် မိတ်ဆက်**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြကာ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးကြပြီး ဂုဏ်ပြုကြိုဆိုပွဲသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်များနှင့် အပြန်အလှန် မိတ်ဆက်ပေးကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐




နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာငုယင်ဖူးကျောင့်အား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အစီရင်ခံစာပါ အကြံပြုချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကိုဖီအာနန် ဦးဆောင်သော ကော်မရှင်အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် ဩဂုတ် ၂၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကိုဖီအာနန်နှင့် ကော်မရှင်အဖွဲ့ဝင်များအား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မစ္စတာ ကိုဖီအာနန်က အကြံပေးကော်မရှင်၏ ရခိုင်ပြည်နယ်ဆိုင်ရာ အပြီးသတ်အစီရင်ခံစာကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ ပေးအပ်ပြီး အစီရင်ခံစာပါ ကော်မရှင်၏ သုံးသပ်တွေ့ရှိချက်များနှင့် အကြံပြုချက်များကို ရှင်းလင်းပြောကြားသည်။


စာမျက်နှာ ၈ ကော်လံ ၆ သို့ ✪



KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်




နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး မစ္စတာငုယင်ဖူးကျောင့်တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး မစ္စတာငုယင်ဖူးကျောင့်တို့ ဦးဆောင်သည့် နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပစဉ်။

## ❐ မြန်မာ-ဗီယက်နမ်ဆက်ဆံရေးမှ

ယင်းနောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးသည် နိုင်ငံတော်သမ္မတအိမ်တော်၏ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး နိုင်ငံတော်သမ္မတနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်တို့သည် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံစဉ် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံပါတီအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ အစိုးရအချင်းချင်းနှင့် ပြည်သူအချင်းချင်းအကြား ဆက်ဆံရေး အပါအဝင် ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေး၊ နှစ်နိုင်ငံ ဆက်ဆံရေးကို ဘက်စုံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးသို့ တိုးမြှင့်တည်ထောင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်တို့ဦးဆောင်သည့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပသည်။

နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲတွင် နှစ်နိုင်ငံ၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်မှုအခြေအနေ၊ ကာကွယ်ရေး၊ စွမ်းအင်၊ ခရီးသွားလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး ဆိုင်ရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲများသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ သူရဦးအောင်ကို၊ ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ ဒေါက်တာသန်းမြင့်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဦးကျော်ဝင်း၊ ဦးအုန်းမောင်၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်း နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး H.E. Dr. Luan Thuy Duong လည်း တက်ရောက်သည်။

တွေ့ဆုံပွဲအပြီးတွင် နှစ်နိုင်ငံနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် နှင့် H.E. Mr.Tran Tuan Anh တို့ စီးပွားရေး နှင့် ကုန် သွယ် ရေး ပူးပေါင်းဆောင်ရွက်မှု နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးစဉ်။

အတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်တို့ရှေ့မှောက်၌ (၂၀၁၇-၂၀၂၀) ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလုပ်ငန်းဝန်ကြီး H.E. Mr.Nguyen Ngoc Thien တို့ကလည်းကောင်း၊ စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E. Mr.Tran Tuan Anh တို့ကလည်းကောင်း၊ ပညာရေးပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပညာရေးနှင့် လေ့ကျင့်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Bui Van Ga တို့ကလည်းကောင်း၊ အကောက်ခွန် ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်အကူအညီပေးမှုဆိုင်ရာ သဘောတူညီချက်ကို ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်းနှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Tran Van Hieu တို့ကလည်းကောင်း လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲအပြီးတွင် နှစ်နိုင်ငံပူးတွဲရှင်းလင်းပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က နှစ်နိုင်ငံ အပြန်အလှန်ဆက်ဆံရေးအပေါ် ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံအကြားနှင့် ဒေသတွင်း ဘက်စုံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်မည့် နည်းလမ်းများကို ရှာဖွေခဲ့ကြပါကြောင်း။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်၏ အလည်အပတ်ခရီးသည် မြန်မာနှင့် ဗီယက်နမ်ဆက်ဆံရေးသမိုင်းတွင် စာမျက်နှာသစ်တစ်ရပ် ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ဗီယက်နမ်နိုင်ငံအပါအဝင် မိမိတို့အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆက်ဆံရေးအပေါ် ပိုမိုအလေးထားလျက်ရှိရာ လာမည့်အနာဂတ်တွင်လည်း ချစ်ခင်ရင်းနှီးသည့် မိတ်ဆွေများအဖြစ် မိမိတို့၏ဆက်ဆံရေးကို ဆက်လက်တည်ဆောက်ရန် မိမိတို့အလေးအနက်ဆုံးဖြတ်ခဲ့ကြပါကြောင်း ပြောကြားသည်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်က မိမိတို့နှစ်နိုင်ငံသည် ချစ်ကြည်ရင်းနှီးမှုရှိသောနိုင်ငံများဖြစ်ပါကြောင်း၊ ချစ်ကြည်ရင်းနှီးမှုမှတစ်ဆင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုများမှ အကျိုးကျေးဇူးများရရှိခဲ့ပါကြောင်း၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာအောင် တည်ဆောက်သွားမည်ဖြစ်ပြီး ကဏ္ဍပေါင်းစုံတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကိုလည်း အဆင့်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထိုသို့ တိုးမြှင့်ဆောင်ရွက်သွားနိုင်ရန်အတွက် နားလည်မှုစာချွန်လွှာများကိုလည်း ရေးထိုးခဲ့ပြီးဖြစ်ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့်အားလျော်စွာ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နွေးထွေးပျူငှာစွာ ကြိုဆိုပေးခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**



## တိုင်ဖွန်းမုန်တိုင်း ဟတ်တိုကြောင့် သေဆုံးသူ ၁၆ ဦးထိ မြင့်တက်

**ကွေ့ကျိုး ဩဂုတ် ၂၄**

တရုတ်နိုင်ငံအရှေ့တောင်ပိုင်း၌ ငါးနှစ်အတွင်း အပြင်းထန်ဆုံး တိုက်ခတ်ခဲ့သော တိုင်ဖွန်းမုန်တိုင်း ဟတ်တို (Hato) သည် ဩဂုတ် ၂၄ ရက်တွင် အင်အားပျော့သွားခဲ့ကြောင်းနှင့် ယင်းတိုက်ခတ်မှုကြောင့် လူ ၁၆ ဦး သေဆုံးခဲ့ပြီး နှစ်ဦး ပျောက်ဆုံးလျက်ရှိသည်ဟု ဒေသန္တရမီဒီယာများက ယနေ့သတင်းထုတ်ပြန်ကြသည်။

တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသရှိ ကွမ်တုံပြည်နယ် ကျူဟိုင်မြို့တွင် ဟတ်တိုတိုင်ဖွန်းမုန်တိုင်း တိုက်ခတ်မှု၏နောက်ဆက်တွဲဆိုးကျိုးအဖြစ် မြေပြိုမှုများ ဖြစ်ပွားခဲ့ကြောင်း တရုတ်နိုင်ငံ မိုးလေဝသနှင့် ဇလဗေဒထိန်းချုပ်ရေးဌာနက ပြောကြားခဲ့သည်။

ထို့ပြင် မုန်တိုင်း တိုက်ခတ်မှုကြောင့် တရုတ်နိုင်ငံတောင်ပိုင်းရှိ မကာအိုမြို့အပါအဝင် အခြားသောဒေသများတွင် သစ်ပင်ကြီးများလဲကျကာ လမ်းမများပေါ်တွင် ရေများဖုံးလွှမ်းလျက်ရှိခဲ့သည်။

မကာအိုမြို့တွင် လူ ရှစ်ဦး သေဆုံးခဲ့သည်။ ကွမ်တုန်စီရင်စုတွင် ရှစ်ဦးသေဆုံးကာ နှစ်ဦး ပျောက်ဆုံးလျက်ရှိပြီး လူပေါင်းရာနှင့်ချီကာ ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။

မုန်တိုင်းဒဏ် ခံစားရသော ဒေသများတွင် လျှပ်စစ်ဓာတ်အားလိုင်းများနှင့် ရေပေးဝေမှုများကို မူလအတိုင်း ပြန်လည်ရရှိစေရန် အာဏာပိုင်များက ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ယူနက်စကို ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်နေရာအဖြစ် အသိအမှတ်ပြုခြင်းခံထားရသည့် ခရစ်ယာန်ဘုရားကျောင်းတစ်ကျောင်းအပါအဝင် အခြားသော ရှေးဟောင်းသမိုင်းဝင်နေရာများ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခြင်းရှိ၊မရှိကို တာဝန်ရှိသူများက စစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ။**

## သမ္မတထရမ့်၏ တောင်အာရှဒေသဆိုင်ရာ မဟာဗျူဟာသစ် ဩဇာကြီးမားသော အမေရိကန် အမတ်တစ်စု ကြိုဆို



**ဝါရှင်တန် ဩဂုတ် ၂၄**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ထုတ်ပြန်ကြေညာလိုက်သည့် တောင်အာရှဒေသဆိုင်ရာ မဟာဗျူဟာသစ်ကို ဩဇာတိက္ကမကြီးမားသော အမေရိကန်အမတ်များပါဝင်သည့် အုပ်စုတစ်စုက ကြိုဆိုလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဩဂုတ် ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

အကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်းတွင် ပါကစ္စတန်၏ ပူးပေါင်းဆောင်ရွက်မှု ရရှိစေရန်လည်းကောင်း၊ အကြမ်းဖက်သမားများက ပါကစ္စတန်ပိုင်နက်နယ်မြေကို ဘေးကင်းလုံခြုံစွာ ခိုလှုံနိုင်သောနေရာအဖြစ် အသုံးပြုနိုင်ခြင်းမရှိစေရေးအတွက် ပါကစ္စတန်အစိုးရက တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေရန်လည်းကောင်း မဟာဗျူဟာသစ်တွင် ဖော်ပြထားကြောင်း အမေရိကန် အထက်လွှတ်တော်အမတ် ဂျွန်ဟိုဗင်က ပြောကြားသည်။

အကြမ်းဖက်သမားများ၏ ဘေးအန္တရာယ်မှ မိမိတို့နိုင်ငံအား ကာကွယ်စောင့်ရှောက်ရန် လိုအပ်နေချိန်တွင် အမျိုးသားလုံခြုံရေးဆိုင်ရာ အခြေအနေနှင့်အညီ အာဖဂန်နစ္စတန်၌ အမေရိကန်တပ်ဖွဲ့ ဆက်လက်ရှိနေစေရေးကို မဟာဗျူဟာသစ်တွင် ဖော်ပြထားကြောင်း၊ မိမိတို့အနေဖြင့် ပြည်ပရောက် မိမိတို့၏ တပ်ဖွဲ့ဝင်များ မကြာမီကာလတွင် နေအိမ်သို့ ပြန်လာရန် လိုလားကြသော်လည်း အမျိုးသား လုံခြုံရေးဆိုင်ရာ အခြေအနေနှင့်အညီ သမ္မတက ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ဟိုဗင်က ပြောကြားသည်။

သမ္မတဒေါ်နယ်ထရန့်၏ အာဖဂန်နှင့် တောင်အာရှဒေသဆိုင်ရာ မူဝါဒသစ်ကို မိမိကြိုဆိုသည့်တိုင်အောင် ပါကစ္စတန်အနေဖြင့် အမေရိကန်အား စိတ်ကျေနပ်မှု ပေးနိုင်သည်အထိ ပူးပေါင်းဆောင်ရွက်မှုရှိပါမည်လောဟု မိမိသံသယပွားမိကြောင်း အထက်လွှတ်တော်အမတ်စတိဗ်ချာဘော့က ပြောကြားသည်။

**ပီတီအိုင်။**

## ရောမဓာတ်ငွေ့သိုက်ကြီး တရုတ်မြောက်ပိုင်းတွင် ရှာဖွေတွေ့ရှိ

**တိုင်ယွမ် ဩဂုတ် ၂၄**

တရုတ်နိုင်ငံမြောက်ပိုင်း ရှန်စီးပြည်နယ်တွင် ရောမဓာတ်ငွေ့သိုက်ကြီးကို ရှာဖွေတွေ့ရှိရကြောင်း၊ ယင်းဓာတ်ငွေ့သိုက်ကြီး၏ အရွယ်အစားမှာ ကုဗမီတာသန်းထောင်ပေါင်း ၅၄၅ ဒသမ ၆ သန်းရှိသည်ဟု ခန့်မှန်းရကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ရှန်စီးပြည်နယ်သည် တရုတ်နိုင်ငံတွင် ကျောက်မီးသွေး အဓိကထုတ်လုပ်သော ပြည်နယ်ဖြစ်သည်။ နိုင်ငံ၏ ဒုတိယအကြီးမားဆုံး ကျောက်မီးသွေးသိုက်တည်ရှိရာ ဒေသအဖြစ်ထင်ရှားသည်။ ကျောက်မီးသွေးလွှာ၏ အောက်ဘက်မှ ပေါ်ထွက်လာသော မီသိန်းဓာတ်ငွေ့နှင့် ယျေလကျောက်လွှာအောက်ဘက်ရှိ ဓာတ်ငွေ့သိုက်တို့မှာ ကုဗမီတာ ၁၂ ဒသမ ၇ ထရီလီယံခန့်အထိ ရှိမည်ဟု ခန့်မှန်းထားသည်။

၂၀၀၆ ခုနှစ်တွင် ရှန်စီးပြည်နယ်ရှိ ယူရှီး၊ကျို့ကွမ်နှင့် ဝူကျိန်းစီရင်စုများနှင့်ထိစပ်နေသောဧရိယာတွင် ကြီးမားသော ကျောက်မီးသွေးသိုက်ကို ရှာဖွေတွေ့ရှိခဲ့ပြီး စူးစမ်းလေ့လာမှုအရ ယင်းကျောက်မီးသွေးသိုက်အောက်ဘက်တွင် ဓာတ်ငွေ့များကိန်းအောင်းနေကြောင်း သိရသည်။

၂၀၁၅ ခုနှစ်တွင် စူးစမ်းလေ့လာမှုများ စတင်ပြုလုပ်ခဲ့ပြီး ကျောက်မီးသွေးလွှာအောက်ဘက်၌ ကိန်းအောင်းနေသော မီသိန်းဓာတ်ငွေ့ပမာဏ ကုဗမီတာ သန်းထောင်ပေါင်း ၂၄၁ ဒသမ ၅၊ ယျေလကျောက်လွှာအောက်ဘက်၌ ကိန်းအောင်းနေသော ဓာတ်ငွေ့ပမာဏ ကုဗမီတာ သန်းထောင်ပေါင်း ၃၀၄ ဒသမ ၁ ရှိမည်ဟု ခန့်မှန်းရကြောင်း ပြည်နယ်မြေနှင့် သဘာဝသယံဇာတရေးရာဌာန ဒုတိယညွှန်ကြားရေးမှူး ကျို့ဂျီမင်းက ပြောကြားသည်။

ရှန်စီးပြည်နယ်တွင် ဓာတ်ငွေ့ရှာဖွေမှုများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေပြီး ကျောက်မီးသွေးထုတ်လုပ်မှုကို လျှော့ချလျက်ရှိသည်။ တရုတ်နိုင်ငံသည် သန့်ရှင်းသော စွမ်းအင်ကို ပိုမိုအသုံးပြုကာ လေထုညစ်ညမ်းမှု လျှော့ချနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိချိန်တွင် ဓာတ်ငွေ့ စူးစမ်းရှာဖွေမှုလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်လျက်ရှိသည်။

**ဆင်ဟွာ။**





## ဘရာဇီးနိုင်ငံ အမေဇုန်သစ်တောဒေသရှိ ကျယ်ပြောလှသော ကာကွယ်တော တစ်ခုကို ဓာတ်သတ္တုလုပ်ငန်းများအတွက် ဖွင့်ပေး

**ဘရာစီလီယာ ဩဂုတ် ၂၄**

ဘရာဇီးနိုင်ငံ၌ အမေဇုန်သစ်တောဒေသရှိ ကျယ်ပြောလှသော ကာကွယ်တောတစ်ခုကို ဓာတ်သတ္တုရှာဖွေတူးဖော်ထုတ်လုပ်နိုင်ရေးအတွက် ဖွင့်လှစ်ပေးရန် အစိုးရအဖွဲ့က ဆုံးဖြတ်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဩဂုတ် ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ရေးအတွက် အသုံးပြုခွင့်ပေးမည့် သစ်တောမြေဧရိယာမှာ စတုရန်းကီလိုမီတာ ၄၆၀၀၀ (စတုရန်းမိုင် ၁၇၈၀၀) အကျယ်အဝန်းရှိပြီး ဘရာဇီးနိုင်ငံ မြောက်ပိုင်းရှိအမာပါနှင့် ပါရာပြည်နယ်တို့ကို တစ်ဖက်တစ်ချက်စီခွလျက်တည်ရှိသည်။

ဓာတ်သတ္တုတူးဖော်ရေး ခွင့်ပြုပေးမည့် ဧရိယာအတွင်းရှိ နယ်မြေကိုးခုနှင့် ဌာနေတိုင်းရင်းသားများ နေထိုင်ရာ နယ်မြေများကိုမူ တရားဥပဒေနှင့်အညီ ဆက်လက်၍ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း အစိုးရအဖွဲ့၏ကြေညာချက်တွင် ဖော်ပြသည်။

အစိုးရအဖွဲ့က ဓာတ်သတ္တုရှာဖွေထုတ်လုပ်ရေးကဏ္ဍကို အလွန်အမင်း လိုက်လျောပေးရာရောက်သည်ဟု သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလှုပ်ရှားသူများက ပြောကြားကြသည်။

ကာကွယ်စောင့်ရှောက်ပေးထားခဲ့သည့် ဧရိယာတစ်ခုကို သမ္မတမိုက်ကယ်တီးမား၏ အမိန့်ဒီကရီအရ ဖျက်သိမ်းပေးခဲ့သည်။ ဓာတ်သတ္တု ရှာဖွေထုတ်လုပ်ရေးလုပ်ငန်းများအတွက် ခွင့်ပြုပေးမည့်ဧရိယာမှာ ဒိန်းမတ်နိုင်ငံ၏အရွယ်အစားထက် ပိုမိုကြီးမားပြီး ယင်းဧရိယာ၏ ၃၀ ရာခိုင်နှုန်းခန့်ကို ဓာတ်သတ္တုရှာဖွေထုတ်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ခွင့်ပြုပေးမည်ဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုအသစ်များကို ဆွဲဆောင်နိုင်ရန်လည်းကောင်း၊ နိုင်ငံတော်အတွက် ခေဥစ္စာများ တိုးပွားလာစေရန်လည်းကောင်း၊ ပြည်သူများအတွက် အလုပ်အကိုင်နေရာများဖန်တီးပေးကာ ဝင်ငွေတိုးစေရန်လည်းကောင်း၊ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်လည်းကောင်း ဓာတ်သတ္တုရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ခွင့်ပြုပေးခြင်းဖြစ်ကြောင်း အစိုးရအဖွဲ့က ပြောကြားသည်။

**ရိုက်တာ။**

# ရခိုင်ပြည်နယ်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နိုင်ရန် ကော်မတီများဖွဲ့စည်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၄**

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(၅၀)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာဦးခင်မောင်မောင်၏ **ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ မြေကွက်များကို မည်သည့် "မူ"ဖြင့် ချပေးနေသည်ကိုသိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်လင်းက မြေငှားစာချုပ်(ဂရန်) ခွင့်ပြုဆောင်ရွက်ခြင်းများသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းတည်ရှိပြီး မြို့ကွက်ကျမြေပုံ (Block Map)တွင် ပါဝင်ပြီးဖြစ်သည့်အပြင် အဆိုပါမြေများသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက စီမံခန့်ခွဲခွင့်ရှိသော မြေများဖြစ်သည့်အတွက် ၂၀၁၃ ခုနှစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥပဒေ၊ နည်းဥပဒေ၊ မြေစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ မည်သည့်မူဖြင့် ချပေးသည်ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အား ပြန်လည်မေးမြန်း၍ ဖြေကြားပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၏ **တွံတေးတူးမြောင်းကို ဖြတ်ကျော်မည့် နောက်ထပ်မြစ်ကူးတံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရန်ကုန်တိုင်းဒေသကြီးရှိ တွံတေးတူးမြောင်းကို ဖြတ်ကျော်၍ နောက်ထပ်မြစ်ကူးတံတားတည်ဆောက်ရမည့်နေရာသည် တွံတေးမြို့လယ်ရှိ နာရီစင်အနီး တွံတေးဆိပ်ကမ်းနှင့် တစ်ဖက်ကမ်းရှိ မြဂိုးရွာသို့ ဆက်သွယ်လိုသည့်နေရာ ဖြစ်ပါကြောင်း၊ ထိုနေရာရှိ တွံတေးတူးမြောင်း အကျယ်မှာ ပေ ၇၀၀ ခန့်ရှိပြီး အဆိုပါတံတားတည်ဆောက်မည်ဆိုပါက မြို့တွင်းဘက်သို့ မင်းရဲကျော်စွာလမ်းနှင့် မြို့ပြင်ဘက် မအူပင်-တွံတေးလမ်းကို ဆက်သွယ်ပေးမည်ဖြစ်ပါကြောင်း၊ တွံတေးတူးမြောင်းကိုဖြတ်ကျော်၍ နောက်ထပ် မြစ်ကူးတံတားတည်ဆောက်ပေးရန် လတ်တလောအစီအစဉ် မရှိသေးပါကြောင်း ဖြေကြားသည်။

ထို့ပြင် မြဝတီမဲဆန္ဒနယ်မှ ဦးစိန်ဗိုလ်၊ ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင်၊ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦးနှင့် လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်းတို့၏ အလုပ်သမားရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ မေးခွန်းများကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းတို့က ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ တင်သွင်းထားသည့် **ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် ဖြစ်ပေါ်လျက်ရှိသော ဘင်္ဂါလီလူမျိုးအစွန်းရောက် အဖွဲ့အစည်းများ၏ ရာဇဝတ်မှုများ ကျူးလွန်နေကြခြင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် အသက်အိုးအိမ် လုံခြုံရေးတို့ကို များစွာ ထိပါးနှောင့်ယှက်လာသည်ဖြစ်၍ ဒေသတွင်းပိုမိုကောင်းမွန်သည့် အုပ်ချုပ်ရေး၊ လုံခြုံရေးအစီအမံများချမှတ်ကာ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်

ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်က နိုင်ငံတော်အချုပ်အခြာအာဏာနှင့် နိုင်ငံတော်လုံခြုံရေးကိုအန္တရာယ်ဖြစ်ပေါ်စေသည့် ဘင်္ဂါလီအစွန်းရောက် အကြမ်းဖက်သမားများနှင့် ၎င်းတို့ကို ကူညီအားပေးနေကြသူများကို အမြစ်ပြတ်ရှင်းလင်းရေး၊ ယင်းဒေသများတွင် တိုင်းရင်းသားကျေးရွာများကို အခိုင်အမာထူထောင်ပြီး ယင်းကျေးရွာများ၏ လုံခြုံရေးကို စီမံဆောင်ရွက်ထားရှိရေး၊ တည်ဆဲဥပဒေများနှင့်အညီ နိုင်ငံသားစိစစ်ရေးလုပ်ငန်းကို အကောင်အထည်ဖော်ရေး၊ နိုင်ငံသားဖြစ်ခွင့်ရသူများကို နေရာချထားရေး၊ နိုင်ငံခြားသားများနှင့် နိုင်ငံမဲ့များကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရေး၊ ဒေသအတွင်း ဘင်္ဂါလီလူဦးရေတိုးပွားနှုန်းထိန်းချုပ်ရေး၊ နယ်စပ်ဒေသများနှင့် ကမ်းရိုးတမ်းဒေသများ လုံခြုံမှုရှိအောင် ဆောင်ရွက်ထားရှိရေးတို့ကို ဆောင်ရွက်ထားရှိရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးထွန်းမြတ်ရွှေက INGO စီမံကိန်းများ၏ ၉၀ ရာခိုင်နှုန်းသည် ဘင်္ဂါလီများ နေထိုင်ရာဒေသများတွင် ဆောင်ရွက်ခြင်းဖြစ်ပြီး ဝန်ထမ်းအင်အား၏ ၈၀ ရာခိုင်နှုန်းမှာ ဘင်္ဂါလီများဖြစ်ပါကြောင်း၊ INGO အဖွဲ့များ၏ ဘက်လိုက်ဆောင်ရွက်မှုများ၊ ဝင်ရောက်စွက်ဖက်မှုများသည် ပိုများပြားပြီး ဘင်္ဂါလီအကြမ်းဖက် အဖွဲ့များ စခန်းချရာ မေယုတောင်တန်းတွင် တွေ့ရသည့် UN အမှတ်အသားတံဆိပ်ပါ အထောက်အထားများအရ ဒုက္ခသည်များကို INGO အဖွဲ့များ၏ကူညီမှုသည် သာမန်ဒုက္ခသည် ကူညီမှုထက်ပိုသည့်အဓိပ္ပာယ်ဆောင်နေသည်ဟု ယူဆနိုင်ပါကြောင်း၊ UN နှင့် ဆက်စပ်အဖွဲ့အစည်းများ အစီရင်ခံစာထုတ်ပြန်ရာတွင်လည်း ပကတိအခြေအနေနှင့် ကွဲလွဲမှုများရှိနေပါကြောင်း၊ အထူးကိုယ်စားလှယ်၏ အစီရင်ခံစာများတွင်လည်း ဘက်လိုက်မှုများရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ မစ္စယန်ဟီလီ၏ ၂၀၁၇ ခုနှစ် ဇူလိုင်လခရီးစဉ် သတင်းထုတ်ပြန်ချက်တွင် ဘက်လိုက်မှုများ၊ မမှန်ကန်မှုများရှိသည့်အတွက် အစိုးရနှင့်လွှတ်တော်က ပြင်းပြင်းထန်ထန် ကန့်ကွက်ခြင်းများ ဆောင်ရွက်ခဲ့ရပါကြောင်း၊ ၂၀၁၇ ခုနှစ်တွင် ဘင်္ဂါလီကျေးရွာများနှင့် မေယုတောင်တန်းကိုအခြေပြုပြီး ဘင်္ဂါလီများသည် အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်ရန် ပြင်ဆင်လာသည်ကို တွေ့ရပါကြောင်း၊ မေယုတောင်တန်းပေါ်တွင် အကြမ်းဖက်သမားများ၏ ယာယီအခြေပြုစခန်းများကို သိမ်းပိုက်စဉ်တွေ့ရှိရသည့် UN အမှတ်အသားပါ ထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိနေမှုကိုလည်း သေချာစိစစ်ဖော်ထုတ်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ နိုင်ငံတကာအဖွဲ့အစည်းများ မြန်မာနိုင်ငံ ပြည်တွင်းရေးကို ပြောင်ပြောင်တင်းတင်းစွက်ဖက်နေမှု၊ အကြမ်းဖက်အဖွဲ့အစည်းအားထောက်ပံ့နေမှုကို ကမ္ဘာအား ဖွင့်ချနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် အဆိုနှင့်စပ်လျဉ်း၍ မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင်၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း၊ ဖာပွန်မဲဆန္ဒနယ်မှဦးစောထွန်းမြအောင်၊ နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်နှင်း၊ သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဇော်ထွန်းဦး၊ ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးရည်မွန်(ခ)မောင်တင်သစ်၊ ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင်နှင့် ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးတို့ကလည်း ဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက တိုင်းရင်းသားများနှင့် ဘင်္ဂါလီလူမျိုးများအကြား ဖြစ်ပွားသည့်ပဋိပက္ခများကို ဖြေရှင်းနိုင်ရန်နှင့် ရခိုင်ပြည်နယ်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့တို့သည် ရခိုင်ပြည်နယ်ဆိုင်ရာကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ်ရှိ မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ ရသေ့တောင်မြို့နယ်များသို့

**စာမျက်နှာ ၇ ကော်လံ ၃ သို့** ●

# ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြု

**နေပြည်တော် ဩဂုတ် ၂၄**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၄၉ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်း၏ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ရည်ရွယ်ချက်၊ မူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များကို အဆင့်ဆင့်သော ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်/ကျေး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဖွဲ့ဝင်များ တိတိကျကျ သိရှိနားလည်သဘောပေါက်ပြီး လက်တွေ့လိုက်နာကျင့်သုံး ဆောင်ရွက်နိုင်စေရန်အတွက် ထိရောက်သော လမ်းညွှန်သင်တန်းများ စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီနှင့် ကော်မတီအဆင့်ဆင့်၏လုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူအဆင်ပြေရန်၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြစ်ရန်အတွက် ၂၀၁၆ ခုနှစ် ဇွန်လ ၁၀ ရက်တွင် မူဝါဒ၊ လုပ်ငန်းစဉ်များနှင့် အလေးထားဆောင်ရွက်ရမည့် အချက်များကို ညွှန်ကြားထားပါကြောင်း၊ ညွှန်ကြားချက်နှင့်အညီ ကော်မတီအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရန်နှင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း ကျွမ်းကျင်ရန်အတွက် သင်တန်းပို့ချခြင်း၊ အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်းများကို ဆောင်ရွက်သွားရန်ရှိပါကြောင်း၊ ထို့ပြင် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်ဥက္ကဋ္ဌများ၏ ကြီးကြပ်မှုအောက်တွင် အဖွဲ့ဝင်များအနေဖြင့် သတ်မှတ်ထားသော လုပ်ငန်းတာဝန်၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လက်တွေ့ကျင့်သုံး ဆောင်ရွက်ရာတွင် ပိုမိုထိရောက်သော သင်တန်းများကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် ခရိုင်၊ မြို့နယ်အလိုက် သင်တန်းများပို့ချဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။



မွန်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်း



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၉)မှ ဦးမောင်မောင်လတ်

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်၏ **စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်ရှိ တမူးမြို့ကို မြို့မြေပြန်တိုင်းခြင်း လုပ်ငန်း ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့မြေတိုင်းတာခြင်း လုပ်ငန်းများနှင့် ပတ်သက်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မုံရွာမြို့နယ် မြို့မြေတိုင်းတာရေး လုပ်ငန်းဆောင်ရွက်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေမှ ငွေကျပ်သိန်း ၁၀၀ ခွင့်ပြုချထားခဲ့ပြီး မြို့ကွက်ပေါင်း ၂၆၆ ကွက်အား တိုင်းတာဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မုံရွာခရိုင်အတွင်းရှိ မြို့နယ်များ၌ မြို့မြေတိုင်းတာရေး လုပ်ငန်းများဆောင်ရွက်ရန် မုံရွာမြို့နယ်အတွက် ငွေကျပ် ၂၃၈ ဒသမ ၉၅၂ သန်း၊ အရာတော်မြို့နယ်အတွက် ငွေကျပ် ၁၆ ဒသမ ၃၁၈ သန်း၊ ဘုတလင်မြို့နယ်အတွက် ငွေကျပ် ၅ ဒသမ ၁၄၇ သန်း၊ ချောင်းဦးမြို့နယ်အတွက် ငွေကျပ် ၁၂ ဒသမ ၄၂၃ သန်းအား တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေမှ အသီးသီး ခွင့်ပြုချထားပေးခဲ့၍ မြို့မြေတိုင်းတာရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့မြေတိုင်းတာခြင်းအတွက် ရန်ပုံငွေရရှိမှုသည် မုံရွာ၊ အရာတော်၊ ဘုတလင်နှင့် ချောင်းဦးမြို့နယ်များအတွက်သာ ပါရှိပြီး တမူးမြို့နယ်အတွက် ပါရှိခြင်းမရှိပါကြောင်း၊ ထို့ကြောင့် တမူးမြို့နယ် နယ်နိမိတ်အား အကွက်ပေါင်း ၁၅၂ ကွက်ဖြင့် ပြန်လည်တိုင်းတာနိုင်ရန်အတွက် ခန့်မှန်းတွက်ချက်မှုအရ ငွေကျပ် ၅၅ ဒသမ ၁၉၂ သန်းခန့် ကုန်ကျမည်ဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေလျာထား တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေတင်နှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်သိန်းတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်အောင်စိုးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် **ဆက်သွယ်ရေး ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း**အား ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း လွှတ်တော်ဥက္ကဋ္ဌမန်းဝင်းခိုင်သန်းက ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအတွင်းရေးမှူး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၏ **မြန်မာနိုင်ငံ၏ ငါးနှင့်ရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ငါးနှင့်ရေသယံဇာတများ ထိန်းသိမ်းကာကွယ်ရေး၊ ပြည်တွင်းစားသုံးမှုဖူလုံပြီး နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေး၊ ကျေးလက်စီးပွားဖွံ့ဖြိုးပြီး ဆင်းရဲမှုလျှော့ချရေး၊ ငါးလုပ်ငန်းဆိုင်ရာ သုတေသနများ၊ ပညာပေးလုပ်ငန်းများနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြီးပြည့်စုံသော ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်ကြီးတစ်ခု (Fishery University) ဖွင့်လှစ်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်းနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်းတို့က ထောက်ခံဆွေးနွေးကြသည်။

**မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန်**က ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်တစ်ခု တည်ထောင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ငါးနှင့်ရေသယံဇာတများ ထိန်းသိမ်းကာကွယ်ရေး၊ ပြည်တွင်းစားသုံးမှု ဖူလုံရေးနှင့် နိုင်ငံခြားဝင်ငွေတိုးတက်ရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေး၊ ကျေးလက်စီးပွားဖွံ့ဖြိုးပြီး ဆင်းရဲမှုလျှော့ချရေး၊ ငါးလုပ်ငန်းဆိုင်ရာ သုတေသနများ၊ ပညာပေးလုပ်ငန်းများနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ် အကျိုးသက်ရောက်မည်ဖြစ်ပါကြောင်း စသည်ဖြင့် ဆွေးနွေးသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေး ၅၀ ရက်မြောက်နေ့ကို ဩဂုတ် ၂၈ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သူရဇော်၊ မီမီဖြိုး)**

# ပညာဟူသည်

ဒေါက်တာမော်

ကိုယ့်နိုင်ငံမှာ တစ်ဦးနဲ့တစ်ဦး မေတ္တာထားစေလိုတယ်။ တစ်ဦးကိုတစ်ဦး ဦးစားပေးဆက်ဆံစေလိုတယ်။ မနာလိုဝန်တို ဣဿာမစ္ဆရိယတွေ၊ သူ့ထက်ငါ အလုအယက်ကျော်တက်မှုတွေ၊ ဖရုသဝါစာ၊ ပိသုဏဝါစာ၊ သမ္ဖပ္ပလာပတွေနဲ့ အကျည်းမတန်စေချင်ဘူး။ တချို့နိုင်ငံတွေမှာ " After you (သူတစ်ပါးကို ဦးစားပေးခြင်း)"က နည်းနေပြီး တချို့နိုင်ငံတွေမှာ "After you (သူတစ်ပါးကို ဦးစားပေးခြင်း)"က များကြတယ်။ တချို့လူတွေက အလွယ်တကူသင်ယူ လိမ္မာယဉ်ကျေးတတ်ကြပြီး တချို့လူတွေက ဘယ်လိုသင်သင် မပြောင်းလဲတာတွေရှိတယ်။

ဒီလိုကွာခြားတာ ဘာကြောင့်လဲ ဘာသာရေးကြောင့်လား။ ဘာသာရေးကြောင့်ဆိုရင် မြန်မာနိုင်ငံက အယဉ်ကျေးဆုံးဖြစ်ရမှာပေါ့။ မြန်မာနိုင်ငံလောက် ဗုဒ္ဓအဆုံးအမနဲ့နီးတာ မြန်မာနိုင်ငံပဲရှိတယ်။ ဒါဆိုရင် ပညာအဆင့်အတန်းကြောင့်လား။ "educated"တွေက သင်ရပိုလွယ်တာလားဘုရားလို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော်ကြီးကို အနီးကပ်ဖူးခွင့်ရတုန်း သိပ်သိချင်နေတဲ့ မေးခွန်းတစ်ခု (my burning question)ကို မေးကြည့်မိတယ်။

ဆရာတော်ကြီးက " educated " ဆိုတာဘာလဲ၊ ဘယ်သူ့ကို ခေါ်တာလဲလို့ ပြန်မေးတယ်။ တပည့်တော်မဖြေခင်မှာပဲ ဆရာတော်ကြီးက တပည့်တော်ကို ဉာဏ်အလင်းရှင်းရှင်းကြီးရအောင် ဟောသွားလို့ ကြည်ညိုလိုက်တာဘုရား။ အဲဒီနေ့က ဆရာတော်ကြီး အမိန့်ရှိသွားတာရယ်၊ ဆရာတော်ကြီးရဲ့ တရားတော်တွေကို Dhammadownload.com မှာ နာကြားဆည်းပူးထားတာတွေရယ် ဆက်စပ်ပြီး ရင်ထဲမှာ ခံယူနားလည်လိုက်တဲ့ ပညာဟူသည်. . .

ပညာတတ်(educated)လို့ လူတွေပြောပြောနေတာ ဆရာဝန်ကြီးကို ပြောတာလား၊ အင်ဂျင်နီယာကြီးကို ပြောတာလား၊ ရှေ့နေကြီးကို ပြောတာလား၊ စီးပွားရေးပညာရှင်ကြီးကို ပြောတာလား၊ ပါမောက္ခကြီးကို ပြောတာလား၊ ကထိကကြီးကို ပြောတာလား၊ ဓာတုဗေဒပညာရှင်ကြီးကို ပြောတာလား၊ ရူပဗေဒပညာရှင်ကြီးကို ပြောတာလား၊ နည်းပညာရှင်ကြီးကို ပြောတာလား၊ တကယ်တော့ "ပညာတတ်" (educated)ဆိုတာ သိသင့်သိထိုက်သော အချက်အလက်များ (subject matter)ကို သင်ယူတတ်မြောက်ထားခြင်းဖြစ်သည်ဟုသာ ဆိုလိုသည်။ မိမိသင်ယူထားသည့် အချက်အလက်များကို အခြေခံပြီး ဆင်ခြင်သုံးသပ်ကာ လုပ်သင့်၊ မလုပ်သင့်ကို စဉ်းစားချင့်ချိန် ဆုံးဖြတ်တတ်သည့် အသိအမြင်ကိုသာလျှင် "ပညာ"ဟု ခေါ်သည်။ ထိုအသိအမြင်ရှိမှ "ပညာရှိ" ဖြစ်သည်။

ဥပမာ ဆရာဝန်တစ်ယောက်သည် ဆေးကျောင်းမရောက်ခင်ကတည်းက ကကြီးခခွေးအက္ခရာတွေ၊ a b c d တွေ၊ အပေါင်း၊ အနုတ်၊ အမြှောက် အစားတွေ၊ ရူပဗေဒတွေ၊ ဓာတုဗေဒတွေ၊ အခြေခံ subject matter တွေသင်ပြီးမှ ဆေးကျောင်းရောက်လာခြင်းဖြစ်သည်။ ဆေးကျောင်းမှာ လူ့ခန္ဓာဖွဲ့စည်းပုံ၊ လူ့ခန္ဓာပုံမှန်အလုပ်လုပ်ပုံ၊ ရောဂါဖြစ်လာလျှင် ပြောင်းလဲလာပုံ၊ အသုံးပြုရမည့် ဆေးဝါးအစုံစုံ၊ ရောဂါလက္ခဏာအဖုံဖုံ၊ ရောဂါရှာဖွေပုံ၊ ရောဂါအမျိုးမျိုး၊ ကုထုံးအသွယ်သွယ်၊ ကာကွယ်နည်းများစသည့် professional subject matter အားလုံး သင်ယူရသည်။

ဆရာဝန်ဖြစ်လို့ တကယ်တမ်းလူနာကိုကုသည့်အခါ ကိုယ်သင်ယူခဲ့သည့် subject matter တွေအပေါ် အခြေခံပြီး နောက်ဆုံးပေါ်ကုထုံး (Guideline) တွေ၊ ကိုယ့်ရေမြေသဘာဝ၊ ကိုယ့်ပတ်ဝန်းကျင်မှာ အဖြစ်များသောရောဂါ၊ ကိုယ့်လူနာ၏ အခြေခံအကြောင်းတရားများစသည်ဖြင့် အဘက်ဘက်က သုံးသပ်ဆင်ခြင်ကာ၊ ချင့်ချိန်စဉ်းစားကာ မည်သို့ကုသမည်၊ မည်သို့ကာကွယ်မည်ဟု ဆရာဝန်နှလုံးသားဖြင့် ဆုံးဖြတ်လုပ်ဆောင်ရသည်။ ယင်းသည် "ပညာ" ပေတည်း။

ထို့ကြောင့် အချို့ဆရာဝန်များက အောင်မြင်ပြီး အချို့ဆရာဝန်များက ပိုအောင်မြင်ကြသည်။ subject matter တတ်တာချင်းအတူတူ အချို့က ဆင်ခြင်သုံးသပ်တာ ပိုကောင်း၍ဖြစ်သည်။ "ပညာ"ပိုရှိ၍ဖြစ်သည်။ ထိုသို့ "ပညာ" ရှိရန်အတွက် ပညာတော့တတ်ရမည်။ ပညာတတ်ရန်အတွက်တော့ စာဖတ်ရမည်။ မည်သည့် profession မှမဟုတ်ဘဲ၊ မည်သည့်ဘွဲ့မှမရဘဲ အိမ်ထောင်မှုထိန်းသိမ်းရင်း၊ စာဖတ်ရင်း သားသမီးများကို အောင်မြင်တဲ့ global citizen လူကောင်းလူတော် လူ့အဖိုးတန်လေးများ ဖြစ်အောင် ပျိုးထောင်သွားသော အိမ်ရှင်မများ အများကြီးရှိပေသည်။ သို့သော် စာတော့ ဖတ်ရမည်။ subject matter ကိုတော့ သိရ၊ တတ်ရမည်။ သိသောတတ်သော အချက်တွေပေါ်မှာ ဆက်စပ်တွေးတောဆင်ခြင်ပြီး ဘာကိုဆုံးမရမည်၊ ဘယ်လိုဆုံးမရမည်၊ ဘယ်လမ်းကို ညွှန်ပြပေးရမည်၊ ဘယ်နေရာမှာ လျှော့ပေးရမည်၊ ဘယ်နေရာမှာ တင်းရမည်စသည်ဖြင့် သားသမီးကို လိမ္မာပါးနပ်စွာ ကိုင်တွယ်ပျိုးထောင်တတ်သည်မှာ "ပညာ" ဖြစ်သည်။ (Parenting is an Art.)

ဆရာတော်ကြီးက ဟောထားပါသည်။ ပညာဆိုသည်မှာ စီးပွားရေးအတွက်လည်း အသုံးချလို့ရမည်။

("ပညာ"ဟူသော သုံးသပ်ဆင်ခြင် ချင့်ချိန်တတ်မှုကြောင့် ရှာတတ်သည်၊ ဖွေတတ်သည်၊ စုတတ်ဆောင်းတတ်သည်၊ ရင်းနှီးမြှုပ်နှံတတ်သည်၊ စီမံခန့်ခွဲတတ်သည်၊ အကျိုးတူပူးပေါင်းလုပ်ကိုင်တတ်သည်)

ကျန်းမာရေးအတွက်လည်း အသုံးချလို့ရမည်။

("ပညာ"ဟူသော သုံးသပ်ဆင်ခြင် ချင့်ချိန်တတ်မှုကြောင့် နေတတ်သည်၊ ထိုင်တတ်သည်၊ ရှောင်တတ်သည်၊ ဆောင်တတ်သည်။)

လူမှုရေးအတွက်လည်း အသုံးချလို့ရမည်ဟူသတည်း။

("ပညာ"ဟူသော သုံးသပ်ဆင်ခြင် ချင့်ချိန်တတ်မှုကြောင့် မပြောသင့်တာ မပြော၊ မလုပ်သင့်တာမလုပ်၊ ကိုယ်ကျင့်တရားလည်းကောင်း၊ လူချစ်လူခင်ပေါ၊ ကိုယ်လည်းအေးချမ်း၊ ကိုယ့်ပတ်ဝန်းကျင်လည်း အေးချမ်းသည်။)

ငါးပါးသီလဆိုသည်ကို လူတိုင်းသိနေကြသည်။ မသတ်ရ၊ မခိုးရ၊ မလိမ်ရ၊ မသောက်ရ၊ သူများသားမယား မပြစ်မှားရဆိုသည်များကို ငယ်စဉ်ကပင် သိခဲ့ကြသည်။ ထိုမလုပ်ရသည်များကို လုပ်မိလျှင် ငရဲကြီးတတ်သည်ကို လူတိုင်းကြားဖူးကြသည်။ သို့သော် ပညာနှင့် ဆက်စပ်တွေးခေါ်ကြည့်လျှင် မည်သည့်အတွက်ကြောင့် ဘုရားက ထိုအရာတွေရှောင်ခိုင်းသနည်း။ သတ်လျှင်၊ ခိုးလျှင်၊ လိမ်ညာလျှင် သူတစ်ပါးလည်းဆင်းရဲမည်။ ကိုယ်လည်းထောင်ကျမည်။ အနည်းဆုံးတော့ ကိုယ့်လိပ်ပြာကိုယ်မသန့်ဘဲ စိတ်ညစ်ညူးရပေမည်။ သောက်လျှင် ကိုယ့်ဉာဏ်တွေတုံးပြီး ကိုယ်ကျိုးဆုတ်ယုတ်မည်။ အသည်းရောဂါဖြစ်မည်။ ရေဖျဉ်းစွဲပြီး လုံးပါးပါးမည်။ သောက်ပြီးရမ်းမိလျှင်လည်း သူတစ်ပါးကို ထိခိုက်နိုင်သည်။ ကိုယ်လည်း ထောင်ကျသည်အထိ ဖြစ်နိုင်သည်။ သူများသားမယား မိသားစုကို ပြစ်မှားမိလျှင် သူ့မိသားစု၊ ကိုယ့်မိသားစု ဂုဏ်သရေတွေကျဆင်းပြီး သူ့သားသမီး၊ ကိုယ့်သားသမီး ရပ်တည်ထွန်းပေါက်ရေးတို့မှာ ထိခိုက်နိုင်သည် စသည်ဖြင့် ပညာနှင့်ဆက်စပ်တွေးခေါ် စဉ်းစားပြီး မလုပ်သင့်သည်ကို မလုပ်လျှင် ကိုယ်လည်းချမ်းသာ သူလည်းချမ်းသာမှာမို့ ကိုယ်တိုင်အဓိပ္ပာယ်ရှိစွာ ရှောင်ကြဉ်ချင်လာသည်။

ဩစတြေးလျက အင်္ဂလိပ်လူမျိုးဆရာတော် **Ajahn Bram** ပြောသည်ကို သတိရမိသည်။ "မင်းတို့ကွာ ငါးပါးဆိုတာများနေရင် နှစ်ပါးတော့ထိန်းပါ"။ (၁) ကိုယ့်ကိုယ်ကိုယ် ထိခိုက်အောင် မလုပ်နဲ့၊ (၂) သူတစ်ပါးကို ထိခိုက်အောင် မလုပ်နဲ့ (Don't hurt your self. Don't hurt other) တဲ့။ ထိုနှစ်ပါးကို ပညာနဲ့ ချင့်ချိန်သုံးသပ်ပြီး ယုံကြည်စွာထိန်းလျှင် ငါးပါးစလုံး လုံလေပြီတကား။

နိုင်ငံတော်မှာချမှတ်ထားသော ဥပဒေတွေကိုပင်လျှင် ပညာဉာဏ်နဲ့ သုံးသပ်ဆင်ခြင်လိုက်နာမှ ဥပဒေစိုးမိုးရေး အောင်မြင်နိုင်ပေမည်။ ပါမောက္ခချုပ်ဆရာတော်ကြီးက မော်တော်ဆိုင်ကယ်စီးလျှင် ဦးထုပ်အမာ (Helmlet) ဆောင်းရမည်ဟူသော ဥပဒေကို ဥပမာပေးထားသည်။ ဆိုင်ကယ်မှောက်လျှင် သေဆုံးသူအများစုမှာ ဦးခေါင်းနှင့်ကတ္တရာလမ်းရိုက်မိပြီး ဦးခေါင်းဒဏ်ရာ (Head Injury)ကြောင့် ဖြစ်ပြီး ထိုသေဆုံးမှုကို သိုင်းကြိုးကောင်းကောင်းပတ်၍ ဦးထုပ်ဆောင်းရုံမျှဖြင့် ကောင်းစွာကာကွယ်နိုင်သဖြင့် ဥပဒေချမှတ်ထားခြင်းဖြစ်သည်ဟု ပညာဖြင့်ဆင်ခြင်သုံးသပ်မှသာလျှင် ယာဉ်ထိန်းရဲရှိရှိ၊ မရှိရှိ ဥပဒေကိုလိုက်နာပြီး အကျိုးများနိုင်ပေသည်။

ထို့ကြောင့် ဉာဏ်ပညာသည် အလွန်အရေးကြီး၏။ မည်သည့်ဥပဒေရှိသည်ဟူသော subject matter ကိုတော့ သိရမည်။ မည်သည့်အတွက်ကြောင့် လိုက်နာရမည်ဟူသော ဆက်စပ်တွေးခေါ် ဆင်ခြင်သုံးသပ်မှသာလျှင် "ပညာ" ဖြစ်ပြီး ဥပဒေစိုးမိုးရေးအောင်မြင်မည်။ ဥပဒေစိုးမိုးမှသာ နိုင်ငံတော်အေးချမ်းသာယာပေမည်။

ဗုဒ္ဓ၏တရားတော်တွေမှာ သေနည်းသာမက နေနည်းတွေအများကြီး ညွှန်ပြထားသည်။ ထိုနည်းများကိုသိရန် တရားနာရမည်။ တရားနာလျှင် သုတရမည်။ ထိုသုတသည် subject matter ဖြစ်သည်။ ထိုသုတအပေါ် အခြေခံပြီး နေ့စဉ်တွေ့ကြုံလှုပ်ရှားကျင်လည်နေရသော လူ့ဘဝမှာ ဆက်စပ်တွေးခေါ် ဆင်ခြင်သုံးသပ် ပြုမူမှသာလျှင် "ပညာ"နှင့် နေထိုင်ခြင်းဖြစ်ပြီး တစ်ဦးချင်း အေးချမ်းမည်။ တစ်မိသားစုလုံး၊ တစ်ရပ်ကွက်လုံး၊ တစ်မြို့လုံး၊ တစ်နိုင်ငံလုံး အေးချမ်းကြပေမည်။

"ပညာ" မရှိလို့ကတော့ ဘယ်လောက် ပညာတတ်တွေများများ၊ ဘယ်လောက် ယဉ်ကျေးလိမ္မာသင်တန်းတွေဖွင့်ဖွင့် လိမ္မာယဉ်ကျေး အေးချမ်းကြမည် မဟုတ်ပေ။ ထပ်မံရှင်းလင်းပြပါရစေ။ တက္ကသိုလ်ကြီးတွေ မဖွင့်ရဘူး၊ ယဉ်ကျေးလိမ္မာသင်တန်းတွေ မဖွင့်ရဘူးဟု ဆိုလိုသည်မဟုတ်ပါ။ ထို subject matter တွေကို သင်ကိုသင်ရမည်။ နာကိုနာရမည်။ ထိုသို့သိထားသော subject matter တွေကိုအခြေခံပြီး စဉ်းစားသိမြင် အသုံးချတတ်မှသာ "ပညာရှိ" အဆင့်ကို တက်လှမ်းနိုင်ပေမည်။

တုန္နိုင်းမရသော သိစရာမှန်သမျှကို အကုန်အစင်သိတော်မူသော ပညာရှင်ကြီး မြတ်စွာဘုရားက "ပညာ နရာနံ ရတနံ - ပညာသည် လူ့လောကမှာ တန်ဖိုးအရှိဆုံးရတနာဖြစ်သည်"ဟု ဟောကြားခဲ့သည်။ မြတ်စွာဘုရား၏ တရားတော်များနှင့် အနီးစပ်ဆုံးဖြစ်သော မြန်မာပြည်သူပြည်သားတို့သည် သင်ယူဆည်းပူးထားသော အချက်အလက်များကိုအခြေခံ၍ ဆက်စပ်တွေးတောကာ ဆင်ခြင်သိမြင်နိုင်ကြပြီး အမှန်လမ်းကို ရွေးချယ်လျှောက်လှမ်းနိုင်ကြပါစေ။ ။

## စာပေဗိမာန် စာပေ့ဝန်၊ ကျေပွန်စွာထမ်း မဟောတမ်း

❖ "အမှောင်ခွင်း၍ အလင်းဆောင်အံ့"
ခံ့ထည်ဝင့်ကြွား၊ ဆောင်ပုဒ်အားဖြင့်
နားမျက်စိတွေ၊ ပွင့်ပါစေဟု
မြန်ပြေ(ပြည်) ကောင်းကျိုး
စဉ်သယ်ပိုးသည်၊ မြတ်နိုးဖွယ်ရာ
"မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း"。。 တည့်။

❖ တစ်ကိုးလေးခွန်၊ ရက်မွန်နှစ်ဆယ့်ခြောက်
ဩဂုတ်ရောက်သော်၊ ထမြောက်အောင်မြင်
စတင်ဖွဲ့စည်း၊ အသင်းကြီးကား
မြန်ပြည်သားတို့၊ မချို့ပညာ
လင်းရောင်ဖြာ၍၊ ကမ္ဘာနှင့်အမီ
တိုးတက်စည်အောင်
ကြံဆောင်သယ်ပိုး၊ သူ့တန်ဖိုးတည့်။

❖ ကောလိပ်ဂျုပ်ဆင်၊ စတင်ဖွင့်လှစ်
ယာယီဖြစ်မှ၊ အသစ်တစ်ဖန်
ဆိုရန်တိုပီ၊ ဆောက်အုံဆီသို့
ဦးတည်ရွှေ့ရာ၊ ထိုချိန်ခါ၌
သညာနိမိတ်၊ စာပေဗိမာန်
ကုသိုလ်လျှံကဲ၊ စာပေဖွဲ့ဖြင့်
ပြည့်သည်းပမာ၊ လုပ်ကျွေးရှာသည်
စဉ်လာကောင်းမြတ်၊ သူ့ဂုဏ်ဒြပ်တည့်။

❖ ဆိုရန်တိုပီ၊ ဆောက်အုံဆီမှ
ကုန်သည်လမ်းနှင့်၊ သင့်မြတ်သုံးခွန်
နေရာမွန်၌၊ ဝန်ကြီးချုပ် "နု"
အုတ်မြစ်ပြုရာ၊ ရတုခါမူ
ဇူနှစ်ဆယ့်ခြောက်၊ ကျရောက်ငါးသုံး
ဆိုထုံးမှတ်တမ်း၊ သူ့ဇာတ်လမ်းတည့်။

❖ ထို့နောက်တွင်ကား၊ ငါး。。。 ငါးလုံးစု
ဇေယျတုတွင်၊ "ဦးနု" ကိုယ်တိုင်
ပြည့်မဏ္ဍိုင်ကို၊ ကြံ့ခိုင်စေကြောင်း
သပြေလောင်းကာ၊ ဖွင့်လှစ်ပါသည်
စဉ်လာကြီးမား၊ သူ့စွမ်းအားတည့်။

❖ စာပေဗိမာန်၊ စာပေဝန်တာ
ကျေစွာရွက်ထမ်း၊ မဟောတမ်းတည့်
စာတမ်းဖတ်ပွဲ၊ ဝှဲချီးကျင်းပ
ဟောပြောကြနှင့်၊ ယှူဆနီးနော
စာသဘောတို့၊ ပြည့်မနောတွင်
စိမ့်ဝင်စေလျက်၊ သက်ရှယ်မရွေး
စိတ်အစာကျွေးရန်၊ ရွှေသွေး。。。 သုတ
မကထိုပြင်၊ စာစဉ်လက်စွဲ
အမြဲထုတ်လုပ်၊ နှစ်ချုပ်စွယ်စုံ
စာမျိုးစုံကို၊ ပုံမှန်ဝေဖြန့်
မြန်ပြေ (ပြည်) နှံ့ဆီ၊ သူ့ဂုဏ်ရည်တည့်။

❖ နနယ်ပျို့မျစ်၊ ကလောင်သစ်များ
"မွေးဖွားသန့်စင်၊ ရန့်လွှင်စေ
စာပေစင်မြင့်၊ အသွင်တင့်စေ
မြင့်မြတ်ဆောင်ခွင့်၊ ကလောင်ဝင့်စေ"
ထောက်ချင့်သာလွန်၊ စေတနာမွန်ဖြင့်
ထူးချွန်စာမူ၊ ရွေးချယ်ယူကာ
စာမူမှသည်၊ စာအုပ်ဆီသို့
စီမံထုတ်လုပ်၊ သူ့ဂုဏ်ပုဒ်တည့်။

❖ အမျိုးသားစာပေ၊ စံမီဖွေရှာ
ပညာရှင်များ၊ လေးပါးဂတိ
မကပ်ငြိဘဲ၊ ရရှိသင့်သူ
ဆုယူနိုင်ရေး၊ ရွေးချယ်ပေးသည်
လေးစားဖွယ်ရာ၊ သူ့သိက္ခာတည့်။

❖ ဩော်。。。မြန်ပြည့်သည်းကျော်၊ ဗိမာန်တော်ကား
မွေးဖွားသည်မှ၊ ခုကာလတိုင်
ရွေးမှုမယိုင်၊ ပြည့်မဏ္ဍိုင်သို့
ကြံ့ခိုင်လှစွာ၊ မြင့်မြတ်စွာလျှင်
စာပေ့တာဝန်၊ မြဲကျေပွန်သည်
မွန်မြတ်စဉ်လာ မပျက်တည်း။
ကမ္ဘာတည်သရွေ့ ခိုင်လိမ့်တည်း။ ။

မောင်မင်္ဂလာ

ငါးငါးလုံးစု = ၁၉၅၅ ခုနှစ် မေလ (၅) ရက် ကြာသပတေးနေ့တွင် စာပေဗိမာန်အဆောက်အအုံသစ် ဖွင့်လှစ်ခြင်း။

[မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း (စာပေဗိမာန်) နှစ် (၇၀) ပြည့်မြောက်ခြင်းကို ကြိုဆိုဂုဏ်ပြုလျက်]

## ပွင့်လင်းမြန်မာ့ရှေ့ဆောင်၏ ပျောက်ဆုံးနေသောဥပဒေအကြောင်းအရာနှင့် စပ်လျဉ်း၍ ထုတ်ပြန်ကြေညာချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ရုံး**
**ထုတ်ပြန်ကြေညာချက်အမှတ်(၁/၂၀၁၇)**
**၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်**
**(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်)**

**ပွင့်လင်းမြန်မာ့ရှေ့ဆောင်၏ ပျောက်ဆုံးနေသောဥပဒေအကြောင်းအရာနှင့် စပ်လျဉ်း၍ ထုတ်ပြန်ကြေညာချက်**

၁။ ပွင့်လင်းမြန်မာ့ရှေ့ဆောင် (Open Myanmar Initiative-OMI) သည် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လထုတ် လွှတ်တော်ရေးရာသုတေသနစာစဉ်အမှတ် (၃) စာမျက်နှာ ၁၇ တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး **"ပျောက်ဆုံးနေသောဥပဒေ"**ခေါင်းစဉ်ဖြင့် ပုံနှိပ်ဖြန့်ချိခြင်း၊ ၃-၈-၂၀၁၇ ရက်တွင် သတင်းမီဒီယာများအားဖိတ်ကြား၍ သုတေသနစာတမ်းမိတ်ဆက်ပွဲပြုလုပ် ရှင်းလင်းခြင်း၊ MNTV နှင့် The Speaker ဂျာနယ်တို့တွင် ထုတ်လွှင့်ဖော်ပြခြင်း၊ ပွင့်လင်းမြန်မာ့ရှေ့ဆောင်၏ လူမှုကွန်ရက်အင်တာနက် စာမျက်နှာ Facebook Page တွင် ထပ်မံဖော်ပြခြင်းများပြုလုပ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၂။ ယင်းဥပဒေကြမ်းတွင် **"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၁၁ တွင်ပါရှိသော ရွေးကောက်ပွဲဆိုင်ရာပါတီစည်းရုံးရေးလုပ်ငန်းဆိုသည့် စကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်းဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်"** ဟူသော ပြင်ဆင်ချက်တစ်ပိုဒ်သာပါရှိပြီး နိုင်ငံတော်သမ္မတ၏ **"ပါတီဟူသောစကားရပ်ကို ချန်လှပ်ရန် မသင့်ကြောင်း"**သဘောထားမှတ်ချက်အတိုင်း ပြည်ထောင်စုလွှတ်တော်၌ အတည်ပြုဆုံးဖြတ်ခဲ့မှုအရ ဥပဒေအဖြစ် ထုတ်ပြန်ရန်မလိုခဲ့သည့် ဥပဒေကြမ်းတစ်ခုဖြစ်ပါသည်။

၃။ သို့သော် ပွင့်လင်းမြန်မာ့ရှေ့ဆောင်သည် အဆိုပါဥပဒေကြမ်းအတွက် ဆောင်ရွက်မှုလုပ်ငန်းစဉ်ကို ဂယနဏ သိရှိအောင် လေ့လာဆန်းစစ်ခြင်းမပြုဘဲ အထက်အပိုဒ် ၁ ပါအတိုင်း ပြုမူဆောင်ရွက်ခဲ့ခြင်းသည် ဥပဒေပြုရေးတာဝန်ထမ်းဆောင်နေသည့် လွှတ်တော်အသီးသီးအပေါ် မထိမဲ့မြင်ပြုရာရောက်သည့်အပြင် ပြည်သူများကလည်း အမှန်ကိုမသိရှိဘဲ လွှတ်တော်များအပေါ် ယုံကြည်မှုကို ထိခိုက်စေနိုင်ကြောင်း သုံးသပ်ရပါသည်။

၄။ သို့ဖြစ်၍ ပွင့်လင်းမြန်မာ့ရှေ့ဆောင်အနေဖြင့် သတင်းစာရှင်းလင်းပွဲပြန်လည်ပြုလုပ်၍ အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး မှားယွင်းထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့မှားယွင်းခဲ့မှုအတွက် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်ရုံးသို့ တောင်းပန်စာပေးပို့မည်ဖြစ်ကြောင်း ရှင်းလင်းထုတ်ပြန်ပေးရန်နှင့် ၇ ရက်အတွင်း ရှင်းလင်းဆောင်ရွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ပွင့်လင်းမြန်မာ့ရှေ့ဆောင်သို့ အကြောင်းကြားထားကြောင်း ထုတ်ပြန်အပ်ပါသည်။

အမိန့်အရ

(ပုံ) ကျော်စိုး
ညွှန်ကြားရေးမှူးချုပ်

## တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံအတွက် H1N1 ကာကွယ်ဆေးနှင့် ဆက်စပ်ဆေးကိရိယာများလှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံအတွက် H1N1 ကာကွယ်ဆေးနှင့် ဆက်စပ် ဆေးကိရိယာများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဧည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထောက်ပံ့လှူဒါန်းသည့် ကာကွယ်ဆေးများ၊ ရောဂါကာကွယ်ရေးဝတ်စုံများ၊ အသက်ရှူအားကူကိရိယာများစသည့် H1N1 ကာကွယ်ဆေးနှင့် ဆက်စပ်ပစ္စည်းများ စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ သန်းကျော်ခန့်အား ထောက်ပံ့လှူဒါန်းခြင်းကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်တို့ လက်မှတ်ရေးထိုးပြီး လွှဲပြောင်းလက်ခံဆောင်ရွက်ခဲ့ကြသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ကောင်စစ်ဝန် Mr. Xia Guanxiang၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် H1N1 ကာကွယ်ဆေးနှင့် ဆက်စပ်ဆေးကိရိယာများသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့နံနက် ၉ နာရီ ၇ မိနစ်တွင် စင်းလုံးငှား အထူးလေယာဉ်ဖြင့် ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေး ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၄**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖူးကျောင့်နှင့်အဖွဲ့အား ယနေ့ညနေ ၄ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများဆိုင်ရာ ကိစ္စရပ်များတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား လွှတ်တော်ချင်း၊ အစိုးရချင်း၊ ပြည်သူချင်း ဆက်ဆံရေးများ ပိုမိုခိုင်မာစွာ တည်ဆောက်ရေး၊ ကဏ္ဍစုံ၊ ဘက်ပေါင်းစုံမှ ခိုင်မာသောနည်းလမ်းများဖြင့် အမြင်များဖလှယ်၍ မိတ်ဖက်ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော် အမြဲတမ်းကော်မတီများမှ ဥက္ကဋ္ဌများ၊ အမျိုးသားလွှတ်တော် မြန်မာ-ဗီယက်နမ် လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်း ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

**စာမျက်နှာ ၅ မှ ●**

ပြည်ထောင်စုဝန်ကြီးများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ စဉ်ဆက်မပြတ်သွားရောက်၍ ဒေသလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဒေသခံပြည်သူများအတွက် လိုအပ်သည့် စားနပ်ရိက္ခာများ၊ လယ်ယာသုံး စက်ကိရိယာများ၊ ငွေကြေးများ အပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များကို ကူညီထောက်ပံ့ပေးခြင်း၊ ကျေးရွာလမ်း၊ တံတားနှင့် စာသင်ကျောင်းများဆောက်လုပ်ပေးခြင်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နိုင်ရေးအတွက် စိုက်ပျိုးစရိတ်များ အချိန်မီထုတ်ပေးခြင်း၊ ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိရေးအတွက် အမျိုးသမီးအိမ်တွင်းမှု အသက်မွေးပညာသင်ကျောင်းများမှ အခြေခံသင်တန်းနှင့် အဆင့်မြင့်သင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ ဝေးလံခေါင်ဖျားကျေးရွာများတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာ ဆရာမများအတွက် လုံခြုံစိတ်ချစွာသွားလာနိုင်ရေးနှင့် နေရာထိုင်ခင်း စီစဉ်ဆောင်ရွက်ပေးခြင်းတို့အပြင် ဝန်ကြီးဌာနအသီးသီးမှ မိမိတို့နှင့်သက်ဆိုင်သည့် လုပ်ငန်းများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တပ်မတော်နယ်မြေခံဆေးတပ်ရင်းများမှလည်း ကျေးရွာအရောက်ကွင်းဆင်း၍ ဒေသခံပြည်သူများအား နယ်လှည့်ဆေးကုသမှု စသည့်ကျန်းမာရေးစောင့်ရှောက်ပေးမှုများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ်အနောက်ဘက်ရှိ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဆက်စပ်နေသည့် မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ ရသေ့တောင်မြို့နယ်များသို့ တစ်ဖက်နိုင်ငံမှ အစ္စလာမ်ဘာသာဝင်များ တရားမဝင် ဝင်ရောက်လာမှုမရှိစေရေး၊ နယ်စပ်ဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ကို ဖွဲ့စည်းပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမျိုးသားမှတ်ပုံတင်နှင့်နိုင်ငံသားဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနတို့ဖြင့် ပူးပေါင်းဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

အမှတ် (၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ တာဝန်ယူရသည့် နယ်မြေတွင် မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ်တို့ပါဝင်ပြီး အမှတ်(၁)နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့၏ ကွပ်ကဲမှုအောက်တွင် ဒေသ ၄ ခု၊ နယ်မြေ ၁၁ ခု သတ်မှတ်ထားပြီး နယ်မြေရုံး ၁၁ ရုံး၊ နယ်မြေရဲစခန်း ၁၂ ခု၊ ကင်းစခန်း ၉၅ ခု၊ ချောင်းဝကင်းစခန်း ၂၇ ခု၊ နယ်စပ်ခြံစည်းရိုးကင်းစခန်း ၁၂ ခု၊ စုစုပေါင်း ၁၅၇ နေရာအား နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့အောက်ရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ၄ ခုမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ဖြစ်ပွားပြီးနောက် အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့သည် နယ်မြေရုံး ၁၁ ရုံး၊ နယ်မြေရဲစခန်း ၁၂ ခု၊ ကင်းစခန်း ၁၂၉ ခု၊ ချောင်းဝကင်းစခန်း ၂၇ ခု၊ နယ်စပ်ခြံစည်းရိုးကင်းစခန်း ၁၂ ခု၊ စုစုပေါင်း ၁၉၁ နေရာအား နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့အောက်ရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ၄ ခုအပြင် အမှတ်(၈)၊ အမှတ်(၁၂)နှင့် အမှတ်(၂၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲတို့ကို ထပ်မံအင်အားဖြည့်တင်းပြီး တပ်မတော်နှင့်ပူးပေါင်း၍ နယ်မြေလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့အနေဖြင့်လည်း မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်များရှိ ရုံး၊ ရဲစခန်းများတွင် အင်အားထပ်မံ ဖြည့်တင်းခဲ့ပါကြောင်း၊ မောင်တောဒေသတွင်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်နှင့် ဆက်စပ်ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ၂၀၁၇ ခုနှစ် ဩဂုတ် ၁၆ ရက်ထိ စုစုပေါင်း ၄၆၆ မှု ဖမ်းဆီးအရေးယူခဲ့ပြီး တရားရုံးစစ်ဆေးပြီး ၁၁၆ မှု၊ တရားရုံးစစ်ဆေးဆဲ ၁၄၇ မှု၊ ရဲစစ်ဆေးဆဲ ၁၈၀ မှုနှင့် ပိတ်သိမ်းမှု ၂၃ မှု တို့ဖြစ်ပါကြောင်း။

ဒေသအတွင်းရှိ တိုင်းရင်းသားကျေးရွာများနှင့် အစွန်အဖျားကျေးရွာများတွင် အကြမ်းဖက်တိုက်ခိုက်မှုမခံရစေရေးအတွက် ရွာအနီးပတ်ဝန်းကျင်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ဖြန့်ခွဲထားပြီး ချေမှုန်းရေးလက်နက်၊ ပစ်ကူလက်နက်၊ အဓိကရုဏ်းလက်နက်များ မျှတစွာခွဲဝေထားသည့်အပြင် စခန်းတစ်ခုနှင့်တစ်ခု စက်ကူ၊ ပစ်ကူအပြန်အလှန်ပေးနိုင်ရေး စီမံဆောင်ရွက်ထားပြီး အကြမ်းဖက်သမားများ၏ သတင်းရရှိမှုအပေါ် မူတည်၍ နယ်မြေရှင်းလင်းဆောင်ရွက်ရာတွင် နီးစပ်ရာတိုင်းရင်းသားကျေးရွာများသို့ ဝင်ရောက်ခိုအောင်းနိုင်မှုမရှိစေရေး ကြိုတင်စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

အကြမ်းဖက်အဖွဲ့များ မသင်္ကာဖွယ်အခြေအနေတွေ့ရှိပါက ကြိုတင်လက်ဦးမှုရယူကာ အသင့်ပစ်ခတ်ရှင်းလင်းရေး၊ တိုင်းရင်းသားကျေးရွာများ အကြမ်းဖက်မခံရစေရေးအတွက် လုံခြုံရေးရဲကင်းများချထားလျက်ရှိသော်လည်း အချို့ရဲကင်းမရှိသော ကျေးရွာများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ စဉ်ဆက်မပြတ်သွားရောက်၍ အလှည့်ကျစနစ်ဖြင့် လှည့်ကင်း၊ ဝပ်ကင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသခံတိုင်းရင်းသားများ ဘဝလုံခြုံမှုရှိစေရေးအတွက် လုံလောက်သောအင်အားဖြင့် လုံခြုံရေးဆောင်ရွက်ခြင်းနှင့် သတင်းပေးတိုင်ချက်များရှိလာပါက တာဝန်ကျေသဘောမျိုးမဟုတ်ဘဲ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထား၍ ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ်တွင် လုံခြုံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော်လည်း မောင်တောခရိုင်အတွင်း နိုင်ငံတော်အစိုးရအနေဖြင့် တည်ဆဲဥပဒေစည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်နေသည်ကို အခွင့်ကောင်းယူကာ အစွန်းရောက်အကြမ်းဖက်များက အကြမ်းဖက်လုပ်ရပ်များကို ပိုမိုလုပ်ဆောင်လာသည့်အတွက် ဥပဒေနှင့်အညီ ထိထိရောက်ရောက် နှိမ်နင်းသွားမည်ဖြစ်ကြောင်း၊ အပြစ်မဲ့အရပ်သားပြည်သူများကို အကာအကွယ်ပေးနိုင်ရေးအတွက် လုံခြုံရေးတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အစွန်းရောက် အကြမ်းဖက်သမားများနှင့် အားပေးကူညီသူများကိုလည်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုအားမှတ်တမ်းတင်သင့်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူရာတွင် အဆိုအား အတည်ပြုရန် ထောက်ခံသည့် ဆန္ဒမဲပေါင်း(၁၅၀)၊ ကန့်ကွက်သည့် ဆန္ဒမဲပေါင်း(၂၃၂)မဲနှင့် ကြားနေဆန္ဒမဲပေါင်း(၆)မဲဖြစ်ပြီး ကန့်ကွက်သည့် ကိုယ်စားလှယ်ဦးရေများသည့်အတွက် ယင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်ခဲ့သည်။ **ကျော်သူထက်၊ မွေးကြူဇင်(သတင်းစဉ်)**

## မူးယစ်ဆေးဝါး ကာကွယ်တားဆီးရေး အသိပညာပေးဟောပြော

**ဆားလင်းကြီး ဩဂုတ် ၂၄။** ။ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့ ဆားထုံးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် မူးယစ်ဆေးဝါးကာကွယ်တားဆီးရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၃ ရက်က ပြုလုပ်ခဲ့သည်။ ရှေးဦးစွာမြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးဌေးဝင်းက မူးယစ်ဆေးဝါး၏မကောင်းမှုနှင့် ဆိုးကျိုးများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက်မြို့နယ်ဥပဒေအရာရှိ ဒေါ်ခိုင်ဇာသွင်က မူးယစ်ဆေးဝါးသုံးစွဲခြင်း၏မကောင်းမှု ဆိုးကျိုးနှင့်ပြစ်ဒဏ်ကြခံရမှုအကြောင်းပြောကြားကာ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ဥမ္မာက စာအုပ်စာပေဖတ်ရှုခြင်းအားဖြင့် စဉ်းစားဆင်ခြင်နိုင်မှုရှိကာ အသိပညာဗဟုသုတရရှိနိုင်ကြောင်း ပြောကြားပြီး မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်ရေး လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သိရသည်။ **အောင်သီဟ(ဆားလင်းကြီး)**

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူးအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်း



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး မစ္စတာငုယင်ဖူးကျောင့် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဩဂုတ် ၂၄**
နေပြည်တော်၌ ရောက်ရှိနေသည့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာငုယင်ဖူးကျောင့် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီးတို့က ယနေ့ညပိုင်းတွင် နိုင်ငံတော်သမ္မတအိမ်တော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲ မစတင်မီ နိုင်ငံတော်တီးဝိုင်းက ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းတို့ဖြင့် ဂုဏ်ပြုတီးမှုတ်ကြသည်။

ညစာစားပွဲတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး မစ္စတာငုယင်ဖူးကျောင့်တို့က နှုတ်ခွန်းဆက်စကားပြောကြားကြပြီး ညစာကိုအတူတကွသုံးဆောင်ကြသည်။

နိုင်ငံတော်သမ္မတဦးထင်ကျော်က ပြီးခဲ့သည့် ဆယ်စုနှစ်လေးခုအတွင်း ဗီယက်နမ်သည် မြန်မာနိုင်ငံ၏ ယုံကြည်အားထားရသည့် မိတ်ဖက်အဖြစ် အမြဲတစေရှိနေခဲ့ပါကြောင်း။ ယင်းအခွင့်အလမ်းနှင့်အတူ ဒေသတွင်းနှင့် နိုင်ငံတကာ နယ်ပယ်တွင် မြန်မာနိုင်ငံကို အမြဲတစေပံ့ပိုးကူညီခဲ့သည့် ဗီယက်နမ်ကို အထူးပင်ကျေးဇူးတင်ရှိသည်ဟု ဖော်ပြလိုပါကြောင်း၊ ဗီယက်နမ်အနေဖြင့် လာမည့်အနာဂတ်တွင်လည်း မြန်မာနိုင်ငံကို ဆက်လက်ကူညီနိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း။

ဗီယက်နမ် ခရီးစဉ်အတွင်း အဆွေတော်နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံအကျိုးစီးပွားနှင့်ဆိုင်သည့် ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခွင့်ရသည့်အတွက် ကျေးဇူးတင်ရှိကြောင်းလည်း ပြောကြားလိုပါကြောင်း။ နှစ်နိုင်ငံအကြား အပြန်အလှန်ဆက်ဆံရေးကို ဘက်စုံပူးပေါင်းဆောင်ရွက်မှုမိတ်ဖက်အဆင့်အထိ မြှင့်တင်ရန် ဆုံးဖြတ်ထားကြသည့်အတွက် အဆွေတော်၏ ယခုမြန်မာခရီးစဉ်သည် အမှန်တကယ် သမိုင်းတွင်ခဲ့ပါကြောင်း။

ယင်း အခွင့်အလမ်းနှင့်အတူ ဗီယက်နမ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ တွန်းအားဖြစ်သည့် ၁၉၈၆ ခုနှစ် Doi Moi နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုကို စတင်ခဲ့သည့် ဗီယက်နမ်ခေါင်းဆောင်များကို ချီးကျူးဂုဏ်ပြုလိုပါကြောင်း။

အဆွေတော်၏ ဦးဆောင်မှုအောက်တွင် ဗီယက်နမ်နိုင်ငံသည် အရှေ့တောင်အာရှ ဒေသတွင် ထွန်းသစ်စအဖြစ်ဆုံး နိုင်ငံတစ်နိုင်ငံအဖြစ် ဆက်လက်ဖွံ့ဖြိုးတိုးတက်နိုင်လိမ့်မည်ဟု မိမိယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်မည့် အခွင့်အလမ်းများစွာရှိနေသည်ဟု အခိုင်အမာယုံကြည်ပါကြောင်း။

ယင်း အခွင့်အလမ်းများနှင့်အတူ အဆွေတော်အနေဖြင့် နှစ်နိုင်ငံပြည်သူများ အကျိုးရှိစေမည့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများကို အစိုးရနှင့်ပုဂ္ဂလိက ကဏ္ဍများတွင် ဆက်လက်ကူညီပံ့ပိုးပေးရန် မေတ္တာရပ်ခံလိုပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် နှစ်နိုင်ငံအကြား ချစ်ခင်ရင်းနှီးမှုမြှင့်တင်ရန် ဒေသတွင်းသာမက နိုင်ငံတကာ၌ပါ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေး မြှင့်တင်ရန် ဗီယက်နမ်နှင့်အတူ နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် ခိုင်မာသည့် သန္နိဋ္ဌာန်ချမှတ်ထားကြောင်းလည်း ထပ်လောင်းပြောကြားလိုပါကြောင်း ပြောကြားသည်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာငုယင်ဖူးကျောင့်က မြန်မာနိုင်ငံသားများ၏ဧည့်ဝတ်ပျူငှာစွာ ကြိုဆိုမှုအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ အနာဂတ်မြန်မာနိုင်ငံ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ရရှိစေရေးအတွက် ဗီယက်နမ်နိုင်ငံမှ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံသည် အချင်းချင်း ယုံကြည်နားလည်မှုကို အခြေခံကာ ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထိုသို့ပူးပေါင်းဆောင်ရွက်ရန် ဗီယက်နမ်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒတွင် ဦးစားပေးထည့်သွင်းထားပါကြောင်း၊ နှစ်နိုင်ငံပြည်သူချင်း ဆက်ဆံရေးကို အလေးထားပြီး ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၌ ကုန်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသွားရန် ရှိပါကြောင်း၊ နှစ်နိုင်ငံ ပြည်သူအချင်းချင်း ဆက်ဆံမှုမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်မှု ရရှိရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် နှစ်နိုင်ငံ ယုံကြည်နားလည်မှုရှိသော ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်များကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထို့အပြင်ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း နှစ်နိုင်ငံအတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ညစာစားပွဲအပြီးတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး မစ္စတာငုယင်ဖူးကျောင့် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတအိမ်တော် သဘင်ဆောင်၌ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများ၊ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**(သတင်းစဉ်)**

❒

## ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး မစ္စတာငုယင်ဖူးကျောင့် နေပြည်တော်သို့ ချစ်ကြည်ရေးခရီးရောက်ရှိ

**နေပြည်တော် ဩဂုတ် ၂၄**
ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာငုယင်ဖူးကျောင့်သည် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးအဖြစ် ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး မစ္စတာငုယင်ဖူးကျောင့်နှင့်အဖွဲ့အား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့်တာဝန်ရှိသူများက လေဆိပ်တွင်ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**



### ❂ ရခိုင်ပြည်နယ်ဆိုင်ရာမှ

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ကြိုးပမ်းဆောင်ရွက်ချက်များကို အသိအမှတ်ပြု ကျေးဇူးတင်ပါကြောင်း ပြောကြားပြီး အစီရင်ခံစာပါ အကြံပြုချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဦးခင်မောင်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၂၄။** ။ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် နှစ်ပေခန့်နှင့် ညောင်ဦးမြို့တွင် သုံးပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ပေဝက်ခန့်စီ ကျဆင်းနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်ခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခွဲခန့်စီ ဆက်လက်မြင့်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးက ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာအပေါ် ထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၂၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးက ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာအပေါ် ထုတ်ပြန်ကြေညာချက်အား ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည်။ ယင်းထုတ်ပြန်ကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး**
**ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာအပေါ် ထုတ်ပြန်ကြေညာချက်**
**(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်)**

၁။ ရခိုင်ပြည်နယ်အတွက် ရှေ့ဆက်ဆောင်ရွက်သင့်သည့် အပြုသဘောဆောင်သည့် နည်းလမ်းများ ရှာဖွေနိုင်ရန် ဆက်လက်ကြိုးပမ်းအားထုတ်ပေးခဲ့ကြသည့် ဥက္ကဋ္ဌ ဒေါက်တာကိုဖီအာနန်နှင့်တကွ ကော်မရှင်အဖွဲ့ဝင်များအားလုံးကို ကျေးဇူးဥပကာရအထူးပင်တင်ရှိပါသည်။

၂။ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်က အသိအမှတ်ပြုထားပြီးဖြစ်သည့်အတိုင်း ရခိုင်ပြည်နယ်၏ အခြေအနေသည် လွန်စွာမှပင် ရှုပ်ထွေးနက်နဲလှပြီး အချိန်တိုတိုအတွင်း ဖြေရှင်းယူ၍မရနိုင်ပါ။ ကာလရှည်ကြာ ဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျခဲ့ပြီး အဆင်းရဲဆုံးသော ပြည်နယ်တစ်ခုဖြစ်နေခြင်းကြောင့် ပြဿနာဖြေရှင်းရာတွင် စိန်ခေါ်မှုများ ပိုမိုမြင့်မားလာစေခဲ့သည်။ မကြာသေးသောကာလများအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ ပြန်လည်ဖြစ်ပွားလာသည်ကို စိတ်မကောင်းဖွယ်ရာ တွေ့မြင်ခဲ့ရပြီး ဖြေရှင်းရန်ခက်ခဲနေခဲ့ရသော အခြေအနေကို မီးလောင်ရာလေပင့်သည့်နှယ် ပိုမို၍ ဆိုးရွားလာစေရန် အပြင်ဘက်မှ စွက်ဖက်သည့် အဖျက်အမှောင့်များလည်း တွေ့မြင်နေရသည်။

၃။ ဤသို့သောအခြေအနေတွင် ကော်မရှင်၏ လက်တွေ့ကျပြီး ရေရှည်အကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များကို ကြိုဆိုပါသည်။ ကော်မရှင်၏အစီရင်ခံစာနှင့်အကြံပြုချက်များကို ပကတိ မြေပြင်အခြေအနေပေါ်မူတည်၍ အပြည့်စုံဆုံးနှင့် အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရန် အလေးအနက်ထားစဉ်းစားသွားမည်ဖြစ်သည်။ မကြာခင် သီတင်းပတ်များအတွင်း အကောင်အထည်ဖော်ဆောင်ရေးဆိုင်ရာ လမ်းပြမြေပုံတစ်ခု ချမှတ်နိုင်ရန်လည်း မျှော်လင့်ထားသည်။

၄။ အမြန်ဆုံးဖော်ဆောင်သည့် ခြေလှမ်းတစ်ရပ်အနေဖြင့် ကောင်မရှင်၏ အကြံပြုချက်များကို တာဝန်ယူကာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပြည်ထောင်စုဝန်ကြီးအဆင့် ဦးဆောင်သည့် ကော်မတီသစ်တစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်သည်။ ဤကော်မတီသစ်တွင် သက်ဆိုင်ရာဝန်ကြီးဌာနအားလုံးမှ ကိုယ်စားလှယ်များ ပါဝင်စေမည်ဖြစ်ပြီး အကြံပြုချက်များအား အကောင်အထည်ဖော်မှု အခြေအနေများအပေါ် ကြီးကြပ်ရန်နှင့် တိုးတက်မှုများ အစီရင်ခံတင်ပြရန် တာဝန်ယူဆောင်ရွက်စေမည်ဖြစ်သည်။

၅။ ကော်မတီအသစ်ကို ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးဘုတ်အဖွဲ့တစ်ဖွဲ့ဖြင့် အထောက်အကူပြုသွားမည်ဖြစ်သည်။ ယင်းဘုတ်အဖွဲ့တွင် မြန်မာနိုင်ငံသားများ၊ ဒေသတွင်းနှင့် နိုင်ငံတကာမှ ကျွမ်းကျင်သူများ ပါဝင်စေမည်ဖြစ်သည်။ ယင်းဘုတ်အဖွဲ့သည် ကော်မတီအသစ်၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာ၌ အထောက်အကူပြုစေနိုင်မည့် ပြင်ပရှုထောင့်များနှင့် အကြံဉာဏ်များကို ပံ့ပိုးပေးမည်ဖြစ်သည်။

၆။ အထက်ပါ ကော်မတီအသစ်နှင့် အကြံပေးဘုတ်အဖွဲ့တို့နှင့်စပ်လျဉ်း၍ အသေးစိတ် အချက်အလက်များကို ပြုစုလျက်ရှိပြီး မကြာမီ ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည်။

၇။ နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွက် ဆက်လက်လျှောက်လှမ်းမည့် လမ်းကြောင်းတစ်ရပ်ရှာဖွေနိုင်ရန် အလေးအနက်ထား ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံ့တာဝန် စတင်ရယူချိန်မှစတင်၍ ရခိုင်ပြည်နယ်အတွင်း တရားဥပဒေ စိုးမိုးရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးစားပေးဆောင်ရွက်ခဲ့သည်။

၈။ ဆက်လက်ဆောင်ရွက်ဖွယ်ရာများ ကျန်ရှိနေသေးသော်လည်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်းက ထုတ်ပြန်ခဲ့သည့် ကြားဖြတ်အစီရင်ခံစာပါ အကြံပြုချက်အများအပြားကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး တိုးတက်မှုများ ရရှိနေပြီဖြစ်သည်။

(က) ရွှေ့လျားဆေးပေးခန်းအသစ်များဖြင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခဲ့သည်။ စာသင်ကျောင်းများကို အဆင့်မြှင့်တင်ပေးခဲ့ပြီး အသက်မွေးဝမ်းကျောင်းပညာနှင့် နည်းပညာဆိုင်ရာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

(ခ) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့် ရာနှင့်ချီသော ဒေသခံပြည်သူများအတွက် အလုပ်အကိုင်သစ်များ၊ အခွင့်အလမ်းအသစ်များ ဖန်တီးပေးခဲ့သည်။ ဒေသတွင်း၌ အလုပ်အကိုင်အသစ်များနှင့် စီးပွားရေးလုပ်ငန်းအသစ်များ ဆောင်ကြဉ်းစေနိုင်မည့် အထူးစီးပွားရေးဇုန် အသစ်တစ်ခု တည်ဆောက်ရေးဆိုင်ရာ ဖြစ်နိုင်ခြေအခြေအနေများကို လေ့လာဆန်းစစ် သုံးသပ်လျက်ရှိသည်။

(ဂ) အခြေခံအဆောက်အအုံအသစ်များ ပေါ်ထွန်းလာရေးအတွက် လျှပ်စစ်ဓာတ်အား တိုးမြှင့်ရရှိရေးနှင့် လမ်း၊ တံတားအသစ်များ တည်ဆောက်ရေးတို့ကို ဆောင်ရွက်ပေးခဲ့သည်။ မူလက သင်္ဘောဖြင့်သာ သွားလာနိုင်သော ဝေးလံခေါင်ဖျားသည့် ဒေသများအား ဆက်သွယ်ပေးသည့် အဝေးပြေးလမ်းမအသစ် တည်ဆောက်ပေးခဲ့သည်။

(ဃ) ဘာသာပေါင်းစုံ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဘာသာရေးဆိုင်ရာ သဟဇာတဖြစ်မှုနှင့် မတူကွဲပြားသည့် လူမှုအသိုက်အဝန်းများအကြား ဆက်ဆံမှုကောင်းမွန်ရေးတို့ မြှင့်တင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ စာသင်ကျောင်းများတွင် ကိုယ်ကျင့်တရား၊ ပြည်သူ့နီတိနှင့် ငြိမ်းချမ်းရေးတို့ကို အလေးပေးသည့် သင်ရိုးညွှန်းတမ်းအသစ်တစ်ခု စတင်သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

(င) ရခိုင်ပြည်နယ်အတွင်း နိုင်ငံသား အစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား ထုတ်ပေးရေးလုပ်ငန်းစဉ် ပိုမိုထိရောက်အောင်မြင်စေမည့် မဟာဗျူဟာတစ်ရပ်နှင့် အချိန်ဇယားဖော်ထုတ်နိုင်ရန် လည်းကောင်း၊ ဒုက္ခသည်စခန်းများ ပိတ်သိမ်းနိုင်မည့် မဟာဗျူဟာတစ်ရပ် ဖော်ထုတ်နိုင်ရန်လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။ ဒုက္ခသည်စခန်းသုံးခုကို ပိတ်သိမ်းနိုင်ခဲ့ပြီး ယင်းဒုက္ခသည် စခန်းများအနီးတွင် အိမ်ရာအသစ်များဆောက်လုပ်ပေးခဲ့သည်။

(စ) ဥရောပသမဂ္ဂ၊ ကုသလမဂ္ဂအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့များအား လူ့အခွင့်အရေး၊ ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးနှင့် လိင်အခြေခံသည့် အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာစသည့် နယ်ပယ်များတွင် လေ့ကျင့်ရေးနှင့် စွမ်းရည်မြှင့်တင်ရေးအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ပေးလျက်ရှိသည်။

၉။ ရခိုင်ပြည်နယ်အတွင်းရှိ နေသူအားလုံးအတွက် ကောင်းမွန်သည့်လမ်းကြောင်းတစ်ရပ် ရှာဖွေရာတွင် နေ့ချင်းညချင်းဖြေရှင်းနိုင်မည်မဟုတ်သည့် အခက်အခဲများရှိနေသည်ကိုလည်း အသိအမှတ်ပြု လက်ခံရန်လိုအပ်ပေမည်။ ရခိုင်ပြည်နယ်ရှိ အသိုင်းအဝိုင်းများအကြား စိတ်နေစိတ်ထားခံယူချက်များ ပြောင်းလဲလာစေရန်နှင့် ယုံကြည်မှုတည်ဆောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ သို့မှသာ သည်းခံမှု၊ လေးစားမှုများမှတစ်ဆင့် တည်ငြိမ်အေးချမ်းမှု ဖြစ်ထွန်းလာမည်ဖြစ်သည်။ ဤသို့သော အခြေအနေတွင် ရခိုင်ပြည်နယ်အရေးကိစ္စ ပိုမိုဆိုးရွားသွားစေမည့် မီးလောင်ရာလေပင့်ခြင်းများကို ရှောင်ကြဉ်ပြီး ပြဿနာဖြေရှင်းရေးကို အလေးထားအာရုံစိုက်ကြရန် အရေးကြီးပါကြောင်း ထုတ်ပြန်အပ်ပါသည်။

## ✪ ရခိုင်ပြည်နယ်မှ

ဘာသာရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ၏ နိုင်ငံတကာနှင့် ဒေသတွင်းမိတ်ဖက်နိုင်ငံများအပြင် ကျွမ်းကျင်ပညာရှင်များနှင့်လည်း တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပါကြောင်း၊ ကော်မရှင်၏ အပြီးသတ်အစီရင်ခံစာတွင် ပါဝင်သော အကြံပြုချက်များသည် ယင်းသို့ တွေ့ဆုံဆွေးနွေးမှုများမှရရှိလာသည့် အချက်အလက်များကိုအခြေခံ၍ ရေးသားထားခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ယနေ့ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ထုတ်ပြန်သည့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာ အဓိကအချက်များနှင့် အကြံပြုချက်များ အကျဉ်းချုပ်တွင် ရခိုင်ပြည်နယ်၏ လူမှုစီးပွားရေးဖွံ့ဖြိုးမှု၊ နိုင်ငံသားဖြစ်မှု၊ လွတ်လပ်စွာသွားလာခွင့်၊ နိုင်ငံရေးကဏ္ဍနှင့် လူ့အဖွဲ့အစည်းများတွင် ကိုယ်တိုင်ပါဝင်မှုနှင့် ကိုယ်စားပြုမှု၊ IDP ကိစ္စရပ်များ၊ ယဉ်ကျေးမှုဆိုင်ရာဖွံ့ဖြိုးမှု၊ လူ့အဖွဲ့အစည်းများအကြား ပေါင်းစည်းရေး၊ လူ့အဖွဲ့အစည်းအားလုံး၏ လုံခြုံရေး၊ ဘင်္ဂလားဒေ့ရှ်နှင့်နှစ်နိုင်ငံဆက်ဆံရေးနှင့် ကော်မရှင်၏ အကြံပြုချက်များအား အကောင်အထည်ဖော်ခြင်းတို့ ပါဝင်သည်။

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာပါ အကြံပြုချက် အကျဉ်းချုပ်ကို မစ္စတာကိုဖီအာနန်က ရှင်းလင်းပြောကြားရာတွင် မရှိမဖြစ်လိုအပ်သည့် အခြေခံဝန်ဆောင်မှုများကို အကန့်အသတ်ဖြင့် ရရှိနေမှုများအပါအဝင် ပြည်နယ်တွင်း လူမှုစီးပွားဖွံ့ဖြိုးမှု နိမ့်ကျနေခြင်းများကိုလည်း ထည့်သွင်းအကြံပြုထားကြောင်း၊ လိုအပ်သည့် စိစစ်ရေးကတ်များမရှိခြင်းနှင့် လွတ်လပ်စွာခရီးသွားလာနိုင်မှုမရှိခြင်းတို့ကြောင့် မိမိကိုယ်ကို ကာကွယ်နိုင်စွမ်းမရှိဟုခံစားနေရသည့် မူဆလင်အသိုင်းအဝိုင်းနှင့် ပတ်သက်၍လည်း ထည့်သွင်းရေးသားထားပါကြောင်း။

ထို့ကြောင့် မူဆလင်အသိုင်းအဝိုင်းအနေဖြင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ စိုးရိမ်မှုများရှိသော်လည်း ထိုစိုးရိမ်မှုများကို အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်ဖြေရှင်းရန် မိမိအနေဖြင့် တောင်းဆိုလိုပါကြောင်း။

နိုင်ငံသားဖြစ်တည်မှုနှင့် လွတ်လပ်စွာသွားလာခွင့် ကိစ္စရပ်များနှင့် ပတ်သက်သည့် အကြံပြုချက်များအပေါ် ရခိုင်ပြည်သူလူထုအနေဖြင့် စိုးရိမ်နေမှုများရှိနေသည်ကို မိမိတို့ ကောင်းစွာသိရှိထားသော်လည်း ချန်လှပ်ထားမည်ဆိုပါက နောက်ပြန်လှည့်၍မရသည့် ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ရနိုင်မည်ကို မိမိတို့အနေဖြင့် ယုံကြည်၍ဖြစ်ပါကြောင်း၊ အစီရင်ခံစာတွင် မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်ခြင်း အပါအဝင် နယ်စပ်လုံခြုံရေး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်ပတ်သက်၍ နှစ်နိုင်ငံဆက်ဆံရေးကိုလည်း အကြံပြုထားပါကြောင်း။

မိမိတို့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်သည် အပြီးသတ်အစီရင်ခံစာတင်သွင်းခြင်းနှင့်အတူ တာဝန်ဝတ္တရားများ ပြီးဆုံးပြီဖြစ်၍ အစီရင်ခံစာပါ အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန်မှာ မြန်မာနိုင်ငံရှိ သက်ဆိုင်ရာခေါင်းဆောင်များ၊ အဖွဲ့အစည်းများ၊ ပြည်သူများ၊ ပြည်ထောင်စုအစိုးရနှင့် ရခိုင်ပြည်နယ်အစိုးရ၊ ပြည်ထောင်စုနှင့် ပြည်နယ်အဆင့်ရှိလွှတ်တော်များ၊ ဘာသာရေးနှင့် လူ့အဖွဲ့အစည်းခေါင်းဆောင်များနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူတို့၏ တာဝန်သာဖြစ်ပါကြောင်း။

လုပ်ငန်းများကို လွယ်ကူချောမွေ့စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးနှင့် လုပ်ငန်းအကောင်အထည်ဖော်မှု အခြေအနေကိုစောင့်ကြည့်နိုင်ရန်နှင့် လိုအပ်သည့် ယန္တရားကိုဖော်ဆောင်သွားရန် အစိုးရကိုအကြံပြုထားပါကြောင်း၊ တပ်မတော်နှင့် အခြားလုံခြုံရေးရဲတပ်ဖွဲ့များသည် ရခိုင်ပြည်နယ်အတွက် ကောင်းမွန်သောအနာဂတ်ကိုတည်ဆောက်ရာတွင် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်သည်မှာ ထင်ရှားပါကြောင်း။

ရခိုင်ပြည်နယ်သည် ရှုပ်ထွေးသည့်နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး စိန်ခေါ်မှုများကို ကြုံတွေ့နေရပြီး အဆိုပါစိန်ခေါ်မှုများကို ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်နှင့် ဒေသအဆင့်မှ အရပ်ဘက်နှင့် စစ်ဘက်တာဝန်ရှိသူများ၏ ရေရှည်ပူးပေါင်းကြိုးပမ်းမှုဖြင့်သာ ကျော်လွှားနိုင်မှာဖြစ်ပါကြောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့်လည်း ရခိုင်ပြည်နယ်ကိစ္စ ရှေ့ဆက်လှမ်းနိုင်ရေးအတွက် လိုအပ်သည့် နိုင်ငံတွင်းကြိုးပမ်းအားထုတ်မှုများကိုခိုင်မာ ရက်ရောပြီး ဘက်မလိုက်သည့် အခန်းကဏ္ဍကနေ ဆက်လက်ပါဝင်သင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းရာ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာကိုဖီအာနန်နှင့် အဖွဲ့ဝင်များက ပြန်လည်ဖြေကြားသည်။

နိုင်ငံတကာအချက်အလက်ရှာဖွေရေးအဖွဲ့၏ လုပ်ဆောင်ချက်နှင့်ကိုဖီအာနန်ကော်မရှင်၏ လုပ်ဆောင်ချက်တို့နှင့်စပ်လျဉ်း၍ မေးခွန်းကို မစ္စတာကိုဖီအာနန်က ဖြေကြားရာတွင် "နိုင်ငံတကာအချက်အလက်ရှာဖွေရေးအဖွဲ့နဲ့ ကော်မရှင်ရဲ့လုပ်ငန်းတာဝန်လုပ်ကိုင်ခွင့်ကမတူဘူး။ အချက်အလက်ရှာဖွေရေးအဖွဲ့ရဲ့ လုပ်ငန်းတာဝန်နဲ့ပတ်သက်ပြီးပြောရမယ်ဆိုရင် ကျွန်တော်တို့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ရဲ့ လုပ်ငန်းတာဝန်တွေကရှင်းပါတယ်။ အကြံပေးကော်မရှင်အနေနဲ့က ရခိုင်ပြည်နယ်အခြေအနေကိုသုံးသပ်ပြီး ရခိုင်ပြည်နယ်အစိုးရ၊ ရခိုင်ပြည်နယ်သူပြည်နယ်သားများက ပဋိပက္ခဖြစ်တာတွေကို ကိုင်တွယ်နိုင်ပြီး အတူတကွ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ပြီးတော့ ငြိမ်းချမ်းရေး၊ ကြွယ်ဝချမ်းသာရေး၊ သဟဇာတဖြစ်ရေးစတာတွေ အထောက်အကူဖြစ်ဖို့ အကြံပြုချက်တွေ ပေးဖို့ဖြစ်ပါတယ်။ လူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ ရန်ပြုမှုတွေကို စုံစမ်းစစ်ဆေးဖို့လုပ်ငန်းတာဝန်ပဲ မဟုတ်ပါဘူး။ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီရဲ့အချက်အလက်ရှာဖွေရေးလုပ်ငန်း တာဝန်ကတော့ လူ့အခွင့်အရေးကိစ္စရပ်တွေကို လေ့လာစုံစမ်းဖို့ ဖြစ်ပါတယ်၊ ဒီလိုကွာခြားမှုရှိပါတယ်"ဟု ဖြေကြားသည်။

၁၉၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေနှင့်ပတ်သက်၍ အကြံပြုချက်များ အကောင်အထည်ဖော်ရန် မည်မျှအထိအကောင်းမြင်ပါသလဲ မေးခွန်းနှင့် ပတ်သက်ပြီး မစ္စတာ ကိုဖီအာနန်က ဖြေကြားရာတွင် "နိုင်ငံသားဖြစ်မှု ဥပဒေဆိုင်ရာအကြံပြုချက်တွေ အကောင်အထည်ဖော်ခြင်းနဲ့ ပတ်သက်လို့ အကောင်းမြင် ဘယ်လောက်ရှိသလဲဆိုတာနဲ့ပတ်သက်လို့ကတော့ ကျွန်တော်တို့ဥပဒေနဲ့ ပတ်သက်လို့ အကြံပြုထားတာတွေရှိပါတယ်။ နိုင်ငံသားဖြစ်မှု၊ လွတ်လပ်စွာသွားလာနိုင်မှု၊ နိုင်ငံသားဖြစ်မှုစိစစ်ရေး ဒါတွေကရှုပ်ထွေးတဲ့ကိစ္စရပ်တွေဖြစ်ပါတယ်။ သို့သော်လည်းအလွန်အရေးကြီးတဲ့ ကိစ္စရပ်တွေဖြစ်ပါတယ်။ ဒါကိုအဓိကထားပြီးတော့ အကြံပြုချက်တွေကိုလည်း ဖော်ထုတ်ပြီးတော့ တင်ပြထားပါတယ်။ ဒီအကြံပြုချက်တွေက အထောက်အကူဖြစ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ စနစ်တကျ အကောင်အထည်ဖော်လိုက်ရင် တော်တော်များများ ပုံမှန်ပြန်အနေအထားဖြစ်သွားနိုင်တယ်။ စာရွက်စာတမ်းများရှိပြီးတော့ တရားဝင်ဖြစ်သွားနိုင်တယ်။ ဒီလိုအနေအထားဖြစ်ဖို့ ကျွန်တော်တို့ အကြံပြုထားပါတယ်။ မြန်မာနိုင်ငံမှာ အခုအချိန်မှာ နိုင်ငံမဲ့အရေအတွက်က ကမ္ဘာမှာအများဆုံးတောင် ဖြစ်နေပါတယ်။ ဒီအခြေအနေကဆက်ပြီးသွားဖို့မသင့်တော်တဲ့အခြေအနေပါ။ ဒီအကောင်အထည်ဖော်မှုနဲ့ပတ်သက်ပြီးတော့ အကြံပေးကော်မရှင်က အကောင်းမြင်ပါတယ်။ အကောင်အထည်ဖော်နိုင်အောင်လည်း တတ်နိုင်သမျှကြိုးပမ်းအားထုတ်သွားဖို့ လုပ်ဆောင်နေတယ်လို့ ပြောကြားလိုပါတယ်"ဟု ဖြေကြားသည်။

ကော်မရှင်၏ အကြံပြုချက်အတိုင်း ဆောင်ရွက်နိုင်ရန် မည်မျှအထိ ယုံကြည်မှုရှိသလဲ၊ လုံလောက်တဲ့အတိုင်းအတာရှိသည်ဟု ယူဆထားသလား မေးခွန်းနှင့်ပတ်သက်၍ မစ္စတာကိုဖီအာနန်က "ကျွန်တော်တို့ အကြံပြုချက်တွေကရိုးသားပြီးတော့ အပြုသဘောဆောင်တဲ့ အကြံပြုချက်တွေကို ဖော်ထုတ်ပြီးတော့ တင်ပြထားပါတယ်။ အကောင်အထည်ဖော်တဲ့နေရာမှာလည်း ရိုးသားစွာနဲ့ အပြုသဘောအကောင်အထည်ဖော်သွားမယ်လို့ ယူဆပါတယ်။ ဒါဆိုရင်တော့ ရခိုင်ပြည်နယ်သူ ပြည်နယ်သားများရော ရခိုင်ပြည်နယ်အတွက်ရော အထောက်အကူဖြစ်လိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ။ ဒီတင်းမာမှုတွေ ထပ်ပြီးတော့ဖြစ်လာတာနဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်ဒီမနက်ပဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့လည်း ဆွေးနွေးခဲ့တာရှိပါတယ်။ လုံခြုံရေးအခြေအနေကဖြစ်လာပြီဆိုရင်တော့ ဒါကိုကိုင်တွယ်ရမှာဖြစ်ပါတယ်။ သို့သော်လည်း လုံခြုံရေးအချက်တွေ ကိုင်တွယ်ရာမှာ တော့ အဓိကထားရမှာက ပြဿနာဖြစ်နေတဲ့သူတွေကို အဓိကထားကိုင်တွယ်ပြီးတော့ အပြစ်မဲ့နိုင်ငံသားတွေဘဝနေထိုင်မှုအပေါ်မှာ ထိခိုက်မှုမရှိအောင်လို့ ကြိုးပမ်းဆောင်ရွက်ရမှာပဲ ဖြစ်ပါတယ်။

**စာမျက်နှာ ၁၀ သို့ ✱**

# တပ်မတော်အနေဖြင့် ရခိုင်ဒေသအရေးကိစ္စအား စဉ်ဆက်မပြတ် စဉ်းစားသုံးသပ်လုပ်ဆောင်နေ

**နေပြည်တော် ဩဂုတ် ၂၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကိုဖီအာနန် ဦးဆောင်သော အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရခိုင်ပြည်နယ်အရေးသည် အားလုံးက စိတ်ဝင်စားသည့် ကိစ္စရပ်ဖြစ်ကြောင်း၊ "ကျောက်ထက်အက္ခရာတင်"ဆိုသည့် မြန်မာ့ဆိုရိုးစကားနှင့်အညီ စာဖြင့်မှတ်တမ်းတင်ခြင်းသည် ပိုမိုလေးနက်မှုရှိကြောင်း၊ မှားယွင်း၍မရဘဲ မှန်ကန်ရန်လိုကြောင်း၊ တပ်မတော်အနေဖြင့် ရခိုင်ဒေသအရေးကိစ္စအား စဉ်ဆက်မပြတ် စဉ်းစားသုံးသပ်လုပ်ဆောင်နေခြင်းဖြစ်၍ မိမိတို့ဆွေးနွေးခဲ့သည့် အချက်အလက်မှားယွင်းမှု၊ မျှတရန်လိုအပ်မှုများကို သုံးသပ်ပြင်ဆင်ရန် အကြံပြုကြောင်း ပြောကြားခဲ့သည်။

မစ္စတာ ကိုဖီအာနန်က ပြဿနာ၏ သဘောသဘာဝကိုသိရှိနိုင်ရန်လေ့လာမှု၊ ပြောဆိုချက်များအား နားထောင်မှုများကိုလည်း အလေးထားလုပ်ဆောင်ခဲ့ကြောင်း၊ ကော်မရှင်၏ အစီရင်ခံစာတွင် ရခိုင်ပြည်နယ်တွင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး၊ ရင်းနှီးမြှုပ်နှံမှုအားပေးမြှင့်တင်ရေး၊ အခြေခံဝန်ဆောင်မှုများရရှိရေးကိစ္စရပ်များကို အကြံပြုထားကြောင်း၊ အဓိကအချက်အနေဖြင့် နိုင်ငံသားစိစစ်မှုနှင့် မှတ်ပုံတင်ပြုလုပ်မှု၊ ရပ်ရွာအသိုင်းအဝိုင်းများကြားတွင် အပြန်အလှန်ဆွေးနွေးပြောဆိုခြင်းဖြင့် တင်းမာမှုများလျော့ပါးပြီး ပြန်လည်သင့်မြတ်မှုများလည်း ပါဝင်ကြောင်း၊ ၎င်းအပြင် နယ်စပ်လုံခြုံရေး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာများကိုလည်း ထည့်သွင်းဖော်ပြထားကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မစ္စတာ ကိုဖီအာနန်၏ မေးမြန်းဆွေးနွေးမှုများနှင့် ပတ်သက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဖြစ်မှုဥပဒေမှာ တည်ဆဲဥပဒေဖြစ်၍ ယင်းဥပဒေနှင့်အညီ လုပ်ဆောင်ရန်လိုအပ်မှု၊ ရခိုင်ဒေသရှိ ဘင်္ဂါလီအားလုံး မှတ်ပုံတင်ရန်လိုအပ်မှု၊ NVC ကတ်သည် ယင်းဘင်္ဂါလီများ၏ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခွင့်ပေးရေးအတွက် ခွဲခြမ်းစိတ်ဖြာရန် အခြေခံလိုအပ်ချက်ဖြစ်မှုကိုလည်းကောင်း၊ လက်ရှိအခြေအနေတွင် ဒေသခံပြည်သူများ အသတ်ခံရခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်း၊ ပျောက်ဆုံးနေခြင်းများရှိနေသဖြင့် ယင်းကိုထိန်းသိမ်းရန်လိုအပ်သကဲ့သို့ ယခုထက် ပိုမိုဆိုးရွားသည့် အရေးအခင်းများ ထပ်မံဖြစ်မလာစေရန် ကြိုတင်ကာကွယ်ရန် လိုအပ်မှု၊ လက်ရှိအခြေအနေသည် လုံခြုံရေးစိတ်ချရမှုမရှိသေးမှု၊ တစ်ဖက်နိုင်ငံနယ်စပ်တွင် လက်နက်ကိုင်အဖွဲ့အစည်းအချို့ရောက်ရှိနေသည့် သတင်းများရရှိထားမှု၊ မေယုတောင်တန်းတွင်လည်း နယ်မြေရှင်းလင်းမှုများ မပြီးပြတ်သေးမှု၊ ဒေသခံများလုံခြုံမှုစိတ်ချရသည်အထိ လုပ်ဆောင်ရန်လိုအပ်မှုကိုလည်းကောင်း၊ သတင်းအဖွဲ့များအား သွားလာခွင့်ပေးထားမှု၊ မှန်မှန်ကန်ကန် ရေးသားရန်သာလိုအပ်မှု၊ တပ်မတော်အနေဖြင့် လူသားချင်းစာနာမှု အကူအညီပေးသည့် လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်လျက်ရှိမှု၊ သို့သော် ၎င်းထောက်ပံ့ရေးပစ္စည်းများအား အကြမ်းဖက်သမားများ၏ စစ်ရေးလေ့ကျင့်ရေးစခန်းများတွင် တွေ့ရှိရခြင်းကိုလည်း စဉ်းစားသုံးသပ်ရန် လိုအပ်မှု၊ ဘူးသီးတောင်၊ မောင်တောဒေသတွင် ပညာရေးကျောင်းများစွာ ဖွင့်လှစ်ပေးထားမှု၊ သို့သော် ၎င်းတို့၏ ဘာသာရေးခေါင်းဆောင်များက အကြောင်းအမျိုးမျိုးပြ၍ သင်ကြားခွင့်မရအောင် ပြုလုပ်ထားမှု၊ စစ်တွေမြို့ရှိ တက္ကသိုလ်များတွင် လာရောက်ပညာသင်ကြားနေသော ဘူးသီးတောင်၊ မောင်တောမှ ဘင်္ဂါလီများရှိမှု၊ ၁၉၈၂ ခုနှစ်၊ နိုင်ငံသား ဖြစ်မှုဥပဒေအရ စိစစ်ပြီးပါက ဥပဒေနှင့်အညီ ပညာရေး၊ ကျန်းမာရေး စသည်ဖြင့် အခွင့်အရေးများ ပိုမိုရရှိနိုင်မှု စသည်ဖြင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■

✱ စာမျက်နှာ ၉ မှ

ဆိုလိုတာကတော့ ပြည်သူလူထု ထိခိုက်မှုမများပြားစေဖို့၊ ဘေးဒုက္ခမရောက်စေဖို့ပဲဖြစ်ပါတယ်။ လိုအပ်တဲ့ လူသားချင်းစာနာတဲ့ ပံ့ပိုးမှု တွေလည်းရရှိနိုင်စေဖို့ အနေအထားတွေလည်း အရေးကြီးပါတယ်။ ကျွန်တော့်အနေနဲ့ စာနယ်ဇင်းမှ ပုဂ္ဂိုလ်များ၊ သတင်းထောက်များလွတ်လပ်စွာသတင်း သွားရောက်ရယူနိုင်ဖို့ တိုက်တွန်းခဲ့ပါတယ်။ ထင်သာမြင်သာရှိဖို့ဆိုတာ အားကောင်းတဲ့နည်းလမ်းတစ်ရပ်ပါ၊ ကျွန်တော်တို့အကြံပြုချက်တွေဟာ လုံခြုံရေးအခြေအနေနဲ့ မဆိုင်ပါဘူး။ ဒါအကောင်အထည်ဖော်နိုင်မှာပဲဖြစ်ပါတယ်"ဟု ဖြေကြားသည်။

နိုင်ငံတော်အစိုးရက အကြံပေးချက်များ အကောင်အထည်ဖော်မှုနှင့် ပတ်သက်ပြီး စောင့်ကြည့်ရန် မည်သူကတာဝန်ယူမှာလဲ မေးခွန်းနှင့်ပတ်သက်၍ မစ္စတာကိုဖီအာနန်က ဖြေကြားရာတွင် "အကြံပြုချက်တွေ အကောင်အထည်ဖော်တာနဲ့ပတ်သက်ပြီး အကောင်းဘယ်လောက်မြင်သလဲဆိုတာနဲ့၊ နောက်ပြီး လုပ်ငန်းဆောင်ရွက်ဖို့ သွားရောက်နိုင်ခွင့် ရ၊ မရ ဒီအပိုင်းမေးမြန်းတာနဲ့ ပတ်သက်ပြီးတော့ ဖြေကြားလိုတာက ပြီးခဲ့တဲ့နှစ် စက်တင်ဘာလမှာ ကော်မရှင်လုပ်ငန်းတွေ စတင်ပါတယ်။ အောက်တိုဘာလမှာ တိုက်ခိုက်မှုတွေစဖြစ်တယ်။ ကြားဖြတ်အစီရင်ခံစာမှာဖော်ပြထားပါတယ်။ အခုလည်းဖော်ပြထားပါတယ်။ ဒီလိုတိုက်ခိုက်မှုတွေဖြစ်ပွားခြင်းဟာ ကျွန်တော်တို့ရဲ့လုပ်ငန်းကို ရှုပ်ထွေးသွားစေပါတယ်။ ဖြေရှင်းချက်တွေရှာဖွေနိုင်မယ့် အကြံပြုချက်တွေကို ဖော်ထုတ်နိုင်အောင်ပိုပြီးတော့ ဆုံးဖြတ်ချက်အခိုင်အမာချမှတ်ထားပါတယ်။ အကြံပြုချက်တွေကို အကောင်အထည်ဖော်နိုင်မယ့် အခွင့်အလမ်းကတော့ ရှိမယ်လို့ ထင်မြင်ယူဆမိပါတယ်။ ဘာကြောင့်လဲဆိုတော့ မနေ့ကအစိုးရဝန်ကြီးတစ်ဖွဲ့လုံးနီးပါးနဲ့ တွေ့ဆုံဆွေးနွေးပြီးတော့ အစီရင်ခံစာအကြောင်းကိုပဲ ချက်ချင်းကိုဆွေးနွေးခဲ့တာဖြစ်ပါတယ်။ အကောင်အထည်ဖော်ဖို့ ကတော့ နိုင်ငံတော်အစိုးရရဲ့ တာဝန်၊ ရခိုင်ပြည်နယ်အစိုးရရဲ့ တာဝန်တွေ ဖြစ်ပါတယ်။ အကောင်အထည်မဖော်ဘူးဆိုတဲ့ အနေအထားမရောက်လောက်ဘူးလို့ ကျွန်တော်မျှော်လင့်ပါတယ်။ အကောင်အထည်မဖော်ဘူးဆိုရင် မြေပြင်အခြေအနေက ယိုယွင်းသွားတဲ့အနေအထားမှာရှိပါတယ်။ ကျဆင်းသွားဖို့ရှိပါတယ်"ဟု ဖြေကြားသည်။

ကော်မရှင်အနေဖြင့် လုပ်ငန်းတာဝန်များကို ပြည့်ပြည့်စုံစုံကောင်းကောင်း မွန်မွန်လုပ်နိုင်အောင် တွေ့ဆုံမေးမြန်းနိုင်ခွင့် ဘယ်လောက်အထိရှိနေပါသလဲ။ အကြံပြုချက်များ၏ သက်ရောက်မှု မည်မျှရှိမည်ဟု မျှော်မှန်းထားသလဲ မေးခွန်းနှင့် ပတ်သက်၍ မစ္စတာကိုဖီအာနန်က ဖြေကြားရာတွင် "ကော်မရှင်ရဲ့ လုပ်ငန်းတာဝန်သည် အကြံပေးပဲဖြစ်ပြီးအရေးယူဆောင်ရွက်တဲ့ အပိုင်းမပါပါဘူး။ နိုင်ငံတော်အစိုးရအနေနဲ့ အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း အကြံပေးချက်တွေကို အကောင်အထည်ဖော်ပေးဖို့ များစွာစီမံပြီးတော့ အကောင်အထည်ဖော်သွားမယ်။ စောင့်ကြည့်လေ့လာစစ်ဆေးသွားမယ်လို့ ပြောကြားချက်တွေရှိပါတယ်။ နိုင်ငံတော်အစိုးရအဖွဲ့ဝန်ကြီးတွေအားလုံးနဲ့ ဆွေးနွေးသွားတာတွေရှိတဲ့အလျောက် အကောင်အထည်ဖော်ဖို့ အလားအလာရှိတယ်ဆိုတာပြောကြားလိုပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ လူသားချင်းစာနာအကူအညီပေးဖို့၊ လိုအပ်နေတဲ့အကူအညီရရှိနိုင်ဖို့၊ လူသားချင်းစာနာတဲ့ အဖွဲ့အစည်းတွေ သွားရောက်ခွင့်ရရှိဖို့၊ စာနယ်ဇင်းကသတင်းထောက်တွေသွားရောက်နိုင်ဖို့ ဆွေးနွေးခဲ့ပါတယ်"ဟု ဖြေကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တွေ့ဆုံမေးမြန်းစဉ် ပြည်သူလူထု ဒုက္ခမရောက်စေချင်ဘူးဆိုသည့် အကြံပြုဆွေးနွေးသည့်အခါ အတိအကျမည်ကဲ့သို့ တုံ့ပြန်သလဲ ဆိုသည့်မေးခွန်းနှင့် ပတ်သက်၍ မစ္စတာကိုဖီအာနန်က "စစ်ရေးချဉ်းကပ်ပုံနဲ့ပတ်သက်ပြီးတော့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ တွေ့ဆုံခဲ့တာရှိပါတယ်။ လုံခြုံရေးရှင်းလင်းဆောင်ရွက်တဲ့အပိုင်းမှာ အရပ်သားတွေ အသက်အန္တရာယ်တွေ မကြုံတွေ့စေဖို့ဆွေးနွေးခဲ့ပါတယ်။ နောက်ပြီး လုံခြုံရေးစစ်ဆင်ရေးတွေ ဆောင်ရွက်တဲ့နေရာမှာ သတ်မှတ်ထားတဲ့ အချိန်ကာလပြီးဆုံးသွားတဲ့အချိန်မှာ ပုံမှန်နေ့စဉ်ဘဝ အကောင်အထည်ဖော်လုပ်ဆောင်သွားနိုင်ဖို့ ဒါတွေဆွေးနွေးဖြစ်ခဲ့ပါတယ်။ ကျွန်တော်သိရှိရသလောက် မကြာသေးမီက တပ်မတော်ဘက်ကနေ ရှင်းလင်းရေးတွေ ဆောင်ရွက်တဲ့နေရာမှာ တောင်ပေါ်ဒေသတွေ၊ တောင်ကြောတွေမှာ ဖြစ်ပြီးတော့ အဲဒီနေရာမှာ အရပ်သားတွေမရှိသလောက်နည်းပါးတယ်ဆိုတာ၊ ထိခိုက်မှုမရှိသလောက် နည်းပါးတယ်ဆိုတာသိရှိရပါတယ်"ဟု ဖြေကြားသည်။

ရခိုင်အရေးကိုအကြံပေးရန် ပြည်ပပညာရှင်များ မပါတာ ကြိုက်သည့်သူများကို ကော်မရှင်အနေဖြင့် ဘယ်လိုများ သတင်းစကားပါးချင်သလဲ မေးခွန်းနှင့်ပတ်သက်၍ မစ္စတာကိုဖီအာနန်က ဖြေကြားရာတွင် "နိုင်ငံခြားကဝင်ရောက်စွက်ဖက်တဲ့သဘော သက်ရောက်၊ မသက်ရောက်ကို အချက်အလက်တွေကို မကြည့်စေလိုကြောင်း ပြောကြားလိုပါတယ်။ အဲဒီတော့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဒီကော်မရှင်ကိုဖွဲ့စည်းဖို့ အကြံပြုတာဖြစ်ပြီးတော့ လွှတ်တော်မှာတင်တယ်။ လွှတ်တော်ကမဲခွဲပြီးတော့မှ လွှတ်တော်မဲအရ ကော်မရှင်ကိုဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ ကော်မရှင်မှာ ပါဝင်သူတွေ၊ အဖွဲ့ဝင်တွေကိုလည်း အခုခုံပေါ်မှာထိုင်နေတဲ့အတိုင်း တွေ့မြင်နိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှ ခြောက်ဦး၊ နိုင်ငံခြားမှသုံးဦးဖြစ်ပါတယ်။ ကျွန်တော်ကတော့ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တာပါ။ ရောနှောပြီးတော့ ပါဝင်နေတာပေါ့လေ။ အဲဒီတော့ ဒါဟာမြန်မာနိုင်ငံကော်မရှင်ဖြစ်ပြီးတော့ နိုင်ငံခြားမှ ပါဝင်ဆောင်ရွက်မှုရှိတယ်။ ဒီလိုမျိုးမြင်သင့်တယ်လို့ ကျွန်တော်မြင်ပါတယ်"ဟု ဖြေကြားသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းမြက ဖြေကြားရာတွင် "ဒီမေးခွန်းနဲ့ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ အင်တာနက်ရီပို့ကိုတင်ပြခဲ့တဲ့ အချိန်ကလည်းပဲ ဒီမေးခွန်းကိုမေးခဲ့ပါတယ်။ အဲဒီတုန်းကလည်း မစ္စတာကိုဖီအာနန်ဖြေခဲ့တာကတော့ အခုဖြေခဲ့သလိုပါပဲ။ နိုင်ငံခြားသားသုံးဦးပါတယ်။ မြန်မာနိုင်ငံက အဖွဲ့ဝင်ခြောက်ဦးပါပါတယ်။ တကယ်တော့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကနေပြီး ဖွဲ့စည်းပေးခဲ့တဲ့အဖွဲ့ဖြစ်ပြီးတော့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကို ပြန်လည်ပြီး အစီရင်ခံရမယ့် အဖွဲ့ဖြစ်တဲ့အတွက်ကြောင့် တကယ်ဆိုလို့ရှိရင် ဒါဟာ မြန်မာကော်မရှင်လို့ပဲသဘောထားရမယ်ဆိုတဲ့ အချက်ကို အရင်ကလည်းဖြေခဲ့သလို အစောတုန်းက မစ္စတာကိုဖီအာနန်ကလည်း ဒီသဘောပဲဖြေကြားသွားတာဖြစ်ပါတယ်။ ဒီနေ့ဆွေးနွေးတဲ့အခါမှာ ဒီမေးခွန်းလေးထပ်ပြီးတော့ ပေါ်လာပါတယ်။ မစ္စတာ ကိုဖီအာနန်က ဒီနေ့မနက်နိုင်ငံခြားရေးဝန်ကြီးဌာနမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ဆွေးနွေးတဲ့အခါမှာ သူပြောကြားတာလေးတစ်ခုကို ကျွန်တော်ထပ်ပြီးတော့ အသိပေးပြောကြားလိုပါတယ်။ မြန်မာနိုင်ငံ ရခိုင်ပြည်ရေးရာကိစ္စ တစ်နှစ်တာနဲ့ပတ်သက်ပြီးတော့ အစီရင်ခံစာရေးသားဖို့ တာဝန်ယူဆောင်ရွက်ခဲ့ရတဲ့အခါမှာ ရခိုင်ပြည်နယ်အနှံ့အပြားအဖွဲ့အစည်း အသီးသီးတို့နဲ့ တွေ့ဆုံဆွေးနွေးပြီးအချက်အလက်တွေကိုလည်း စုဆောင်းခဲ့ရပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ အသက်ဝင်လှုပ်ရှားလာဖို့အတွက် မိမိတို့ကိုယ်ကိုလည်းပဲ မြန်မာစိတ်ဓာတ်လေးတွေဖြစ်ပေါ်လာအောင် မွေးတဲ့အခါမှာ တည်ဆောက်ယူရပါတယ်လို့ မစ္စတာ ကိုဖီအာနန်က ပြောခဲ့ပါတယ်။ တစ်နည်းအားဖြင့်ပြောရမယ်ဆိုလို့ရှိရင် နိုင်ငံခြားသားပါတဲ့အတွက်ကြောင့်မို့လို့ နိုင်ငံခြားအတွက်ကို ဆောင်ရွက်နေတဲ့သဘောမမြင်စေလိုဘဲနဲ့ မြန်မာနိုင်ငံရဲ့ အထူးသဖြင့်ရခိုင်ပြည်နယ်ရဲ့ အကျိုးဖြစ်ထွန်းဖို့အတွက်၊ ရခိုင်ပြည်သူ ပြည်သားတွေကောင်းမွန်ဖို့အတွက်၊ ရေရှည်မှာဖွံ့ဖြိုးတိုးတက်မှုရဖို့အတွက်၊ ရခိုင်ပြည်နယ်အတွက် တိုးတက်ရာတိုးတက်ကြောင်းရစေဖို့ စိတ်ဓာတ်မျိုးနဲ့ပဲဆောင်ရွက်နေတဲ့ အဖွဲ့ဖြစ်တယ်ဆိုတာကို တင်ပြပြောကြားလိုပါတယ်"ဟု ဖြေကြားသည်။

ရခိုင်ပြည်နယ်အကြံပေးကော်မရှင်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ညွှန်ကြားချက်ဖြင့် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး အကြံပေးကော်မရှင်အနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ လူမှုအဖွဲ့အစည်းများအားလုံး၏ လက်ရှိအခြေအနေကိုဆန်းစစ်လေ့လာရန်၊ အကြမ်းဖက်မှု၊ အိုးမဲ့အိမ်မဲ့ဖြစ်ကာနေရပ်စွန့်ခွာမှုများနှင့် ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးမှုနိမ့်ကျရခြင်းကို ဖြစ်ပေါ်စေသည့် အခြေခံအကြောင်းအချက်များကို ရှာဖွေတင်ပြရန် ဖြစ်သည်။

> "ရခိုင်ပြည်နယ်အကြံပေးကော်မရှင်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ညွှန်ကြားချက်ဖြင့် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး အကြံပေးကော်မရှင်အနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ လူမှုအဖွဲ့အစည်းများအားလုံး၏ လက်ရှိအခြေအနေကို ဆန်းစစ်လေ့လာရန်၊ အကြမ်းဖက်မှု၊ အိုးမဲ့အိမ်မဲ့ဖြစ်ကာနေရပ်စွန့်ခွာမှုများနှင့် ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးမှုနိမ့်ကျရခြင်းကို ဖြစ်ပေါ်စေသည့် အခြေခံအကြောင်းအချက်များကို ရှာဖွေတင်ပြရန်ဖြစ်"

ရခိုင်ပြည်နယ်အတွင်းနေထိုင်သူအားလုံး၏ လူမှုဘဝပိုမိုကောင်းမွန်လာရေးအတွက် အကြံပြုချက်များ အဆိုပြုနိုင်ရန် နိုင်ငံတော်အစိုးရကကော်မရှင်ကို ပြည်တွင်းပညာရှင်ခြောက်ဦး၊ နိုင်ငံတကာပညာရှင်သုံးဦး စုစုပေါင်း ကိုးဦးဖြင့် ဖွဲ့စည်းထားပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း နိုဘယ်လ်ဆုရှင် မစ္စတာ ကိုဖီအာနန်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏အဖွဲ့ဝင်များတွင် ပြည်တွင်းပညာရှင်များအဖြစ် ဦးဝင်းမြ(မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်-ဥက္ကဋ္ဌ)၊ ဒေါက်တာသာလှရွှေ(မြန်မာနိုင်ငံကြက်ခြေနီအသင်း-နာယက)၊ ဦးအေးလွင်(ငြိမ်းချမ်းမေတ္တာအဖွဲ့တည်ထောင်သူ)၊ ဒေါ်စောခင်တင့်(ရခိုင်စာပေနှင့်ယဉ်ကျေးမှုအသင်းရန်ကုန်-ဥက္ကဋ္ဌ)၊ ဒေါက်တာမြသီတာ(သားဖွား၊ မီးယပ်ပညာအဖွဲ့-ဥက္ကဋ္ဌ)၊ ဦးခင်မောင်လေး(မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်-အဖွဲ့ဝင်)တို့ပါဝင်သည်။ ပြည်ပပညာရှင်များအဖြစ် မစ္စတာကိုဖီအာနန်၊ Ms.Laettia van den Assum (နယ်သာလန်နိုင်ငံ၏ အထူးသံတမန်)နှင့် Mr.Ghassansalame(လက်ဘနွန်နိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဟောင်း)တို့ပါဝင်သည်။

ရခိုင်ပြည်နယ်အကြံပေးကော်မရှင်အဖွဲ့သည် အပြီးသတ်အစီရင်ခံစာကို ဩဂုတ် ၂၃ ရက်က နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့တင်သွင်းခဲ့ပြီး အစိုးရအနေဖြင့် အရေးတကြီးဆုံးဖြတ်ရမည့် ကိစ္စရပ်များအတွက် ကြားဖြတ်အစီရင်ခံစာအကြံပြုချက်များကိုလည်း ၂၀၁၇ ခုနှစ် မတ် ၁၆ ရက်က နိုင်ငံတော်အစိုးရထံသို့ တင်သွင်းခဲ့သည်။

**(သတင်းစဉ်)**

# တနိုင်းမြို့ရှိ စစ်ဘေးရှောင်စခန်း လေးခုအား ဆန်နှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

**တနိုင်း ဩဂုတ် ၂၄**

(၈၈)မျိုးဆက်အဖွဲ့နှင့် ကချင်ပြည်နယ် မဲဆန္ဒနယ်များမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တို့က တနိုင်းမြို့ပေါ်ရှိ စစ်ဘေးရှောင်စခန်း လေးခုသို့ ဆန်နှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဩဂုတ် ၂၃ ရက်က ထောက်ပံ့လှူဒါန်းခဲ့ခြင်းဖြစ်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာနမှ အလှူငွေကျပ် ၅၈ သိန်း၊ (၈၈) မျိုးဆက်အဖွဲ့မှ ဆန်အိတ် ၆၀၀၊ ကချင်ပြည်နယ် မဲဆန္ဒနယ်သုံးခုမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်သုံးဦးတို့က ဆန်အိတ် ၂၀၀ အပါအဝင် အခြားဆေးဝါး၊ အဝတ်အထည်နှင့် ရိက္ခာခြောက်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း တနိုင်းမြို့နယ် မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနောင်နဂျာတန်က ပြောသည်။

"ကျွန်တော့်အနေနဲ့ လှူဒါန်းချင်လို့ အလှူရှင်ရှာတဲ့အချိန်မှာ (၈၈)မျိုးဆက် (ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)က ကူညီမယ်လို့ ပြောတယ်" ဟု ၎င်းက ပြောသည်။

ဒေသခံများအနေဖြင့် တနိုင်းမြို့နယ်တွင် စစ်ဘေးရှောင်များအဖြစ် နေထိုင်နေကြသည်မှာ သုံးလခန့်ရှိနေပြီဖြစ်ပြီး လက်ရှိ စစ်ဘေးရှောင်ပြည်သူများအတွက် စားဝတ်နေရေး အဆင်ပြေစေရန် လိုအပ်လျက်ရှိနေကြောင်း၊ တနိုင်းမြို့ပေါ်သို့ ပြောင်းရွှေ့နေသူ စစ်ဘေးရှောင်ပြည်သူဦးရေ ၉၀၀ ခန့်ရှိကြောင်း ယင်းစစ်ဘေးရှောင်များအရေး ကူညီဆောင်ရွက်ပေးနေသူများထံမှ သိရသည်။

စစ်ဘေးရှောင် ပြည်သူများမှာ တနိုင်းမြို့နယ်အတွင်းရှိ နမ့်ခမ်ကျေးရွာ၊ အင်္ဂါးဂါးကျေးရွာ၊ ထမ်းပရားကျေးရွာနှင့် ကောင်ရာကျေးရွာတို့မှ ဒေသခံများဖြစ်ကြပြီး တိုက်ပွဲများဖြစ်ပွားနေမှုကြောင့် ပြောင်းရွှေ့တိမ်းရှောင်နေကြသူများဖြစ်သည်။ **(မင်းမင်းဦး)**





# စာပေဗိမာန် နှစ်(၇၀)ပြည့်အထိမ်းအမှတ် စာပေဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၄**

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွားတိုင်းရင်းသားများ၏ ပညာမျက်စိကို ဖွင့်လှစ်ပေးရန် ရည်ရွယ်၍ ၁၉၄၇ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် စတင်ဖွဲ့စည်းခဲ့သော "မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း" (Burma Translation Society) သည် ဩဂုတ် ၂၆ ရက်တွင် နှစ်(၇၀) ပြည့် မြောက်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းကို နောင်တွင် မြန်မာဆန်ဆန် "စာပေဗိမာန်"ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ စာပေဗိမာန်သည် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း၏ ရည်ရွယ်ချက်ကို ထင်ဟပ်ပေါ်လွင်စေသည့် "အမှောင်ခွင်း၍ အလင်းဆောင်အံ့" Light, where Darkness was ဆောင်ပုဒ်နှင့် အသင်းအမှတ်တံဆိပ်တို့ကို ဆက်ခံရုံမျှမက အသင်း၏ရည်ရွယ်ချက်နှင့်အညီ ဘာသာပြန်စာပေဖွံ့ဖြိုးရေး၊ မြန်မာစာပေဖွံ့ဖြိုးရေးတို့ကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

စာပေဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု အစဉ်အလာကောင်းများဖြင့် ပြည့်လျှမ်းနေသော မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း(စာပေဗိမာန်) နှစ်(၇၀)ပြည့်အထိမ်းအမှတ် စာပေဟောပြောပွဲကို အမှတ်(၅၂၉၊ ၅၃၁) ကုန်သည်လမ်းနှင့် (၃၇)လမ်းထောင့်ရှိ စာပေဗိမာန်အဆောက်အအုံ၌ ဩဂုတ် ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)နှင့် ဆရာကြီး ညွန့်ဟံ(ကြူတော)တို့က စာပေရေးရာများ ဟောပြောမည်ဖြစ်၍ စာပေမြတ်နိုးကြသူများ တက်ရောက်အားပေးကြရန် ဖိတ်ကြားထားသည်။

စာပေဗိမာန် နှစ်(၇၀)ပြည့်အထိမ်းအမှတ် မှတ်တမ်းစာအုပ်များကိုလည်း စာပေဗိမာန်စာအုပ်အရောင်းဆိုင်တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

# အကြမ်းဖက်သင်တန်းတက်ရောက်ပြီးသူများရှိကြောင်း သတင်းအရ နယ်မြေစိုးမိုးရေးလုပ်ငန်းဆောင်ရွက် အကြမ်းဖက်မှုများတွင် ပါဝင်သည်ဟုယူဆရသည့် မသင်္ကာသူများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၄**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရသေ့တောင်မြို့နယ် အထက်နန်းရာကျေးရွာနှင့် မောင်တောမြို့နယ် ဇူလကျေးရွာတို့တွင် သတင်းအရ ဝင်ရောက်စစ်ဆေးရာ တုတ်၊ ဓား၊ လှံကိုင်ရွာသားများက အင်အားပြ ဟန့်တားပြီး အကြမ်းဖက်သမားများက တိုက်ခိုက်ရန် ကြိုးစားခဲ့ရာ ဟန့်တားပစ်ခတ်ခဲ့ရပြီး အကြမ်းဖက်မှုများနှင့် ဆက်စပ်သည့် မသင်္ကာသူများ ဖမ်းဆီးရမိကာ ပြန်လည်တိုက်ခိုက်ရန် ကြိုးစားသည့် အကြမ်းဖက်သမားတစ်ဦးအား အသေဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အကြမ်းဖက်သင်တန်း တက်ရောက်ပြီးသူများနှင့် သင်တန်းတက်ရောက်ရန် လိုက်လံစည်းရုံးနေသူများ ရောက်ရှိနေကြောင်း သတင်းအရ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့နှင့် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် တပ်မတော်စစ်ကြောင်းမှ အပြင်စည်းလုံခြုံရေး လိုက်ပါလျက် ယနေ့နံနက် ၆ နာရီတွင် ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် အထက်နန်းရာကျေးရွာသို့ ရောက်ရှိစစ်ဆေးစဉ် ရွာအနောက်မြောက်ဘက်မှ တုတ်၊ ဓား၊ လှံ ကိုင်ဆောင်ထားသူ ၂၀၀ ခန့်က စစ်ဆေးရေးအဖွဲ့အား အင်အားပြ ဟန့်တားခဲ့ကြောင်း၊ ပူးပေါင်းအဖွဲ့က ကျေးရွာအုပ်ချုပ်ရေးမှူးအား ခေါ်ယူ၍ အကြမ်းဖက်မှုနှင့် မသက်ဆိုင်သူများအား အေးချမ်းစွာ စစ်ဆေးခံရန် ပြောဆိုခဲ့ပြီး စစ်ဆေးရေးအဖွဲ့က ကျေးရွာအတွင်း ထပ်မံဝင်ရောက်ရှင်းလင်းခဲ့ရာ နံနက် ၉ နာရီတွင် ရွာတောင်ဘက်လယ်ကွင်းစပ်အနီးမှ အကြမ်းဖက်သမားတို့က တုတ်၊ ဓား ကိုင်ဆောင်၍ ပြန်လည်တိုက်ခိုက်ရန် ကြိုးစားသဖြင့် ခေါင်းဆောင်ဟု ယူဆရသည့် အကြမ်းဖက်သမားတစ်ဦးအား ဟန့်တားပစ်ခတ်ခဲ့ရာ ၎င်းအကြမ်းဖက်သမားအား အသေဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

စစ်ဆေးချက်များအရ သေဆုံးသူမှာ ပန်းကိုင်း၊ အထက်နန်းရာ၊ အောက်နန်းရာ၊ ဘဲလရွာများတွင် တာဝန်ခံလှုပ်ရှားသည့် ARSA အကြမ်းဖက်အဖွဲ့ခေါင်းဆောင် ကိုရမ်ဘန်နာလီ၏ လက်ထောက်၊ အကြမ်းဖက်သမားများ၏ စည်းရုံးရေးတာဝန်ခံနှင့် အကြမ်းဖက် သင်တန်းနည်းပြဆရာ ကာမာလူဆောင်းဆိုသူဖြစ်ကြောင်း၊ သေဆုံးချိန်တွင် အရိုးအသွား သုံးပေခန့်၊ ဖြက် နှစ်လက်မခွဲခန့်ရှိ ဓားရှည်ကိုင်ဆောင်ထားကြောင်း၊ အဆိုပါ ကျေးရွာအတွင်း ထပ်မံစစ်ဆေးဖော်ထုတ်စဉ် အကြမ်းဖက်သင်တန်း တက်ရောက်ပြီးသူနှင့် အကြမ်းဖက်လုပ်ငန်းအတွက် စည်းရုံးနေသူ မသင်္ကာဖွယ် ၂၇ ဦးအား ဖမ်းဆီးရမိခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အသေးစိတ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မောင်တောမြို့နယ် ဇူလကျေးရွာ ခေတ္တအုပ်ချုပ်ရေးမှူးအား အကြမ်းဖက်သတ်ဖြတ်ရာတွင် ပါဝင်ပတ်သက်သည့်သူများအား ဖမ်းဆီးရမိရေးအတွက် ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက ဇူလကျေးရွာနှင့် ရွှေဇား(စေတီပြင်) ကျေးရွာများအတွင်း နယ်မြေစိုးမိုးရေး ဆောင်ရွက်ခဲ့ရာ ဇူလကျေးရွာ၌ ရာဇာဘိလ်ရွာသား ဟာမစ်ဟူစွန်ပါ ၁၆ ဦးနှင့် ရွှေဇားကျေးရွာ၌ ခေါ်ရီတူလာ ရွာသား မာမွတ်အဏ္ဏဝါပါ ခြောက်ဦး၊ စုစုပေါင်း ၂၂ ဦးတို့အား မသင်္ကာသဖြင့် ပြင်ဖြူနယ်မြေစခန်း၌ ခေါ်ယူစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဩဂုတ်၂၃ ရက် ညပိုင်းတွင် ရသေ့တောင်မြို့နယ် အထက်နန်းရာအုပ်စု ပန်းကိုင်းကျေးရွာအတွင်း လှည့်ကင်းဆောင်ရွက်စဉ် အကြမ်းဖက်သင်တန်းတက်ရောက်ခဲ့သည့် ကွင်းဆက်တရားခံ ပန်းကိုင်းကျေးရွာနေ ဆန်နေ့၊ ဆူလ်တန်နှင့် မာမောက်တူဆောင်းတို့ သုံးဦးအား ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း၊ အလားတူ အခြားအကြမ်းဖက်မှုများတွင် ပါဝင်သည်ဟု ယူဆရသည့် မသင်္ကာတရားခံ ၃၄ ဦးအား ဖမ်းဆီးရမိပြီး စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဘူးသီးတောင်မြို့နယ် ကျောင်းတောင်ကျေးရွာမှ ရွာသား(၁)ဦး ပျောက်ဆုံးသည့် နေရာပြမြေပုံ။



ရသေ့တောင်မြို့နယ် အထက်နန်းရွာအုပ်စု၌ လုံခြုံရေးတပ်ဖွဲ့ဝင်များမှ နယ်မြေရှင်းလင်းစဉ် တုတ်၊ ဓားများကိုင်ဆောင်ထားသည့် (၂၀) ဦးခန့်မှ ပြန်လည်ရန်ပြုသဖြင့် အခင်းဖြစ်ပွားသည့် နေရာပြမြေပုံ။



# ပုဗ္ဗသီရိမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၄**

နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ရတနာဒီပရပ်ကွက်အတွင်းရှိ ပြည်သူများအား သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်သည့်အနေဖြင့် ဩဂုတ် ၂၃ ရက် က ရပ်ကွက်အတွင်းရှိ အိမ်ခြေ ၂၅၀ သို့ တစ်အိမ်တက်ဆင်း သွားရောက်၍ ဘုရားပန်းအိုးများ၊ သောက်ရေ၊ သုံးရေအိုးများ၊ ရေလှောင်ကန်များအတွင်း ပိုးလောက်လမ်းပေါက်ပွားမှုရှိ၊ မရှိ စစ်ဆေးပြီး အဘိတ်ဆေးခတ်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သားဖွားဆရာမ ဒေါ်ကေသူရှိန်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အဖွဲ့နှစ်ဖွဲ့ခွဲကာ ဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် အသုံးမပြုတော့သည့် ရေပုံးဟောင်းများ၊ ရေအိုးဟောင်းများ၊ ကား၊ ဆိုင်ကယ် တာယာဟောင်းများကို မြေမြှုပ်စွန့်ပစ်ကြရန်နှင့် သွေးလွန်တုပ်ကွေးရောဂါနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန် အချက်များကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **(ရွှေရဲရင့်)**

# ကျိုင်းတုံမြို့နယ်နှင့် တာချီလိတ်မြို့တို့၌ ခန့်မှန်းကာလတန်ဖိုး သိန်းပေါင်းခြောက်သောင်းကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် သြဂုတ် ၂၄**

မူးယစ်တပ်ဖွဲ့စု(၂၈)ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ညနေ ၃ နာရီခန့်က ကျိုင်းတုံမြို့နယ် နောင်ဖာရဲကင်းရှေ့ လမ်းမပေါ်တွင် ကျော်ဟိန်းဇံ မောင်းနှင်ပြီး သန်းထွန်းလိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ ယာဉ်၏နောက်ခန်း ထိုင်ခုံအံဝှက်အတွင်းမှ အိုက်စ် ၄၀ ကီလိုနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။ ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ ညနေ ၆ နာရီခွဲခန့်က မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ တော်ကော့(အတွင်း)ကျေးရွာနေ အားစန်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်တွင်အိမ်စောင့်ဖြစ်သူ အားကိုင်ဖန်းအား တွေ့ရှိပြီး ခြံဝင်းအတွင်းရပ်ထားသည့် Vigo မော်တော်ယာဉ်၏ အင်ဂျင်စက်ခန်းအတွင်းမှ အိုက်စ် ရှစ်ကီလို၊ Honda Civic မော်တော်ယာဉ်အတွင်းမှ အိုက်စ် ၅၇ ကီလို၊ Mercedes Benz မော်တော်ယာဉ်၏ နောက်ဖုံး အံဝှက် ဝဲ/ယာအတွင်းမှ အိုက်စ် ၄၃ ကီလို၊ အိပ်ခန်းမီးခံသေတ္တာအတွင်းမှ ထိုင်းဘတ်ငွေ သုံးသိန်း၊ မြန်မာငွေကျပ်နှစ်သိန်းနှင့် ဂိုဒေါင်အတွင်းမှ အခြားမော်တော်ယာဉ် လေးစီး၊ ဆိုင်ကယ်နှစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ယနေ့နံနက် ၈ နာရီတွင် အားစန်း၏နေအိမ်မှ သိမ်းဆည်းရမိသော မော်တော်ယာဉ် ခုနစ်စီးအနက် ကျန်မော်တော်ယာဉ်လေးစီးကို ဝပ်ရှော့ဆရာများနှင့် အသေးစိတ်ထပ်မံစစ်ဆေးခဲ့ရာ Lexus မော်တော်ယာဉ်အတွင်းမှ အိုက်စ် ၃၅ ကီလို၊ အက်တက်စီဆေးပြား ၂၉၉၀၀၊ ဘိန်းဖြူဘလောက်တုံး ငါးတုံးနှင့် ဘိန်းဖြူမှုန့် တစ်ထုပ် (စုစုပေါင်းဘိန်းဖြူ အလေးချိန် ၂ ဒသမ ၁ ကီလို )၊ ကက်တမင်း ၁၃၀ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၄၄၀၀၊ CARITON နှင့် 999 စာတန်းပါ ရော်ဘာတံဆိပ်တုံးတစ်ခု၊ ပွိုင့် ၂၂ သေနတ်တစ်လက်၊ ကျည်ကတ်တစ်ခု၊ ပွိုင့် ၂၂ ကျည် ၁၉ တောင့်၊ ပွိုင့် ၄၅ ပစ္စတိုသေနတ်တစ်လက်၊ ကျည်ကတ်တစ်ခု၊ ပွိုင့် ၄၅ ကျည် ငါးတောင့်နှင့် 9 MM LUGER ကျည် ၅၃ တောင့်တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ကျော်ဟိန်းဇံ၊ သန်းထွန်း၊ အားကိုင်ဖန်းနှင့် အားစန်း(ဖမ်းမမိသေး)တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် သြဂုတ် ၂၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ သြဂုတ် ၂၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၇၆ စီး၊ သွင်းကုန် ၃၆၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၈ စီး၊ သွင်းကုန် ၁၅၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ သြဂုတ် ၂၃ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၀ မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈ ဒသမ ၃၁၁ သန်းခန့်) သိမ်းဆည်းရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် သြဂုတ် ၂၃ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ခြောက်ဘီးယာဉ် တစ်စီးကို သတင်းအရ စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Mitsubishi Canter Head Only Without Engine & Frame (6) ဘီး (1U)၊ Nissan Diesel Engine (10000cc)(1U)၊ Nissan Diesel Engine (7000cc) (1U)၊ Diesel Generator Engine(1U)၊ Cardiser Speed Boat (1U)၊ Car Front Axle(1U)၊ Car Rear Axle (1U)၊ ပုလင်းအဖုံး(1×22.5 Kg)(80Pkgs)နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၂၅ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပိတောက်သစ်များ အမြန်လမ်းမှတစ်ဆင့် ဘုရားကြီးတွင် ဖမ်းမိ

**ဘုရားကြီး သြဂုတ် ၂၄**

ပဲခူးတိုင်းဒေသကြီး ဘုရားကြီးမြို့တွင် သြဂုတ် ၂၄ ရက် နံနက်ပိုင်းက တရားမဝင်သစ်များ တင်ဆောင်လာသော ၁၂ ဘီးယာဉ်များအား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မော်လမြိုင်လမ်း မိုင်တိုင်အမှတ် (၆၁/၂)နှင့် (၆၁/၃) အကြားတွင် ရန်ကုန်နှင့် မော်လမြိုင်ဘက်သို့ ဆန့်ကျင်ဘက်ဦးခေါင်းတည်ရပ်တန့်ထားသော နီညိုရောင်/အဝါရောင် (၁၂)ဘီးယာဉ် နှစ်စီး 1J/----၊ 7E/---- နံပါတ်ပြားတပ်ဆင်ထားသော ယာဉ်များအား သတင်းအရ တာဝန်ရှိသူများမှ ဖွင့်ဖောက်စစ်ဆေးရှာဖွေခဲ့ရာ ယာဉ်များပေါ်တွင် တရားမဝင်တင်ဆောင်သယ်ယူလာသော ပိတောက်သစ်ခွဲသားများအားတွေ့ရှိခဲ့ရပြီး ယာဉ်တစ်စီးလျှင် ခန့်မှန်းတန်ချိန် ခြောက်တန်ခန့်ပါရှိကြောင်း သိရသည်။

"ကျွန်တော်တို့က ရပ်ထားတဲ့ကားနှစ်စီးကို မသင်္ကာလို့ သတင်းအရ စစ်ဆေးရာက ကားပေါ်ကနေ ပိတောက်သစ်ခွဲသားတွေ မိတာပါ။ ခုထိတော့တိုင်းတာစစ်ဆေးတုန်းပါ။မိတာကတော့ ရန်ကုန်-မော်လမြိုင်လမ်းမှာပါ။ ခုသိမ်းဆည်းရမိတဲ့သစ်တွေကို ပျဉ်းဥယျာဉ်မှာ တိုင်းတာစစ်ဆေးနေပါတယ်။ ကားသမားက ရပ်ထားတုန်း စစ်ဆေးတွေ့ရှိတာမို့ တစ်ယောက်တော့မိပါတယ်။ မိတဲ့လူရဲ့ ဖော်ထုတ်ချက်အရတော့ တောင်ငူလိပ်သိုဘက်က တင်လာခဲ့တာလို့ပြောပါတယ်" ဟု ပဲခူးမြို့နယ် သစ်တောဦးစီးမှူးရုံးမှ တာဝန်ရှိသူက အတည်ပြုဖြေကြားခဲ့သည်။

အလားတူ သြဂုတ် ၂၄ ရက် နံနက်ပိုင်းကလည်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး အမှတ်(၃)အမြန်လမ်းမကြီးရဲစခန်းအပိုင်တွင် တရားမဝင်သစ်တင်ယာဉ်တစ်စီးအား သစ်များနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **ဖြိုးကိုလင်း(ညောင်ဝိုင်း)**

**သီပေါ သြဂုတ် ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲမြို့နယ် ခိုက်တုံဟုန်းကျေးရွာအနီး မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင် (၉၀/၁-၂)အကြားတွင် သြဂုတ် ၂၄ ရက် နံနက် ၄ နာရီခွဲက မန္တလေးမှ မူဆယ်သို့ ဓာတ်မြေဩဇာအိတ်များတင်ဆောင်၍ ယာဉ်မောင်း သန်းထွန်း (၂၉)နှစ် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်နေသူ မောင်းနှင်သော 7J /---- (၂၂)ဘီးယာဉ်သည် မီးရထားလမ်းရှေ့ သံလမ်းကူးအရောက် အိပ်ငိုက်ပြီး အရှိန်လွန်ကာ တိမ်းမှောက်ခဲ့သည်။

အဆိုပါ ဖြစ်စဉ်ကြောင့် ကျောက်မဲမီးသတ်တပ်ဖွဲ့စခန်းမှ ခရိုင်ဦးစီးအရာရှိ ဦးဇော်မင်းဦး ဦးစီးသော ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသားများက ယာဉ်အတွင်းညပ်ပိသေဆုံးနေသော ယာဉ်နောက်လိုက် အောင်နိုင်ထွန်း ပန်ဟိုက်ရပ် နမ္မတူမြို့နေသူအား ယာဉ်အတွင်းမှ ခဲယဉ်းစွာ ထုတ်ယူခဲ့ကြသည်။

**စိုင်း(သီပေါ)**

# မန္တလေး-မူဆယ်ကားလမ်း မိုင်တိုင်(၉၀/၁-၂)ကြား ၂၂ ဘီးယာဉ်တိမ်းမှောက်



# YBS ခရီးသည်တင်ယာဉ်ပေါ်တက်၍ ခြိမ်းခြောက်ငွေတောင်းသူနှစ်ဦးကို ဖမ်းဆီး



**ရန်ကုန် သြဂုတ် ၂၄**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် မီးခွက်စျေးမှတ်တိုင်တွင် YBS ခရီးသည်တင်ယာဉ်ပေါ်သို့တက်ရောက်ပြီး ယာဉ်မောင်းအား ဝါးတုတ်ဖြင့် ခြိမ်းခြောက်ငွေတောင်းယူသူ အမျိုးသားနှစ်ဦးအား CCTV မှတ်တမ်းအရ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ သြဂုတ် ၂၁ ရက် ည ၇ နာရီခွဲခန့်တွင် YBS-၂၀ ယာဉ်အမှတ် 4N/---- အား ယာဉ်မောင်း နိုင်အောင်(၂၅)နှစ် လှိုင်သာယာနေသူသည် ရန်ကုန်-ညောင်တုန်းလမ်းအတိုင်း ဒဂုံဈေးအဝေးပြေးမှ အောင်ဇေယျကြိုးတံတားသို့ မောင်းနှင်လာပြီး မီးခွက်စျေးမှတ်တိုင်အရောက် ခရီးသည်အတင်အချပြုလုပ်နေစဉ် လူနှစ်ဦး ယာဉ်ပေါ်တက်လာပြီး ယာဉ်မောင်းထံမှ ငွေတစ်ထောင်ကျပ် တောင်းရာ ယာဉ်မောင်းက ၎င်းတွင် ပိုက်ဆံမရှိကြောင်း၊ ကားပိုက်ဆံဘောက်ထဲတွင် ထည့်ထားကြောင်းပြောသဖြင့် လူနှစ်ဦးမှ တစ်ဦးသည် ပိုက်ဆံမပေးလျှင် ဝါးတုတ်ဖြင့်ရိုက်မည်ဟု ခြိမ်းခြောက်ပြောဆိုကာ ခရီးသည်နှစ်ဦးထံမှ ကျပ်၂၀၀ တန်နှစ်ရွက်အား ယူဆောင်သွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှသိန်း၏ စီစဉ်ညွှန်ကြားမှုဖြင့် လှိုင်သာယာမြို့မစခန်းမှူး ဒုရဲမှူးဝင်းနိုင်၊ နယ်ထိန်းအရာရှိ ကျော်ခိုင်သက်နှင့် တပ်ဖွဲ့ဝင်များက စုံစမ်းဆောင်ရွက်ခဲ့ရာ သြဂုတ် ၂၃ ရက် ညနေတွင် လှိုင်သာယာမြို့နယ် အမှတ်(၁၄)ရပ်ကွက် ဦးဖိုးလှိုင်လမ်းနေ ရန်ရှင်း(ခ)ကြွက်ကြီး(၂၁)နှစ်၊ ထန်းတပင်မြို့နယ် နှင်းဆီ(၄)လမ်းနေသူ သီဟစိုး(ခ)ကတုံး(၃၀)နှစ်တို့ကို ဖမ်းဆီးရမိခဲ့ပြီး ရန်ရှင်းနှင့် သီဟစိုးတို့ နှစ်ဦးအား YBS-၂၀ ယာဉ်မောင်းကိုခြိမ်းခြောက်ငွေတောင်းယူမှုဖြင့် စစ်ဆေးလျက်ရှိပြီး အခြားလုယက်မှုများကျူးလွန်ထားခြင်း ရှိ၊ မရှိဆက်လက်စစ်ဆေးဆောင်ရွက်နေကြောင်း သိရသည်။

**စွန်ရဲ(လှိုင်သာယာ)**

■

**ဩဂုတ် ၂၃ရက်မှာ ကမ္ဘာ့ဘောလုံးလောကအတွက် သတင်းထူးဖြစ်စေမယ့် ထုတ်ပြန်ချက်တစ်ရပ်ကို ကြေညာခဲ့သူက ဝိန်းရွှန်းနီပါ။ သူက ကိုယ်ပိုင်ဝက်ဘ်ဆိုက်ကနေ တစ်ဆင့် အင်္ဂလန်လက်ရွေးစင်အသင်းကစားသမားဘဝကနေ အနားယူပြီဆိုတာကို အတည်ပြုခဲ့တာဖြစ်ပါတယ်။ အင်္ဂလန်အသင်းနည်းပြ ဆောက်ဂိတ်က သူ့ကို အင်္ဂလန်လက်ရွေးစင်အသင်းအတွက် ခေါ်ယူမယ်ဆိုတဲ့အကြောင်းကို ဖုန်းနဲ့ဆက်သွယ်ခဲ့ပေမယ့် အဲဗာတန်အသင်းအတွက်သာ အာရုံစိုက် ကစားချင်တာကြောင့် ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့တယ်လို့ အစချီပြီး အင်္ဂလန်လက်ရွေးစင်အသင်းကနေ အနားယူကြောင်း ကြေညာခဲ့တာပါ။**

မေလဲ့သင်း

ကစားသမားတစ်ဦးရဲ့ ကစားသမားဘဝကနေ အပြီးသတ်အနားယူသွားခြင်း၊ လက်ရွေးစင်အသင်းကနေ အနားယူခြင်းစတဲ့ အကြောင်းအရာတွေဟာ ဘောလုံးလောကတွင် ဖြစ်ပျက်နေကျ သာမန်ကိစ္စတွေသာ ဖြစ်ပေမယ့် ရွှန်းနီအနားယူတဲ့ ကိစ္စရပ်ကတော့ ပြောစရာရှိတဲ့ သာမန်ထက်ထူးခြားမှုရှိတယ်လို့သတ်မှတ်



လို့ရပါတယ်။ ဘာလို့ပါလဲ။ ရွှန်းနီဟာ ပြီးခဲ့တဲ့နှစ်ကတည်းက ၂၀၁၈ ကမ္ဘာ့ဖလားအပြီး နိုင်ငံလက်ရွေးစင်အသင်းကနေ အနားယူမယ်လို့ ကြေညာထားပြီးသားဖြစ်ပေမယ့် အခုက သူ့ဆုံးဖြတ်ချက်ကို ပြင်ခဲ့တဲ့ ကိစ္စပါ။ ဒ့ါအပြင် အခုကြေညာခဲ့သူက အင်္ဂလန်သွင်းဂိုးစံချိန်ရှင်ဖြစ်နေတာက နောက်ထပ်ထူးခြားချက်တစ်ရပ်လို့ ပြောလို့ရပါတယ်။ အင်္ဂလန်အသင်းအတွက် ပွဲထွက်အများဆုံး ကစားသမားအဖြစ် စံချိန်တစ်ခုထပ်တင်ဖို့ ခုနစ်ပွဲသာ လိုတော့တဲ့အချိန်၊ တိတိကျကျဆိုရရင် ၂၀၁၈ ကမ္ဘာ့ဖလားကျင်းပဖို့ တစ်နှစ်တောင် မလိုတော့တဲ့အချိန်မှာ ယခုလို ကြေညာခဲ့တာကြောင့် သူ့ရဲ့ ဆုံးဖြတ်ချက်ဟာ အနည်းငယ် ကတိုက်ကရိုက်ဆန်နေတယ်ဆိုတဲ့ ထင်မြင်ချက်တွေလည်း ရှိနေပါတယ်။

ယခုနှစ် ပရီမီယာလိဂ်ရာသီပြန်ဖွင့်ချိန်မှာ ရွှန်းနီ ခြေစွမ်းပြ ဂိုးတွေသွင်းယူနေတာကြောင့် ချီးမွမ်းမှုတွေ ရရှိနေချိန်မှာပဲ အခုလို အံ့အားသင့်ဖွယ်ရာအကြောင်းကို ကာယကံရှင်ကိုယ်တိုင်က အတည်ပြုလိုက်ပြန်တာကြောင့် ယခုရက်သတ္တပတ်အတွင်း အားကစားလောကမှာ လူပြော သူပြောအများဆုံးက ရွှန်းနီရဲ့ အကြောင်းသာ ဖြစ်နေပါတော့တယ်။ သူက အစောပိုင်းကတည်းက ၂၀၁၈ ရုရှားကမ္ဘာ့ဖလားအပြီးမှာ လက်ရွေးစင်အသင်းကနေ အနားယူမယ်လို့ ကြေညာထားခဲ့ပေမယ့် သူ့ရဲ့ မူလ မျှော်မှန်းချက်ကို စွန့်လွှတ်ကာ တစ်နှစ်လောက်စောပြီး အနားယူဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။

အင်္ဂလန်အသင်းကို နည်းပြဆောက်ဂိတ်ပြောင်းလဲတာဝန်ယူခဲ့ပြီးကတည်းက ရွှန်းနီဟာ အင်္ဂလန်အသင်းလူစာရင်းကနေ ပွဲစဉ်အတော်များများကနေ ချန်လှပ်ခံခဲ့ရပါတယ်။ ဒါကြောင့်လည်း ရွှန်းနီနဲ့ ခေတ်ပြိုင်ကစားသမားလို့ ပြောလို့ရတဲ့ ဂျာမနီတိုက်စစ်မှူး ပိုဒေါ်စကီးက သူ့ရဲ့ လက်ရွေးစင်နှုတ်ဆက်ပွဲမှာ ရွှန်းနီဘာလို့ အင်္ဂလန်အသင်းကနေ အနားမယူသေးတာလဲ ဆိုတာကို သူနားမလည်နိုင်ဘူးလို့ ဝေဖန်ခဲ့တာပါ။ အနားယူပြီလို့ ကြေညာခဲ့တာကြောင့် အင်္ဂလန်အတွက် သူနောက်ဆုံးကစားခဲ့တဲ့ပွဲဟာ ၂၀၁၆ နိုဝင်ဘာ ၁၁ ရက်က စကော့တလန်ကို သုံးဂိုးပြတ်နဲ့ အနိုင်ရခဲ့တဲ့ ပွဲစဉ်လို့ပြောရတော့မှာပါ။ အဲဒီပွဲစဉ်မှာ ဂယ်ရီကာဟေးလ် သွင်းယူခဲ့တဲ့ နောက်ဆုံးပွဲသိမ်းဂိုးကို ဖန်တီးပေးနိုင်ခဲ့တာကတော့ မှတ်မှတ်ထင်ထင်ရှိတဲ့ အကြောင်းအရာတစ်ခုအဖြစ် ထင်ကျန်ရစ်ခဲ့တော့မှာဖြစ်ပါတယ်။

ကစားသမားဟောင်း အများစုက ရွှန်းနီရဲ့ ဒီဆုံးဖြတ်ချက်အပေါ် အပြုသဘောဆောင်တဲ့ ချီးကျူးမှုပြုခဲ့ကြပြီး သူ့ရဲ့ လက်ရွေးစင်အသင်း အောင်မြင်မှုအတွက်လည်း ဂုဏ်ပြုကြောင်း လူမှုကွန်ရက်စာမျက်နှာပေါ်ကတစ်ဆင့် ရေးသားခဲ့ကြပါတယ်။ ဒီအထဲမှာ မိုက်ကယ်အိုဝင်၊ ဂယ်ရီနဗီးလ်တို့လို ရွှန်းနီနဲ့ အင်္ဂလန်လက်ရွေးစင်မှာ တွဲဖက်ကစားခဲ့ဖူးသူတွေ ပါသလို စီနီယာကစားသမားဟောင်းကြီးတွေဖြစ်တဲ့ ဂယ်ရီလိုင်နီကာနဲ့ အလန်ရှီးယားတို့လို ကစားသမားတွေလည်း ပါဝင်တာကို တွေ့ရပါတယ်။ အိုဝင်ကတော့ ရွှန်းနီဟာ သူ့ရဲ့ ပရော်ဖက်ရှင်နယ်ဘဝကို အမြင့်ဆုံးခရီးဆက်နိုင်ဖို့ ချိန်သားကိုက်ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်နိုင်ခဲ့တာလို့ ချီးကျူးခဲ့သလို နဗီးလ်ကလည်း လက်ရွေးစင်အသင်းမှာ အရန်အဖြစ် ဝင်ရောက်ကစားခွင့်ထက် ကလပ်အသင်းအတွက်ပဲ အာရုံစိုက်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်က အတ္တမဲ့တဲ့ ဆုံးဖြတ်ချက်လို့ဆိုပါတယ်။ ရွှန်းနီဟာ အင်္ဂလန်အသင်းရဲ့ ပွဲအများဆုံးစံချိန်တင်ထားတဲ့ ဂိုးသမား ပီတာရှီလ်တန်ရဲ့ ပွဲအများဆုံးစံချိန်ကိုမီဖို့ ခုနစ်ပွဲသာလိုတော့တဲ့အချိန်မှာ ကြေညာခဲ့တာကြောင့် နဗီးလ် အခုလိုပြောတယ်လို့ ယူဆရပါတယ်။

**အင်္ဂလန်ရဲ့တိုက်စစ်ကို ဦးဆောင်သူ ပေါ်ထွက်လာပြီ**

၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလအတွင်း အင်္ဂလန်နဲ့ ဩစတြေးလျအသင်းတို့ ကစားခဲ့တဲ့ပွဲမှာ အသက်(၁၇)နှစ် ၁၁၁ ရက်အရွယ်သာရှိသေးတဲ့ရွှန်းနီဟာ အင်္ဂလန်လက်ရွေးစင်အသင်းအတွက် စတင် ပွဲထွက်ခွင့်ရခဲ့တာဖြစ်ပြီး သူ့ရဲ့ လက်ရွေးစင်အသင်းအတွက် ပွဲဦးထွက်ဂိုးကို မက်ဆီဒိုးနီးယားအသင်းနဲ့ ပွဲစဉ်မှာ သွင်းယူနိုင်ခဲ့ပါတယ်။




ပေါ်တူဂီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပတဲ့ ယူရို ၂၀၀၄ ပြိုင်ပွဲမှာ ဂရိအသင်းဗိုလ်စွဲခဲ့ပေမယ့် အားလုံး နှုတ်ဖျား ရေပန်းစားကျန်ခဲ့တဲ့ ကစားသမားကတော့ အသက်(၁၈)နှစ်သားလေး ဝိန်းရွှန်းနီဖြစ်ပါတယ်။ ပြင်သစ်၊ ဆွစ်ဇာလန်၊ ခရိုအေးရှားတို့ကို ရင်ဆိုင်ခဲ့ရတဲ့ အုပ်စုပွဲစဉ်တွေတိုင်း ခြေစွမ်းပြဂိုးသွင်းယူနိုင်ခဲ့တဲ့အပြင် သူ့ရဲ့ ကြောက်ရွံ့မှု ကင်းကင်း၊ တည်ငြိမ်မှုအပြည့်နဲ့ ဂိုးသွင်းယူနိုင်စွမ်းတွေကြောင့် အညတရ ကစားသမားလေးအဖြစ်ကနေ နေ့ချင်းညချင်း ကမ္ဘာကျော်ကစားသမားဘဝကို ရောက်ရှိခဲ့တာဖြစ်ပါတယ်။

အိမ်ရှင် ပေါ်တူဂီအသင်းကို ပင်နယ်တီအဆုံးအဖြတ်နဲ့ အရေးနိမ့်ခဲ့တဲ့ပွဲစဉ်အတွင်း ရွှန်းနီ ခြေထောက်ကျိုးသွားခဲ့တဲ့အတွက် တကယ်လို့ ရွှန်းနီသာ ပွဲချိန်ပြည့် ပါဝင်ကစားပေးနိုင်ရင် အင်္ဂလန်အသင်းရလဒ်ပိုင်း တစ်မျိုးတစ်ဖုံ ပြောင်းလဲနိုင်တယ်လို့ ယူဆမှုတွေ ထွက်လာတဲ့အထိ အစကောင်းခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်လည်း မန်ယူနည်းပြ ဖာဂူဆန်က အဲဒီနှစ် နွေဈေးကွက်အတွက် ရွှန်းနီကို အဓိကပစ်မှတ်အဖြစ် ခေါ်ယူဖို့ အားထုတ်ခဲ့တာဖြစ်ပါတယ်။

**အနိမ့်အမြင့်ကြမ်းကြမ်း**

ရွှန်းနီရဲ့ ကျော်ကြားမှုအရှိန်ဟာ ၂၀၀၄ ခုနှစ်ကနေစပြီး တောက်လျှောက်တက်ခဲ့ပေမယ့် ၂၀၀၅-၂၀၀၆ ဘောလုံးရာသီမှာတော့ ဆိုးရွားမှုတွေ ဆက်တိုက်ဖြစ်ပေါ်လာခဲ့တယ်လို့ ဆိုရပါမယ်။ ဗီလာရီးယဲလ်နဲ့ ဂိုးမရှိ သရေကျခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်မှာ ထုတ်ပယ်ခံခဲ့ရသလို ၂၀၀၆ ကမ္ဘာ့ဖလားကွာတားဖိုင်နယ် ပေါ်တူဂီနဲ့ ပွဲစဉ်အတွင်း တိုက်ရိုက်အနီကတ်နဲ့ ထုတ်ပယ်ခံခဲ့ရတာတွေကြောင့် ရွှန်းနီရဲ့ ကွင်းအတွင်းအရိုင်းဆန်ဆန်ပြုမူတတ်တဲ့ ပုံစံဟာ သူ့ကို မီဒီယာတွေရဲ့ သားကောင်အဖြစ် တွန်းပို့ခံခဲ့ရပါတယ်။ ၂၀၀၆ ကမ္ဘာ့ဖလားအပြီးမှာတော့ ရွှန်းနီရဲ့ပုံစံ အနည်းငယ်ပြောင်းသွားခဲ့ပြီး ရင့်ကျက်မှုအချို့ကို မြင်တွေ့ခဲ့ရပါတယ်။

သူဟာ မန်ယူသင်းနဲ့အတူ အောင်မြင်မှုအလီလီ ရယူနိုင်ခဲ့ပေမယ့် နိုင်ငံလက်ရွေးစင်အသင်းအတွက် ကြီးမားတဲ့ အောင်မြင်မှု ဆောင်ကြဉ်းပေးနိုင်ခြင်း မရှိခဲ့ပါဘူး။ အင်္ဂလန်ဟာ ယူရို ၂၀၀၈ မှာ ခြေစစ်ပွဲမအောင်ခဲ့သလို ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲမှာလည်း ရွှန်းနီအပါအဝင် အင်္ဂလန်ကစားသမား အတော်များများ ခြေစွမ်းပြနိုင်ခြင်း မရှိခဲ့တာကို တွေ့ရပါတယ်။ အင်္ဂလန်အသင်းမှာ ခြေစွမ်းကောင်းတဲ့ ကစားသမား အတော်များများ ရှိပေမယ့် နာမည်ကြီး ထမင်းငတ်ဆိုသလို တကယ်တမ်း ပြိုင်ပွဲကြီးတွေ ကစားချိန်ရောက်ရင် ကစားသမားတွေ ခြေစွမ်းပြနိုင်ခြင်းမရှိတာကြောင့် ယူရို ၂၀၁၂၊ ၂၀၁၄ ကမ္ဘာ့ဖလားနဲ့ ယူရို ၂၀၁၆ ပြိုင်ပွဲတွေမှာ စောစောစီးစီး အောင်ဖျာလိပ်ခဲ့ရတဲ့ အနေအထား ကြုံခဲ့ရပါတယ်။ မီဒီယာတွေကလည်း အင်္ဂလန်တိုက်စစ်ပိုင်း ရုန်းကန်နေရချိန်မှာ ရွှန်းနီ ဘာတွေတွေးနေသလဲဆိုပြီး အမြဲဝေဖန်နေတာ ကြောင့် အင်္ဂလန်အသင်းရလဒ်ဟာ ရွှန်းနီအပေါ် တိုက်ရိုက်သက်ရောက်မှုရှိခဲ့တယ်လို့ ဆိုရပါမယ်။

**နောင်တရဦးမလား**

ရွှန်းနီဟာ လာမယ့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ မတိုင်မီ လက်ရွေးစင်အသင်းကနေ အနားယူပြီလို့ ကြေညာလိုက်တာကြောင့် လာမယ့်နှစ်နွေကျရင် အင်္ဂလန်အသင်းရဲ့ ပွဲစဉ်တွေကို ရပ်သံကသာ အားပေးရတော့မှာပါ။ သူဟာ လက်ရွေးစင်ကစားသမားအဖြစ် ၂၀၀၃ ခုနှစ်ကနေစပြီး ရွေးချယ်ခံခဲ့ရတာကြောင့် ၁၄ နှစ်တာကာလအတွင်း ပြိုင်ပွဲကြီးတွေမှာ ရွှန်းနီ ပါဝင်လာခြင်းမရှိတဲ့ အင်္ဂလန်အသင်း ယှဉ်ပြိုင်မှုတွေကို ပထမဦးဆုံး မြင်တွေ့ရတော့မှာဖြစ်ပါတယ်။ ကမ္ဘာ့ဖလား ခြေစစ်ပွဲစဉ်တွေ ယှဉ်ပြိုင်မှုမပြီးဆုံးသေးပေမယ့် အင်္ဂလန်အသင်းခြေစစ်ပွဲအောင်ဖို့ အကောင်းဆုံးအလားအလာကို ပိုင်ဆိုင်ထားတာကြောင့် ဒီလိုပြောနိုင်တာဖြစ်ပါတယ်။

လွန်ခဲ့တဲ့ တစ်နှစ်တာကာလ ၂၀၁၆ ခုနှစ် ဩဂုတ် ၃၀ ရက်မှာ ရွှန်းနီက "ပကတိအခြေအနေနဲ့ အနီးစပ်ဆုံး အဖြေထုတ်ရရင် ၂၀၁၈ ကမ္ဘာ့ဖလားဟာ ကျွန်တော့်အတွက် နောက်ဆုံးပြိုင်ပွဲဖြစ်မယ်လို့ ယူဆရပါတယ်။ အဲဒီအချိန်ကျရင် ကျွန်တော်ဟာ အမြင့်ဆုံးအဆင့်တစ်ရပ်နဲ့ လက်ရွေးစင်အသင်းကို နှုတ်ဆက်နိုင်ဖို့ မျှော်လင့်ပါတယ်။ ကျွန်တော်လက်ရွေးစင်အသင်းက ဘယ်အချိန်အနားယူမလဲဆိုတဲ့ မေးခွန်းတွေ တက်လာပေမယ့် ကျွန်တော်ကတော့ ကွင်းထဲမှာကစားနိုင်ဖို့ အမြဲကြိုးစားနေမှာဖြစ်ပါတယ်"လို့ မှတ်မှတ်ရရဆိုခဲ့ပါသေးတယ်။

ဒါပေမယ့် တစ်နှစ်ဆိုတဲ့အချိန်အတိုင်းအတာတစ်ခု ကျော်လွန်သွားချိန်မှာ ရွှန်းနီရဲ့ ဆုံးဖြတ်ချက်လည်း ပြောင်းလဲသွားခဲ့ပါတယ်။ The Sun သတင်းဌာနက ဘောလုံးရေးရာ သုံးသပ်သူ ချာလီယက်ကတော့ ရွှန်းနီဟာ ယခု ချခဲ့တဲ့ဆုံးဖြတ်ချက်ကြောင့် နောက်နှစ်နွေ ရုရှားကမ္ဘာ့ဖလားကျင်းပချိန်မှာ နောင်တတွေနဲ့ အင်္ဂလန်အသင်းရဲ့ ပွဲစဉ်တွေကို ရုပ်သံကနေ အားပေးနေရလိမ့်မယ်လို့ ရေးသားခဲ့ပါတယ်။

**အနိုင်နဲ့ပိုင်းကာ နှုတ်ဆက်သွားလေသလား**

ရွှန်းနီဟာ အင်္ဂလန်လက်ရွေးစင်အသင်းအတွက် အောင်မြင်မှု ကြီးကြီးမားမားရအောင် ရှာဖွေမပေးနိုင်ခဲ့ပေမယ့် အင်္ဂလန်ရဲ့ ထာဝရအကောင်းဆုံး ကစားသမားတွေထဲက တစ်ယောက်ပါ။ သူဟာ ဆာဘော်ဘီချာလ်တန်ရဲ့ သွင်းဂိုးစံချိန်ကို ၂၀၁၅ ခုနှစ်ကတည်းက ချိုးဖျက်ပြီး လက်ရွေးစင်အသင်းအတွက် ၁၁၉ ပွဲမှာ ၅၃ ဂိုး သွင်းယူနိုင်ခဲ့သလို ဂိုးဖန်တီးမှုအကြိမ် ၂၀ အထိ ပြုလုပ်နိုင်ခဲ့တယ်ဆိုတဲ့ စံချိန်က မယုံနိုင်လောက်စရာပါပဲ။ သူသွင်းယူခဲ့တဲ့ဂိုးတွေကို ပြန်ပြီး ပိုင်းခြားကြည့်ရင် ပြိုင်ပွဲစစ်စစ်လို့ပြောလို့ရတဲ့ ခြေစစ်ပွဲတွေ၊ ပွဲစဉ်ကြီးတွေမှာ သွင်းယူခဲ့တဲ့ သွင်းဂိုးအရေအတွက်က ၃၇ ဂိုးအထိ ပါဝင်သလို ချစ်ကြည်ရေးခြေစမ်းပွဲတွေမှာ သွင်းယူခဲ့တဲ့ ဂိုးက ၁၆ ဂိုးလို့ ပြန်လည်ခွဲခြမ်းနိုင်ပါတယ်။ ပြိုင်ပွဲစစ်စစ်ပွဲစဉ်တွေမှာ ၇၄ ပွဲ ၃၇ ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ၁၅၆ ဒသမ ၁ မိနစ် ဝင်ကစားတိုင်း ပျမ်းမျှ သွင်းဂိုးတစ်ဂိုးစံချိန်ရှိတဲ့ ကစားသမားပါ။

ရွှန်းနီဟာ ပြီးခဲ့တဲ့နှစ် ဘောလုံးရာသီအတွင်း ခြေစွမ်းပိုင်း ရုန်းကန်နေရချိန်မှာတောင် ၂၀၁၈ ကမ္ဘာ့ဖလားအပြီးမှသာ အင်္ဂလန်လက်ရွေးစင်အသင်းကနေ အနားယူမယ်လို့ ကြေညာထားပေမယ့် အဲဗာတန်အသင်းကို ရောက်ရှိပြီး ပုံမှန်ခြေစွမ်းရနေချိန်ရောက်မှ လက်ရွေးစင်အသင်းကနေ အနားယူပြီလို့ အတည်ပြုခဲ့တာဖြစ်ပါတယ်။ သူဟာ ပြီးခဲ့တဲ့ဇူလိုင်လအတွင်း အဲဗာတန်အသင်းကို ပြောင်းရွှေ့သွားပြီးနောက် ရာသီကြိုခြေစမ်းပွဲ ပွဲဦးထွက်ကစားချိန်မှာပဲ ဂိုးသွင်းယူနိုင်ခဲ့သလို ပရီမီယာလိဂ်ရာသီအဖွင့် နှစ်ပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ မန်စီးတီးနဲ့ပွဲမှာ သူ့ရဲ့ ပရီမီယာလိဂ်သွင်းဂိုး ၂၀၀ ပြည့်ကို သွင်းယူနိုင်ခဲ့ပြီးနောက် ရွှန်းနီ ချီးမွမ်းခန်းတွေ ပလူပျံနေချိန်ကျမှ အခုလို ကြေညာခဲ့တာကတော့ ဘယ်အရာမဆို အကွက်ကျကျ လုပ်ဆောင်တတ်တဲ့ ရွှန်းနီရဲ့အနိုင်ပိုင်းနည်းတစ်မျိုးလို့သာ ယူဆရတော့မှာဖြစ်ပါတယ်။

နဗီးလ်ကတော့ အက်ဖ်အေ(အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်)အနေနဲ့ ဆလိုဗက်ကီးယားနဲ့ပွဲစဉ်ကို ရွှန်းနီ နှုတ်ဆက်ပွဲအဖြစ် စီစဉ်ပေးဖို့ မျှော်လင့်ကြောင်းဆိုပါတယ်။ ဘာပဲဖြစ်ဖြစ် ရွှန်းနီဟာ သူမျှော်မှန်းတဲ့အတိုင်း အမြင့်ဆုံးအောင်မြင်မှုနဲ့ လက်ရွေးစင်အသင်းကစားသမားဘဝကို မနှုတ်ဆက်နိုင်ပေမယ့် အင်္ဂလန်အသင်းအတွက် ၁၄ နှစ်တာကာလအတွင်း အကောင်းဆုံး ပေးဆပ်ခဲ့သူ၊ အင်္ဂလန်ရဲ့ ထာဝရသွင်းဂိုးစံချိန်ရှင်ဖြစ်တာကြောင့် အင်္ဂလန်ပရိသတ်တွေ ရင်ထဲမှာတော့ ရွှန်းနီကို မေ့ဖို့ခက်မှာအမှန်ပါပဲ။ ။

**၂၀၁၇-၂၀၁၈ ချန်ပီယံလိဂ် အုပ်စု ပွဲစဉ်များ ထွက်ပေါ် (ခိုင်ဝင်း)**

| အုပ်စု(A) | အုပ်စု(C) | အုပ်စု(E) | အုပ်စု(G) |
|---|---|---|---|
| ဘင်ဖီကာ | ချယ်လ်ဆီး | စပါးတပ်မော်စကို | မိုနာကို |
| မန်ယူ | အေတီမက် | ဆီဗီလာ | ပေါ်တို |
| ဘေဆယ် | ရိုးမား | လီဗာပူးလ် | ဘီဆစ်တက်စ် |
| CSKA မော်စကို | ကွာရာဘတ် | မာရီဘော | လိုက်ပ်ဇစ် |
| **အုပ်စု(B)** | **အုပ်စု(D)** | **အုပ်စု(F)** | **အုပ်စု(H)** |
| ဘိုင်ယန် | ဂျူဗင်တပ် | ရှက်တာဒိုးနက် | ရီးရဲလ်မက်ဒရစ် |
| ပီအက်စ်ဂျီ | ဘာစီလိုနာ | မန်စီးတီး | ဒေါ့မွန် |
| အန်ဒါလက်ချ် | အိုလံပီယာကော့စ် | နာပိုလီ | စပါး |
| ဆဲလ်တစ် | စပို့တင်းလစ္စဘွန်း | ဖီယင်နူ | အေပိုး |

# မန္တလေးဆေးတက္ကသိုလ်(၄၉)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အထိမ်းအမှတ်ပွဲတော်ကျင်းပ

**ချမ်းအေးသာစံ ဩဂုတ် ၂၄**
မန္တလေးဆေးတက္ကသိုလ်(၄၉)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အထိမ်းအမှတ်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၂ ရက် နံနက် ၈ နာရီက ချမ်းအေးသာစံမြို့နယ် လမ်း ၃၀၊ ၇၃ လမ်းနှင့် ၇၄ လမ်းကြားရှိ အဆိုပါ တက္ကသိုလ်ပင်မဆောင်ရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မြို့တော်ဝန်ဒေါက်တာရဲလွင်နှင့် အစိုးရအဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မန္တလေးဆေးတက္ကသိုလ်ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာခင်မောင်လွင်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခ/ ဌာနမှူးများ၊ ဆေးရုံကြီးများမှဆေးရုံအုပ်ကြီးများ၊ ဖိတ်ကြားထားသူများ၊ အငြိမ်းစားပါမောက္ခများ၊ ဆေးတက္ကသိုလ်ကျောင်းသား ကျောင်းသူများတက်ရောက်အားပေးကြသည်။

အခမ်းအနားတွင် နောက်ဆုံးနှစ်အမ်ဘီဘီအက်စ် အပိုင်း(က) သင်တန်းမှဆေးပညာ၊ သားဖွားမီးယပ်ပညာ၊ ကလေးကျန်းမာပညာဂုဏ်ထူးရှင်မောင်ကျော်ကျော်သက်နှင့် ရောဂါဗေဒ၊ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာ၊ ဥပဒေရေးရာဆေးပညာဂုဏ်ထူးရှင် မောင်ဖြိုးမောင်ဝင်းတို့က မန္တလေးဆေးတက္ကသိုလ်(၄၉)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဧည့်သည်များသည် ပင်မဆောင်အောက်ထပ်တွင်ပြသထားသော ဆေးတက္ကသိုလ်(မန္တလေး)မှတ်တမ်းဓာတ်ပုံများကိုကြည့်ရှုကြပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။



ဆက်လက်၍ဂုဏ်ပြုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာခင်မောင်လွင်နှင့် ဂုဏ်ထူးဆောင်ပါမောက္ခများက ပြည်ပနိုင်ငံများမှ ဘွဲ့ရရှိခဲ့ကြသည့် ဆရာ ဆရာမများ၊ ဆေးပညာသုတေသနစာတမ်းရှင်များ၊ ဘွဲ့ကြိုသင်တန်းအသီးသီးတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**



# အာဟာရရက်သတ္တပတ် တန်ဖိုးနည်းအာဟာရပြည့် ချက်ပြုတ်ပြိုင်

**မြင်းခြံ ဩဂုတ် ၂၄**
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အာဟာရရက်သတ္တပတ် တန်ဖိုးနည်းအာဟာရပြည့်ချက်ပြုတ်ပြိုင်ပွဲနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရပြည့်ဝသော အစားအစာများထောက်ပံ့ပေးအပ်ခြင်းကို ဩဂုတ် ၂၃ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့ကြောင်းသိရသည်။

တန်ဖိုးနည်းအာဟာရဖြည့်ချက်ပြုတ်ပြိုင်ပွဲနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရပြည့်ဝသောအစားအစာများ ထောက်ပံ့ပေးအပ်ပွဲတွင် မြင်းခြံခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကေသီခိုင်က အမှာ စကားပြောကြားရာတွင် တန်ဖိုးနည်းအာဟာရပြည့်ဝသောအစားအသောက်များကို ချက်ပြုတ်စားသောက်ခြင်းဖြင့် ကျန်းမာရေးနှင့် ညီညွတ်ကာ ငွေကြေးကုန်ကျမှုကိုလည်း တစ်ဖက်တစ်လမ်းမှ သက်သာစေကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာကေသီဝင်းမောင်က အာဟာရရက်သတ္တပတ်လှုပ်ရှားဆောင်ရွက်မှုများ၊ တန်ဖိုးနည်းအာဟာပြည့် စားသောက်ဖွယ်ရာများချက်ပြုတ်ရာတွင် ဆောင်ရန်ရှောင်ရန်များကို ရှင်းလင်း ပြောကြားခဲ့သည်။ ထို့နောက် ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရပြည့်ဝသော အစားအစာများဖြစ်သည့် မုန့်များ၊ ငှက်ပျောသီးများအစရှိသည်တို့ကို ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကေသီခိုင်နှင့်အဖွဲ့ဝင်များက ထောက်ပံ့ပေးအပ်ခဲ့ပြီး (၅)နှစ်အောက်ကလေးများအား ဗီတာမင်အေဆေးများ တိုက်ကျွေးခဲ့ကြသည်။

ဆက်လက်၍ တန်ဖိုးနည်းအာဟာရပြည့်ချက်ပြုတ်နေမှုများကို ကြည့်ရှုစစ်ဆေးအကဲဖြတ်ပြီး ဆုများပေးအပ်ချီးမြှင့်ရာ ငါန်းဇွန်မြို့နယ်မှ ပထမ၊ မြင်းခြံမြို့နယ်မှ ဒုတိယ၊ တောင်သာမြို့နယ်မှ တတိယနှင့် နွားထိုးကြီးမြို့နယ်မှ စတုတ္ထရရှိခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# မန္တလေးခရိုင် Community Centre အတွက် ရှေးမှုလက်ရာရှေးဟောင်းပစ္စည်းများနှင့် ကလေးကစားစရာပစ္စည်းများ ပေးအပ်လှူဒါန်း

**မန္တလေး ဩဂုတ် ၂၄**
မန္တလေးခရိုင် Community Centre အတွက် ရှေးမှုလက်ရာ ရှေးဟောင်းပစ္စည်းများနှင့် ကလေးကစားစရာပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဩဂုတ် ၂၂ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။



ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစိုင်းကျော်ဇောက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက Community Centre နှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်မမနိုင်နှင့် ကိုယ်ပိုင်ကျောင်းများ ဥက္ကဋ္ဌ CAE ကိုယ်ပိုင်ကျောင်းအုပ် ဆရာမကြီး ဒေါ်နှင်းနှင်းမော်တို့က လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဎင်းနောက် အလှူရှင်များက ရုပ်သေးပစ္စည်းများ၊ ရှေးမှုလက်ရာ ရှေးဟောင်းပစ္စည်းများ၊ ရှေးဟောင်းရှားပါးစာပေများ၊ ရှေးဟောင်းရေဒီယို (အကြီး)၊ ရှေးဟောင်းမှန်စီရွှေချယပ်ကြီးများ၊ ရှေးဟောင်းရက်ကန်းစင် အသုံးအဆောင်ပစ္စည်းများ၊ ပန်းချီကားများ၊ ကလေးကစားစရာပစ္စည်းများ၊ အရုပ်များနှင့် Water Color တစ်လုံး အစရှိသော ပစ္စည်းများအား အလှူရှင်အသီးသီး Community Centre အတွက် ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူသည်။ ယင်းနောက် ပြည်ကြီးတံခွန်မြို့နယ် ရပ်မိရပ်ဖ ဦးသောင်းနိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

မန္တလေးခရိုင် Community Centre ကို စက်တင်ဘာ ၁ ရက်တွင် မန္တလေးခရိုင် ပြန်/ဆက်ရုံး၌ ဖွင့်ပွဲကျင်းပသွားမည်ဖြစ်ပြီး လှူဒါန်းပွဲသို့ မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ရပ်မိရပ်ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



# မိုးရွာသွန်းမှုကြောင့်ပျက်စီးသွားသော ရွာသစ်ကျေးရွာအဝင်တံတားအား မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ကြည့်ရှု

**မလှိုင် ဩဂုတ် ၂၄**
မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် ဩဂုတ်၂၂ ရက် နံနက် ၂ နာရီက မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ကံကြီးကျေးရွာအုပ်စု ရွာသစ်ကလေးကျေးရွာအဝင် သံကူကွန်ကရစ်တံတား အောက်ခံ ကျောက်ရိုးနံရံ ပျက်စီးသွားပြီး ကျောက်ခုံဘေးပတ်လည် ရေတိုက်စားသွားခဲ့ကြောင်း သိရသည်။

အဆိုပါတံတားမှာ မလှိုင်-ပင်းတလဲ လမ်းမဘေးရှိ ရွာသစ်ကလေးကျေးရွာ အဝင်တံတားဖြစ်သည်။ တံတားအမျိုးအစားမှာ ကျောက်ရိုးခံ သံကူကွန်ကရစ်တံတားဖြစ်သည်။ အလျား ၁၆ ပေ၊ အကျယ် ၁၂ ပေရှိပြီး ချောင်းရေတိုက်စားမှုကြောင့် တံတားအောက်ခံကျောက်ရိုးကွဲအက်သွားပြီး ကျောက်ရိုးနံရံဘေး အကျယ် ငါးပေခွဲခန့် ရေတိုက်စားသွားကြောင်းသိရသည်။ ချောင်းရေတိုက်စားမှုကြောင့် အက်ကွဲသွားသော တံတားကို ပြိုကျမသွားစေရန်နှင့် လတ်တလော သွားလာနိုင်စေရန် သဲအိတ်များချခြင်း၊ မြေထိန်းနံရံ ကာရံခြင်းများကို ကျေးရွာသူ ရွာသားများ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

စုပေါင်းဆောင်ရွက်ရာသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်သီတာငြိမ်း၊ ဒေါ်ဆွေဆွေဝင်း(ဒုတိယဦးစီးမှူး၊ ထွေ/အုပ်)၊ ဒေါ်ဆွေဆွေ( မြို့နယ်ဦးစီးမှူး၊ လမ်းဦးစီးဌာန)၊ ဒေါ်လှလှဦး (အငယ်တန်းအင်ဂျင်နီယာ-၂၊ လမ်းတံတားဌာနခွဲ၊ လမ်းဦးစီးဌာန)၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အင်ဂျင်နီယာ၊ဆည်မြောင်းဦးစီးဌာန နှင့် အခြားတာဝန်ရှိသူများသွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းကူညီဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့်အဖွဲ့သည် မြို့နယ်အရည်အသွေးစစ်ဆေးရေးအဖွဲ့မှ တာဝန်ရှိသူများနှင့်အတူ မိတ္ထီလာ- မြင်းခြံ ကားလမ်းမမှ ရုံးပင်ဇောက်ကျေးရွာအဝင်လမ်း၊ ပန်းအိုင်ကျေးရွာနှင့် ကသစ်ပင်ကျေးရွာဆက်သွယ်သည့် လမ်းများကိုသွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပျက်စီးနေမှုများကို ပြင်ဆင်ဆောင်ရွက်ပေးရန် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်သီတာငြိမ်းက တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

# မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် MCCA Unit အဖွဲ့ဝင်များနှင့် ဦးစီးဌာနများတွေ့ဆုံညှိနှိုင်းဆွေးနွေး

**ထန်တလန် ဩဂုတ် ၂၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ချင်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးမျိုးမင်းသည် မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (MCCA Unit) ဖြင့် UN-Habitat မှနည်းပညာအကြံပေးအရာရှိချုပ် အီတလီနိုင်ငံသားတစ်ဦးနှင့် အိန္ဒိယနိုင်ငံသားနှစ်ဦးတို့ လိုက်ပါ၍ ဩဂုတ် ၂၂ ရက် မွန်းလွဲ ၂ နာရီခွဲက ထန်တလန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲပြုလုပ်သည်။

ယင်းသို့ တွေ့ဆုံဆွေးနွေးရာတွင် ထန်တလန်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆက်စပ်ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ချင်းပြည်နယ်နှင့်ကိုက်ညီမှုရှိမည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာအစီအမံများ၊ ရာသီဥတုဒဏ်ခံနိုင်မည့် စိုက်ပျိုးနည်းစနစ်များ၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများလျော့နည်းအောင် အစီအမံများ ချမှတ်နိုင်ရေးအတွက် ဘတ်ဂျက်လျာထားရေးဆွဲနိုင်ရေး၊ အနာဂတ်တွင် ရာသီဥတုဆိုးကျိုးများ လျော့နည်းအောင် လေ့လာဆန်းစစ်သွားရေး၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များသိရှိစေရေး၊ လိုက်လျောညီထွေစွာ နေထိုင်နိုင်ရေးအတွက် အစီအမံများ ချမှတ်ရာတွင်လိုအပ်သော အကူအညီများနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်ခံစားလွယ်မှုဆန်းစစ်ခြင်းများကို ဆောင်ရွက်နိုင်ရေးစသည့် အကြောင်းအရာများကို ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်းလည်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများအောင်မြင်ဖြစ်ထွန်းမှု ကွင်းဆင်းစစ်ဆေး

**ဝိုင်းမော် ဩဂုတ် ၂၄**

မြစ်ကြီးနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအောက်ရှိ ဝိုင်းမော်မြို့နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများအား ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီက ဝိုင်းမော်မြို့နယ် နောင်တာလောကျေးရွာ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများအား ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မျိုးလွင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုသို့ နောင်တာလောကျေးရွာ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများစစ်ဆေးရာတွင် မြို့နယ်ဦးစီးမှူး ဦးဝင်းတင့်နှင့်တာဝန်ရှိသူများ လိုက်ပါခဲ့ပြီး ဒေသခံပြည်သူများ၏ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ၊ သက်မွေးပညာဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအားလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ရာ ကျေးရွာရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအား ၂၀၁၅ ခုနှစ်မှ စတင်၍ ငွေကျပ်သိန်း ၃၀၀ အား အရင်းမပျောက်လည်ပတ်ရန်ပုံငွေအဖြစ်ထုတ်ချေးပေးခဲ့ကာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အတိုးရငွေ ၇ ဒသမ ၂ သန်း ရရှိထားပြီး ယခုအခါတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦးအားချေးငွေ ၂၁ ဒသမ ၇ သန်း၊မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၀ အား ချေးငွေ ၁၂ ဒသမ ၄ သန်းနှင့် သက်မွေးပညာနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူရှစ်ဦးတို့အား ချေးငွေ ၃ ဒသမ ၁ သန်းကို ထုတ်ချေးပေးနိုင်ကာ ကျေးရွာနေပြည်သူများမှာ ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ခွင့်ရရှိ၍ လုပ်ငန်းများအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

## အစားအသောက်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများဆိုင်ရာ အသိပညာပေးဟောပြော

**မုံရွာ ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မုံရွာတက္ကသိုလ် ဘီဆောင်တွင် တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် မုံရွာတက္ကသိုလ်တို့ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများကို အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်ပစ္စည်းများ အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ အစားအသောက်များ၊ အလှကုန်များနှင့် ဆေးပစ္စည်းများတွင် လူကို အန္တရာယ်ပြုစေနိုင်သော ဓာတုဆိုးဆေးများအကြောင်းကိုသိရှိပြီး သတိပြုဆင်ခြင်နိုင်ရန်နှင့် ၎င်းတို့နှင့် ဆက်နွယ်လျက်ရှိသော အသိုက်အဝန်းအတွင်း အသိပညာဗဟုသုတများ ဖြန့်ဝေနိုင်ရန်အတွက် အသိပညာပေးဟောပြောပွဲ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ (တာဝန်ခံ) ဒေါက်တာလဝန်းရွှေက အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဆေးဝါးကျွမ်းကျင် ဒေါ်ဂျူးမျက်ချယ်က ဆေးဝါးနှင့် အလှကုန်ဆိုင်ရာများကိုလည်းကောင်း၊ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်ဟန်နီလွင်က ဆိုးဆေးများအကြောင်းကိုလည်းကောင်း အသီးသီးပြောကြားခဲ့ပြီး အခမ်းအနားသို့တက်ရောက်လာသာ ကျောင်းသားကျောင်းသူများ၏ သိရှိလိုသည်များကို ပြန်လည် ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

မုံရွာတက္ကသိုလ် ဘီဆောင်တွင် ကျင်းပခဲ့သော အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်ပစ္စည်းများ အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲသို့ မုံရွာ တက္ကသိုလ်မှ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူ ၄၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဝင်းဦး(ဇေယျာတိုင်း)**



## မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေး

**ခင်ဦး ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၃ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ခင်ဦး အခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာကြီး ဦးကျော်လွင်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန်းယလုကိုက ဆေးလိပ်၊ ကွမ်း၊ အရက်နှင့် ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ဖြစ်စေတတ်သော ရောဂါလက္ခဏာများနှင့် ကူးစက်ရောဂါအမျိုးမျိုးသိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးသန့်က မူးယစ်ဆေးဝါးသုံးစွဲသူ၏ ဆိုးကျိုးလက္ခဏာများနှင့် ပြစ်မှု၊ ပြစ်ဒဏ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ပရိုဂျက်တာဖြင့် အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဟောပြောပွဲသို့ ဌာနဆိုင်ရာများနှင့် အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများ အင်အား ၁၃၀၀ ကျော် တက်ရောက်ခဲ့ကြသည်။ ဆက်လက်၍ မြင်းဒေါင်း အခြေခံပညာအထက်တန်းကျောင်း၌ ဟောပြောပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ချစ်စံ(ခင်ဦး)**

## သောက်သုံးရေရရှိရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ဝန်းသို ဩဂုတ် ၂၄**

ပြည်သူတို့၏ ကျန်းမာရေးအတွက် သန့်ရှင်းသောသောက်သုံးရေချိုရရှိရေးသည် အရေးကြီးလှသည်။ မြို့နယ် ဒေသအသီးသီးတွင် သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးမှအစ ကျေးလက်ဒေသများဖွံ့ဖြိုးတက်စေရန် ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည်လည်း ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဂျိုးတောင်အုပ်စု မုန်လွဲကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူရာတွင် ရေပိုက်များ လဲလှယ်တပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။ အဆိုပါလုပ်ငန်းများ အချိန်မီ ပြီးစီးရေးအတွက် ဩဂုတ် ၂၃ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းနှင့်အဖွဲ့က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းပြီးစီးပါက မုန်လွဲကျေးရွာနေ ပြည်သူများ သောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

**တိမ်တမန်**



## ပြည်သူ့ဝန်ဆောင်မှု (OSS) ရုံးဖွင့်လှစ်ဆောင်ရွက်ခြင်းကို ပြည်သူများသိရှိစေရန် ချပြရှင်းလင်းခြင်း ကနီ၌ဆောင်ရွက်

**ကနီ ဩဂုတ် ၂၄**



စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် မြို့နယ်ပြည်သူ့ဝန်ဆောင်မှု One Stop Shops (OSS) ရုံးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၆ ရက်က စတင်ရုံးဖွင့် ဆောင်ရွက်ခဲ့သည်။ ယင်းသို့ ဆောင်ရွက်မှုများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် သက်ဆိုင်ရာဌာနအသီးသီးမှ ဩဂုတ် ၂၃ ရက်က အမှတ် (၂) ရပ်ကွက်နှင့် အမှတ် (၃) ရပ်ကွက်တို့တွင် ကွင်းဆင်းအသိပညာပေး လက်တွေ့ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ ပြည်သူ့ဝန်ဆောင်မှု One Stop Shops ရုံးတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သစ်တောဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် ပြည်တွင်းအခွန်များဦးစီးဌာနတို့ဖြင့် ဖွဲ့စည်းဆောင်ရွက်ထားပြီး အဆိုပါဌာနများမှ တာဝန်ရှိသူများက မိမိတို့ဌာနအနေဖြင့် One Stop Shops ရုံးတွင် ပြည်သူများအား ကူညီဆောင်ရွက်ပေးနိုင်မှုအခြေအနေများကို ပြည်သူများသိရှိစေရန် ရှင်းလင်းပြောကြားကြပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်းသိရသည်။ မြို့နယ်အတွင်းရှိ ပြည်သူတို့၏လိုအပ်ချက်များကို တစ်နေရာတည်းတွင် ဝန်ဆောင်မှုများ လျင်မြန်လွယ်ကူချောမွေ့စွာ ဆောင်ရွက်ပေးသွားနိုင်ရန် တစ်ပတ်လျှင် ကျေးရွာအုပ်စုနှစ်အုပ်စု ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း One Stop Shops ရုံး တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ **သန်းဌွေးအောင်(ကနီ)**

# စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ

**ရန်ကုန် ဩဂုတ် ၂၄**
ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနမှ ခရီးသွားပြည်သူများအား စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာပေးခြင်း၊ ဗဟုသုတပညာပေး ပြသခြင်းနှင့် ပြည်သူများထံ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ဩဂုတ် ၂၂ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် လူအများ စည်ကားရာနေရာဖြစ်သော ဒလ-ပန်းဆိုးတန်း သင်္ဘောဆိပ်နှင့် လက်မှတ်ရုံးအနီးတို့တွင် ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေးမြို့နယ်များမှ ခရီးသွားပြည်သူများနှင့် ဒေသခံပြည်သူများအား အသိပညာပေး ဆိုင်းဘုတ်များ ပြသခြင်းနှင့် လက်ကမ်းစာစောင် အစောင်ရေ ၂၀၀၀ ခန့်ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာပေးရာတွင် ပြည်သူများအနေဖြင့် ဘယ်နေရာ၊ ဘယ်ဒေသမျိုးရောက်ရောက် အစို၊ အခြောက် ခွဲခြားပြီး အမှိုက်များကို အမှိုက်ပုံးအတွင်းသို့စွန့်ပစ်တက်စေရန်၊ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရန် ရည်ရွယ်ပြီး စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းဖြင့် ခရီးသွားပြည်သူများအနေနှင့် မိမိ ပတ်ဝန်းကျင်နှင့် အခြားဒေသများတွင်ပါ အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်းဖြင့် သန့်ရှင်း၊ သပ်ရပ်၊ သာယာလှပ၊ စိမ်းလန်းသော မြို့တော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ အမှိုက်များအား စည်းကမ်းတကျ စွန့်ပစ်ခြင်းဖြင့် ရရှိလာနိုင်မည့် အကျိုးကျေးဇူးများအနေဖြင့် စနစ်တကျ အမှိုက်စွန့်ပစ်သည့်အတွက် သိမ်းဆည်းရ လွယ်ကူခြင်း၊ အနံ့ဆိုးများထွက်ရှိမှု လျော့နည်းလာနိုင်ခြင်း၊ အမှိုက်သိမ်း လုပ်သားများ၏ ကျန်းမာရေး မထိခိုက်ခြင်း၊ မြို့တော်သန့်ရှင်းသာယာလှပပြီး အမြင်တင့်တယ်ခြင်းနှင့် စွန့်ပစ်အမှိုက်များမှ စွမ်းအင် ထုတ်လုပ်နိုင်ခြင်းတို့ကြောင့် လူမှုဝန်းကျင်တွင် အကျိုးကျေးဇူးများရရှိစေနိုင်မည်ဖြစ်၍ ယခုလို အသိပညာပေးခြင်းကို ပြုလုပ်ခြင်းဖြစ်ကြောင်း ရန်ကုန်တောင်ပိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန ခရိုင်မှူး ဦးသက်ဝေက ပြောကြားခဲ့သည်။




လူတစ်ဦးလျှင် နေ့စဉ် အမှိုက်ထွက်ရှိမှု ပမာဏမှာ သုည ဒသမ ၃၉၇ ကီလိုဂရမ်ရှိပြီး အိမ်ထောင်စုတစ်စုလျှင် ပျမ်းမျှလူဦးရေ ခုနစ်ဦးရှိပါက တစ်နှစ်အတွက် အမှိုက်ထွက်ရှိမှုပမာဏမှာ တစ်တန်ဖြစ်ပေသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် တစ်ရက်လျှင် အမှိုက်တန်ချိန် ၁၆၉၀ ထွက်ရှိကြောင်း၊ စွန့်ပစ်အမှိုက်သိမ်းဆည်းမှုမှာ ၂၀၁၂ ခုနှစ် အမှိုက်စစ်တမ်းများအရ တစ်ရက်လျှင် တန် ၁၅၅၀ ထွက်ရှိကြောင်း၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် တစ်ရက်လျှင် အမှိုက် ၁၅၆၃ တန်ထွက်ရှိခြင်းတို့ကြောင့် အမှိုက်စစ်တမ်းသည် အရေးကြီးပြီး စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု၏ တစ်ခုတည်းသော ဖြေရှင်းမှုတစ်ခုဖြစ်ကြောင်း သိရသည်။ ရန်ကုန်တောင်ပိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများ၊ ဒလမြို့နယ်စည်ပင်သာယာ သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများက ခရီးသွားပြည်သူများအား စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များကို ဒလ-ပန်းဆိုးတန်းသင်္ဘောဆိပ်တို့တွင် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ယခုအခါ တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့တွင် ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအကြိမ်သည် ဒလမြို့နယ်၌ ပြုလုပ်ခဲ့ပြီး ဆက်လက်၍ ဆိတ်ကြီးခနောင်တိုမြို့နယ်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

**နိုင်လင်းကျော်(ဒလ)**



## ဒေးစွန်ပါဘုရားတောင်နံရံပြိုကျမှု နယ်မြေခံတပ်မတော်သားမိသားစုဝင်များ လုပ်အားပေးလှူဒါန်း

**ပဲခူး ဩဂုတ် ၂၄**
ပဲခူးမြို့နယ် ဝမ်းဘဲအင်းကျေးရွာအနီးတည်ထားကိုးကွယ်သော သမိုင်းဝင် ဆံတော်ရှင်ဒေးစွန်ပါ စေတီတောင်သည် တောင်နံရံပြိုကျမှုဖြစ်ပေါ်နေပြီး ယခုအခါ လေ့ကားထစ်စနစ်ဖြင့် တောင်ထိန်းနံရံ ပြုလုပ်မှုများဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၂ ရက်တွင် နယ်မြေခံတပ်မတော်သားမိသားစုများမှ လူအင်အား ၇၀ ကျော်ဖြင့် အုတ်၊ သဲ၊ ကျောက်သယ်ယူကာ လုပ်အားပေးလှူဒါန်းမှု ပြုလုပ်နေကြောင်း သိရသည်။

ဒေးစွန်ပါဘုရားတည်ထားကိုးကွယ်သောတောင်သည် မြေနံရံပြိုကျမှုဖြစ်ပေါ်လာ၍ ဂေါပကအဖွဲ့မှ တောင်ထိန်းနံရံတည်ဆောက်လျက်ရှိရာ ဩဂုတ် ၂၂ ရက်တွင် နယ်မြေခံတပ်မတော်သား မိသားစုများမှ လုပ်အားပေးလှူဒါန်းပေးခြင်းဖြစ်ပြီး အပတ်စဉ် ဝမ်းဘဲအင်းကျေးရွာ မျိုးဆက်သစ်လူငယ် ပရဟိတအဖွဲ့၊ ကံမြင့်ကျေးရွာအရှေ့ပိုင်းပရဟိတအဖွဲ့၊ အနောက်ပိုင်းပရဟိတအဖွဲ့၊ ဒေးစွန်ပါတောင်ခြေ ပရဟိတအဖွဲ့များ လုပ်အားပေးလျက်ရှိရာ ဩဂုတ် ၁၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် (၁၀) ရပ်ကွက်ရှိ ဘဝပီတိ လူငယ်ပရဟိတအဖွဲ့၊ ဩဂုတ် ၁၄ ရက်နှင့် ၂၀ ရက်တို့တွင် သာမဂ္ဂီဆွမ်းလောင်းအသင်းတို့မှ လုပ်အားပေးလှူဒါန်းမှုများ အသီးသီးပြုလုပ်ပေးခဲ့ပြီး နယ်မြေခံတပ်မတော်သားမိသားစုများနှင့် အခြားပရဟိတအဖွဲ့များလည်း စာရင်းပေးသွင်းထားကြောင်း ဒေးစွန်ပါဂေါပကအဖွဲ့မှ သိရသည်။

**ကိုလွင်(ဆွာ)**

## သက်တမ်းလွန် ဆေးဝါးများနှင့် စားသောက်ကုန်များ ရောင်းချမှုမရှိစေရေးအသိပညာပေး ကွင်းဆင်းစစ်ဆေး

**အမ်း ဩဂုတ် ၂၄**
ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့၌ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနက ဦးဆောင်လျက် မြို့ပေါ်အတွင်းရှိ ဆေးဝါးအရောင်းဆိုင်နှင့် စျေးဆိုင်များအား သက်တမ်းလွန်ဆေးဝါးများနှင့် စာသောက်ကုန်များ ရောင်းချမှုမရှိစေရေးအတွက် ဩဂုတ် ၂၂ ရက် နံနက် ၁၁ နာရီက အသိပညာပေးကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဆေးဝါးအရောင်းဆိုင်များအား သက်တမ်းလွန်ဆေးဝါးများအား ရောင်းချခြင်းမပြုကြရန်၊ တရားမဝင်လိုင်စင်မဲ့ ရောင်းချခြင်းမပြုရန်နှင့် ရက်လွန်ဆေးဝါးများအား သိမ်းဆည်းဆောင်ရွက်ခဲ့သည်။ ယင်းနောက် စျေးဆိုင်များတွင် ဓာတုဆိုးဆေးပါသော အချိုရည်၊ မုန့်များ၊ စားသုံးရန်မသင့်သော မှိုတက်အစားအစာများ၊ထုတ်လုပ်သည့် ကုမ္ပဏီ အမှတ်တံဆိပ်နှင့် သက်တမ်းကုန်ဆုံးရက် မပါသော အသင့်စားသုံးနိုင်သော စားသောက်ကုန်များအား စစ်ဆေးတွေ့ရှိရသဖြင့် ပြည်သူများစာသုံးပါက ကျန်းမာရေးထိခိုက်နိုင်သောကြောင့် ဆက်လက်ရောင်းချခြင်းမပြုရန် ဆိုင်ပိုင်ရှင်များအား အသိပညာပေးဆောင်ရွက်ခဲ့သည်။

အဆိုပါအဖွဲ့တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်၊ မြို့နယ် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာတင်အောင်ဝင်းနှင့်ဝန်ထမ်းများ၊ အမ်းမြို့မရဲစခန်းမှူး ဒုတိယရဲမှူးကျော်ဝင်း၊ စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဒေါ်ခင်စောဝေနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆေးဝါးအရောင်းဆိုင် ငါးခုနှင့် ကုန်စုံစျေးအရောင်းဆိုင် ငါးခုကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပဲပြား၊ပဲသွေး၊မုန့်ဟင်းခါးဖတ်များတွင်(ဖော်မလင်)ပါဝင်မှုရှိ၊ မရှိကွင်းဆင်းနမူနာကောက်ယူ

**ကန်ကြီးထောင့် ဩဂုတ် ၂၄**
စျေးကွက်အတွင်းရောင်းချနေသော ပဲပြား၊ ပဲသွေးနှင့် မုန့်ဟင်းခါးဖတ်များတွင်ပြည်သူများအတွက် ဘေးဖြစ်စေသောကြာရှည်ခံဆေး(ဖော်မလင်)များ ပါဝင်မှုမရှိစေရေးအတွက် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှဦးဆောင်၍မိတ်ဖက်ဌာနများနှင့်အတူ ဩဂုတ် ၂၂ ရက် နံနက် ၈ နာရီက ဒါးကကျေးရွာရှိ ဒါးကစျေးသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးဌေးလွင်၊ မြို့နယ်စားသုံးသူရေးရာဦးစီးမှူး ဦးအုန်းသိန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒု-ဦးစီးမှူးဦးစိန်ဆန်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများ ပါဝင်သောပူးပေါင်းအဖွဲ့မှ ဒါးကစျေးအတွင်းရောင်းချနေသောပဲပြား၊ ပဲသွေးနှင့် မုန့်ဟင်းခါးဖတ်များတွင် ကြာရှည်ခံဆေး(ဖော်မလင်)များပါဝင်မှုရှိ၊ မရှိကို တိုင်းဒေသကြီး FDA သို့ ပေးပို့စစ်ဆေးရန်နမူနာကောက်ယူခဲ့သည်။ ထို့နောက် အဆိုပါပူးပေါင်းအဖွဲ့မှစျေးသည်များကို ပဲပြား၊ ပဲသွေးများနှင့် မုန့်ဟင်းခါးဖတ် များ ရောင်းချရာတွင် ကြာရှည်ခံဆေး (ဖော်မလင်)ပါရှိသည်ဟု သံသယဖြစ်ပါက မရောင်းချကြရန်နှင့် စျေးစားသုံးသူရေးရာအဖွဲ့သို့ ချက်ချင်းအကြောင်းကြားရန် ဆွေးနွေးအသိပေးပြောကြားခဲ့ပြီး ဒါးကစျေး စားသုံးသူရေးရာအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**နန်းထိုက်(ပြန်/ဆက်)**

## စည်ပင်သာယာရေးဥပဒေနှင့် နည်းဥပဒေဆိုင်ရာအလုပ်ရုံဆွေးနွေး

**ပဲခူး ဩဂုတ် ၂၄**
ပဲခူးတိုင်းဒေသကြီးလွှတ်တော်က ကြီးမှူးကျင်းပသော တိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေနှင့် နည်းဥပဒေဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို ပဲခူးမြို့တော်ခန်းမ၌ ဩဂုတ် ၂၀ ရက်နှင့် ၂၂ ရက်တို့တွင် ကျင်းပသည်။

တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်း တိုးတက်ဖွံ့ဖြိုးရေးရာကော်မတီဥက္ကဋ္ဌ ဦးသက်စိန်နှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ ဒေါ်ဇင်မိုးထိုက်နှင့် ကော်မတီဝင်များ၊ မြို့နယ်များမှ စည်ပင်သာယာရေးကော်မတီဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



## ရထားပေါ်မေ့ကျန်ခဲ့သော နိုင်ငံခြားသားပစ္စည်းအားပြန်လည်ပေးအပ်

**မင်္ဂလာတောင်ညွန့် ဩဂုတ် ၂၄**
ရန်ကုန်မြို့ပတ်ရထား ဇီယာ(၈)သည် ဩဂုတ် ၂၀ ရက် ညနေ ၄ နာရီ မိနစ် ၄၀ ခန့်က ရန်ကုန်ဘူတာကြီးသို့ ဆိုက်ရောက်လာစဉ် တွဲအမှတ် ၆ တွင် စီးနင်းလိုက်ပါလာသော ဂျပန်နိုင်ငံသား ARINO TAIGA က ၎င်း၏ ခါးပတ်အိတ်တစ်လုံး ရထားပေါ်တွင်မေ့ကျန်ခဲ့ကြောင်း ဘူတာကြီးတာဝန်ရှိသူများထံ သတင်းပို့သဖြင့် တာဝန်ရှိသူများက ဆက်သွယ်စုံစမ်းပြီး အမှတ် ၁၃ တပ်ခွဲ တပ်စု ၂ (မလွှကုန်း) တပ်စုမှူး ဒုတိယရဲအုပ် အောင်ကျော်ဦးက ဒုရုံးပိုင်ချုပ် ဦးသန်းဦး၊ လက်မှတ်စစ် ဦးဝင်ထိန်တို့နှင့်အတူ ည ၈ နာရီ ခန့်တွင် ရန်ကုန်ဘူတာကြီးရုံးပိုင်ချုပ်ရုံးခန်း၌ ဂျပန်နိုင်ငံသား ARINO TAIGA ၏ ခါးပတ်အိတ်ကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး**

## ကောင်းကင်ဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၂၄**
ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနှင့် Myanmar Global Lighting Star Co.,Ltd. တို့ပူးပေါင်းစီစဉ်မှုဖြင့် သာကေတမြို့နယ်ဓာတ်အားခွဲရုံမှဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဓာတ်အားခွဲရုံသို့ပို့လွှတ်သည့် 33KV ကောင်းကင်ဓာတ်အားလိုင်းထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီခွဲအထိ ဆောင်ရွက်ပေးခဲ့သည်။

"ကောင်းကင်ဓာတ်အားလိုင်းအရှည် သုံးမိုင်ခွဲခန့်ကို အရှေ့ပိုင်းခရိုင်မှစုဖွဲ့အင်အားနှင့် ပန်းဥယျာဉ်ဌာနမှ ဝန်ထမ်းစုစုပေါင်း ၁၁၅ ဦးတို့က သစ်ကိုင်းသစ်ခက်တွေ ခုတ်ထွင်ပေးတာ၊ လိုင်းကြိုးမြှင့်ပေးတာနဲ့ ငှက်မနားကိရိယာ(Bird Spike)တပ်ဆင်တာတွေ ဆောင်ရွက်ပေးပါတယ်။ အကျိုးကျေးဇူးကတော့ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေဖို့၊ ဓာတ်အားပြတ်တောက်မှုလျော့နည်းစေဖို့ အဓိကထားဆောင်ရွက်ပေးတာပါ" ဟု မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးဇော်ဇော်လတ်က ပြောသည်။

အဆိုပါလုပ်ငန်းကို Myanmar Global Lighting Star Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးနေလင်းဦးနှင့်ဒါရိုက်တာဦးကျော်စွာအောင်၊ အရှေ့ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာဦးစံဌေးနှင့် ခရိုင်မန်နေဂျာအင်ဂျင်နီယာ ဦးသန်းထွန်းအေးတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်သည် ၃၀ ဒသမ ၅၄၅ စတုရန်းမိုင်ကျယ်ဝန်းပြီး ကျေးရွာ/ရပ်ကွက် ၃၇ ရပ်ကွက်ဖြင့် တည်ရှိကာ ဓာတ်အားသုံးစွဲမှုများပြားလာသည်နှင့်အမျှ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့်ဓာတ်အားသုံးစွဲသူမိဘပြည်သူများ ဗို့အားပြည့်မီစွာသုံးစွဲနိုင်ရေးအတွက် ဝန်ဆောင်မှုပေးလျက်ရှိကြောင်းသိရသည်။

**မောင်မောင်**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*



# ဒီမိုကရေစီနှင့်ဥပဒေ

မောင်စာဂ

ဒီမိုကရေစီစနစ်၊ ဒီမိုကရေစီအုပ်ချုပ်ရေးကို နိုင်ငံသူ နိုင်ငံသားအားလုံး လိုလားတောင့်တနေကြသည်။ ဒီမိုကရေစီစနစ်၊ ဒီမိုကရေစီအုပ်ချုပ်ရေးတွင် လွတ်လွတ်လပ်လပ်နေထိုင်မည်။ လွတ်လွတ်လပ်လပ် ပြောမည်၊ ဆိုမည်၊ ရေးသားမည်။ လွတ်လပ်မှုကို အလေးထားသည်။ လွတ်လပ်မှုကို ရှေ့တန်းတင်လိုသည်။ ဥပဒေ၏ စည်းနှောင်မှုကို မခံယူလိုချင်ကြ။ ဥပဒေက ဖိနှိပ်ချုပ်ချယ်မည်ကို ကြောက်ကြသည်။ စိုးရိမ်ကြသည်။ ဥပဒေ၏ တင်းကျပ်မှု၊ ဥပဒေ၏ တားဆီးပိတ်ပင်မှုတို့မှ လွတ်ကင်းလိုကြသည်။ အကျိုးအကြောင်း ဆင်ခြင်စောကြော ကြည့်ကြပါစို့။

ဥပဒေ၏ ပင်ကိုအနှစ်သဘောကို ပြောရလျှင် ဥပဒေသည်လူ့ဘောင်အဖွဲ့အစည်းတစ်ခုလုံးအတွက် လုံခြုံရေး၊ တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဖြစ်သည်။ လူသားအားလုံးအတွက် တန်းတူညီမျှဖြစ်စေရေး ဦးတည်သည်။ မျှမျှတတဖြစ်စေသည်။ ဘက်လိုက်မှု ကင်းသည်။ လူသားတစ်ဦးချင်းစီ၏ အခွင့်အရေးတို့ကို ကာကွယ်စောင့်ရှောက်သည်။ မြင့်မြတ်သည့် အနှစ်သဘောကို ဆောင်သည်။

ယင်းသို့ဆိုလျှင် ဒီမိုကရေစီ၏ လွတ်လပ်ခြင်း၊ တရားမျှတခြင်း တရားကိုယ်သဘောနှင့်ဥပဒေ၏ ဘက်လိုက်မှုကင်းသည့် တန်းတူညီမျှဖြစ်ရေး အနှစ်သာရတို့ကို ကြောင်းကျိုးဆက်စပ်ပေါင်းစည်း ဆင်ခြင်ရှုမြင်ရပါမည်။

ဒီမိုကရေစီဆိုသည်နှင့် ဥပဒေနှင့်ကင်း၍ ရနိုင်ပါမည်လား၊ ဒီမိုကရေစီသည် နှောင်ဖွဲ့မှုကို မလိုလား၊ တားဆီးပိတ်ပင်မှုမှ လွတ်ကင်းသော်ငြား ဥပဒေမဲ့ ရှင်သန်ဖြစ်ထွန်းနိုင်ပါမည်လား။ စဉ်းစားကြဖို့လိုပါမည်။

### ဒီမိုကရေစီတွင် ဥပဒေသည် လိုပါဦးမည်

ဒီမိုကရေစီစနစ်၊ ဒီမိုကရေစီအုပ်ချုပ်ရေးတွင် ဥပဒေဆိုသည် လိုပါဦးမည်လားဟု မေးခွန်းမေးလာလျှင် "လိုပါမည်"ဟု ဖြေချင်ပါသည်။ ဒီမိုကရေစီရှင်သန်နေရေးအတွက် ဥပဒေဖြင့် ထိန်းကျောင်းပေးနေရပါမည်။ ဒီမိုကရေစီနှင့် ဥပဒေ၊ ဥပဒေနှင့် ဒီမိုကရေစီ ဒွန်တွဲကာ အပြန်အလှန် အကြောင်းအကျိုးပြု ဆက်နွှယ်နေရပါမည်။

ဒီမိုကရေစီစနစ်၊ ဒီမိုကရေစီအုပ်ချုပ်ရေးဆိုသည်မှာ အများနားလည်ပြီးဖြစ်သည်။ ဒီမိုကရေစီစနစ်သည် ပြည်သူများ၏ ရေးရာကိစ္စမှန်သမျှကို ပြည်သူများကိုယ်တိုင် အုပ်ချုပ်သောစနစ်ဖြစ်သည်။ ပြည်သူများက ရွေးကောက်တင်မြှောက်ပေးလိုက်သော ပြည်သူ့ကိုယ်စားလှယ်များဖြင့် အုပ်ချုပ်စေခြင်း ဖြစ်သည်။ ပြည်သူတွေကို အကျိုးမပြုသော ဥပဒေဖြစ်လျှင်ပယ်ဖျက်ရသည်။ ပြည်သူတွေကို အကျိုးပြုသော ဥပဒေများ ဖြစ်ထွန်းစေရန် ပြင်ဆင်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းများ ပြုရသည်။ ပြည်သူတွေကို ကာကွယ်စောင့်ရှောက်သော၊ ပြည်သူတို့၏ ကောင်းကျိုးချမ်းသာများ ဖော်ဆောင်ပေးနိုင်သော ဥပဒေများကို ပြဋ္ဌာန်းပေးရသည်။ တစ်ဖက်တွင်လည်း နိုင်ငံတော်တည်ငြိမ်ရေး၊ လုံခြုံရေးအတွက် ဥပဒေတွေ ပြဋ္ဌာန်းပေးရန် လိုအပ်သကဲ့သို့ ဒီမိုကရေစီရေးကို အနှောင့်အယှက်ပြုသူများ၊ ဖျက်လိုဖျက်ဆီးပြုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်တားဆီးဖို့ကိုလည်း ဥပဒေများ ရှိနေရဦးမည်။

### ဒီမိုကရေစီစနစ်သည် အခက်အခဲဆုံးဖြစ်သည်

"ဒီမိုကရေစီစနစ်သည် တိုင်းပြည်အုပ်ချုပ်ရေးစနစ်များအနက် အခက်အခဲဆုံးစနစ်တစ်ခု ဖြစ်သည်။ ဒီမိုကရေစီစနစ်အောင်မြင်ရန် ပြည်သူပြည်သားတို့သည် အသိဉာဏ်၊ ပညာဉာဏ်နှင့် ဆင်ခြင်တုံတရားလုံလောက်အောင်ရှိကြရမည်။ အသိဉာဏ်ကင်းမဲ့သော နိုင်ငံတွင် ဒီမိုကရေစီစနစ်သည် ဗရုတ်သုတ်ခကိုသာ ဖြစ်စေလိမ့်မည်။" ဤသည်မှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးတွင် အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် သက်တမ်းနှစ်ကြိမ်တိုင် တာဝန်ထမ်းဆောင်ခဲ့သည့် ဦးသန့်၏ မိန့်ဆိုစကားဖြစ်သည်။ ဒီမိုကရေစီလိုလားသော နိုင်ငံသူ နိုင်ငံသားများ အစဉ်အမြဲ နှလုံးသွင်းထားအပ်ကြသည် အမှန်ပင်။

### လွပ်လပ်ရေးနှင့်ဒီမိုကရေစီ

"----------။ ဂျပန်ခေတ်တုန်းက ဂျပန်ခေတ် ဗမာ့လွတ်လပ်ရေး၊ အဲဒီတုန်းကဆိုလို့ရှိရင် လွတ်လပ်ရေးရပြီးတော့ကာ ဟသ်ာတနယ်ထဲမှာ ကျွန်တော်တွေ့ခဲ့တယ်။ ဘာတွေ့သလဲဆိုရင် လမ်းမပေါ်မှာ ဆေးလှန်းတယ်။ ဟာလွတ်လပ်ရေးရပြီကွဆိုပြီးတော့ လူတကာသွားနေတဲ့လမ်းမပေါ်မှာ ထွက်ပြီး ဆေးတွေလှန်းတယ်။ အဲဒီတော့ လမ်းသွားလမ်းလာလုပ်တဲ့လူတွေ အတော်ခွကျတယ်။ အဲဒါဟာ လွတ်လပ်ရေးမဟုတ်ဘူး။ လွတ်လပ်ရေးဆိုတဲ့အဓိပ္ပာယ်ကဘာလဲ၊ လွတ်လပ်ရေးဆိုတာဟာ ကိုယ်တစ်ဦးတစ်ယောက် ကောင်းစားဖို့ဖြစ်စေ၊ တစ်မျိုးသားလုံးကောင်းစားဖို့ဖြစ်စေလုပ်တဲ့နေရာမှာ အခြားတစ်ဦးတစ်ယောက်ရဲ့ အကျိုးကို မထိခိုက်ဘဲနဲ့ အခြားလူတွေရဲ့အကျိုးကို မထိခိုက်ဘဲနဲ့ လွတ်လွတ်လပ်လပ် ကိုယ့်တိုးတက်မှုအတွက် လုပ်နိုင်တာဟာ လွတ်လပ်ရေးပဲ။ ----- ဒီတော့ လွတ်လပ်ရေးဆိုတဲ့အဓိပ္ပာယ်ဟာ စည်းမဲ့ကမ်းမဲ့သဘောမျိုးမဟုတ်ဘူး။ စည်းနဲ့ကမ်းနဲ့သဘောမျိုးသာဖြစ်တယ်။ စည်းနဲ့ကမ်းနဲ့ရှိမှ သာလျှင် လွတ်လပ်ရေးဆိုတာဖြစ်နိုင်တယ်။" ဤသည်မှာ အမျိုးသားခေါင်းဆောင်၊ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆုံး ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်ဖြစ်သည်။ ကြားလို့မဝနိုင်၊ ဖတ်လို့မဝနိုင်၊ ရေးလို့မဝနိုင်၊ လူတိုင်းလေးစားလိုက်နာအပ်သော လမ်းညွှန်အဆိုအမိန့်ဖြစ်သည်။

"ဒီမိုကရေစီဆိုတဲ့အဓိပ္ပာယ်ဟာလည်း စည်းမဲ့ကမ်းမဲ့သဘောမျိုးမဟုတ်ဘူး။ စည်းနဲ့ကမ်းနဲ့သဘောမျိုးသာဖြစ်တယ်။ စည်းနဲ့ကမ်းနဲ့ရှိမှသာလျှင် ဒီမိုကရေစီဆိုတာ ဖြစ်နိုင်တယ်" ဆိုသည့် အတွေးအခေါ်၊ အယူအဆများကိုလည်း ဆင့်ပွားဆင်ခြင်သိမြင်နိုင်ကြပါမည်။

အမှန်တော့ဒီမိုကရေစီဟူသည် ပေးမှရရှိအပ်သည်မဟုတ်။ တောင်းခံ၍ရစကောင်းသည်မဟုတ်။ မိမိတို့ကိုယ်တိုင်လုပ်ယူကြရမည်။ မိမိတို့ကိုယ်တိုင် စည်းနဲ့ကမ်းနဲ့နေတတ်ကြရမည်။ တစ်ဦးတစ်ဦးစီတွင် တာဝန်ရှိကြသည်။ စုပေါင်း၍လည်း တာဝန်ရှိကြသည်။ စင်စစ်ဒီမိုကရေစီတွင် တစ်ဦးချင်းနှင့်အဖွဲ့လိုက် တာဝန်သိမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှု ရှိကြရသည်။

### ဒီမိုကရေစီပဒေသာပင်ရှင်သန်စေဖို့

ဒီကနေ့ ဒီမိုကရေစီပဒေသာပင်ပေါက်လေး မြန်မာနိုင်ငံမြေပေါ်တွင် ပေါက်ရောက်နေသည်ကို ကြည့်တတ်သူများ တွေ့မြင်ကြရသည်။ ကောင်းသောအမြင်၊ အပြုသဘောအသွင်ဆောင်၍ လွတ်လပ်စွာ တွေးခေါ်ကြံဆ၊ ပြောနေ၊ ဆိုနေ၊ ရေးနေ၊ ဟောနေကြသည်။ တစ်ပါးသူကိုမထိခိုက်စေဘဲ လွတ်လပ်စွာ သွားလာလှုပ်ရှား၊ နေထိုင်စားသောက်၊ အသက်မွေးဝမ်းကျောင်းပြုနေကြသည်။ ပညာတွေသင်ယူနေကြသည်။ ဒီမိုကရေစီ ပဒေသာပင်ပေါက်လေးကို ရှင်သန်ကြီးထွားလာအောင် မြေတောင်မြှောက်၊ ပြုစုစောင့်ရှောက်ရေလောင်းပေါင်းသင်ပေးနေကြပြီ။

တစ်ဖက်ကလည်း အဓမ္မဝါဒီများ၊ ဒီမိုကရေစီအစွန်းရောက်သူများ၊ ဒီမိုကရေစီမလိုလားသူများက ဖျက်လိုဖျက်ဆီး၊ အနှောင့်အယှက်များပေးခြင်းဖြင့် ဒီမိုကရေစီပဒေသာပင် ရှင်သန်ကြီးထွားမလာအောင် လုပ်ဆောင်နေကြသည်။ တစ်ဖက်နှင့်တစ်ဖက် ဒွန်တွဲလွန်ဆွဲကာ အားပြိုင်နေကြသည်။

ဤသို့သော အခြေအနေတွင် အရေးကြီးသည်မှာ ဒီမိုကရေစီပဒေသာပင် ရှင်သန်ကြီးထွားစေဖို့ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့သည် ဒီမိုကရေစီစိတ်ထားများ ရှိကြရမည်။ ဥပဒေစိတ်ထားများထားကြရမည်။

တစ်ဦးချင်း၏ ဆန္ဒသဘောထားများကို အားလုံးက လေးစားတတ်ကြခြင်း၊ အများ၏ ဆုံးဖြတ်ချက်ကို အားလုံးက လိုက်နာတတ်ကြခြင်း၊ အနည်းစုဆန္ဒသဘောထားများကို အားလုံးက အလေးထားတတ်ကြခြင်း၊ အနည်းစု၏ ထုတ်ဖော်ချက်ကိုအားလုံးက အလေးဂရုပြုတန်ဖိုးထားတတ်ကြခြင်း၊ အပြန်အလှန် နားလည်မှုရှိကြခြင်း၊ အပြန်အလှန်ချစ်ခင်လေးစားမှုရှိခြင်း၊ အပြုသဘော အသွင်အပြုသဘော အမြင်ဆောင်ခြင်း၊ တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်အဝရှိခြင်း၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ အစရှိသည့် ဗြဟ္မစိုရ်တရား လေးပါး အမြဲနှလုံးသွင်းထားခြင်း ဤသည်တို့ကား ဒီမိုကရေစီ စိတ်ထား၏ အရင်းခံအကြောင်းတရားများ သို့မဟုတ် သွင်ပြင်လက္ခဏာများဖြစ်သည်ဟု မှတ်ယူနိုင်သည်။ စင်စစ် ဒီမိုကရေစီစိတ်ထား၏ တရားကိုယ်သဘောမှာ ပြည်သူအားလုံး လိုက်နာအပ်သော ပြည်သူ့နီတိစိတ်ထားဖြစ်သည်။

ရိုးသားဖြောင့်မတ်ခြင်း၊ ရဲရင့်ခြင်း၊ တည်ကြည်ခြင်း၊ မှန်ကန်မျှတမှုကို လိုလားခြင်း တရားသဖြင့် ဖြစ်စေမှုကို အလေးထားခြင်း၊ အညီအမျှဖြစ်မှုကို မြတ်နိုးခြင်း၊ ချိန်ခွင်လျှာပမာ တည့်မတ်မှန်ကန်မှုကို တန်ဖိုးထားခြင်း၊ ဘက်လိုက်မှုခွဲခြားမှုကို ရွံ့မုန်းတတ်ခြင်း၊ မတရားမှု မမှန်ကန်မှု ပြုလုပ်ရမည်ကို ရှက်ခြင်း၊ ကြောက်ခြင်း စသည်တို့သည် ဥပဒေစိတ်ထား၏ အရင်းခံအကြောင်းတရားများ သို့မဟုတ် သွင်ပြင်လက္ခဏာများ ဖြစ်သည်။ ဤသည်မှာ ဥပဒေစိတ်ထားများဖြစ်သည်။

နိုင်ငံသူနိုင်ငံသားတိုင်း ဒီမိုကရေစီစိတ်ထား၊ ဥပဒေစိတ်ထားများရှိကြမည်ဆိုလျှင် ဒီမိုကရေစီ ပဒေသာပင် ထာဝစဉ်ရှင်သန်ကြီးထွား ဖွံ့ဖြိုးနေမည်သာဖြစ်သည်။ အဓမ္မတွေ ကွယ်ပျောက်၍ ဓမ္မတွေလွှမ်းခြုံနေပေမည်။ ယင်းသို့ဆိုလျှင် ဥပဒေဟူသည် ထူးထူးခြားခြား လိုအပ်မည်မဟုတ်တော့။ အစိုးရသည်ပင်လျှင် ရှိမှန်းမသိဖြစ်နေတော့မည်။

လက်ရှိအခြေအနေတွင်မူ မိမိတို့နိုင်ငံအနေဖြင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ကာလဖြစ်သည့် အားလျော်စွာ ဘက်ပေါင်းစုံမှ သတိကြီးစွာထား၍ကြိုးစားလုပ်ဆောင်ကြရပါဦးမည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး Dr. Luam Thuy Duong က ဒီမိုကရေစီအသွင်ကူးပြောင်းရေး ရေရှည်ဖြစ်ထွန်းရန် မြန်မာပြည်သူတွေ ပိုမိုကြိုးပမ်းဖို့လိုသည်ဟု မြင်ကြောင်း၊ ယင်းသို့ ဖြစ်ထွန်းရန် ဥပဒေနှင့်ညီညွတ်သည့် စနစ်တစ်ရပ်ရှိရန် အထူးလိုအပ်သည်ဟု မြင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ကို ဖတ်ရှုသိရှိရသည်။

### သတိပြုဖွယ်ပညာရှင်တို့၏ အဆိုအမိန့်များ

သိပ္ပံပညာရှင် အဲဘတ်အိုင်စတိုင်းက "ကမ္ဘာကြီးက မကောင်းသူတွေကြောင့် ပျက်စီးသွားမှာမဟုတ်ဘူး၊ မကောင်းလုပ်နေတာ မြင်ပါလျက်နဲ့ လက်ပိုက်ကြည့်နေသူတွေကြောင့်သာ ပျက်စီးမှာပါ"ဟု မိန့်ဆိုခဲ့ဖူးသည်။

ငြိမ်းချမ်းရေး နိုဘယ်ဆုရှင် ဒေါက်တာမာတင်လူသာကင်းက "မတရားမှုတစ်ခုမှာ ကြားနေတယ်ဆိုရင် သင်ဟာ ဖိနှိပ်သူဘက်က ရွေးချယ်လိုက်တာနဲ့ အတူတူပါပဲ"ဆိုပြီး မိန့်ဆိုခဲ့ဖူးသည်။

ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဒက်စ်မွန်တူးတူးက "တရားမျှတမှုမရှိတဲ့အခြေအနေတစ်ရပ်မှာ နှုတ်ဆိတ်နေမယ်ဆိုလျှင် ဖိနှိပ်သူဘက်က ရပ်တည်တယ်လို့ပဲ သတ်မှတ်ရလိမ့်မယ်" ဆိုပြီး မိန့်ဆိုခဲ့ဖူးသည်။

ဤသို့ဆိုပါက ဒီမိုကရေစီပဒေသာပင် ရှင်သန်ကြီးထွားမလာဘူးဆိုလျှင် ဒီမိုကရေစီကို ဆန့်ကျင်နေသူများ၊ အစွန်းရောက်သူများ၊ အဓမ္မဝါဒီများ၏ လုပ်ရပ်ကြောင့် မဟုတ်ဘဲ၊ သူတို့၏ လုပ်ရပ်များကို လူတော်လူကောင်းများ၊ ဒီမိုကရေစီစိတ်ထားရှိသူများ၊ ဥပဒေစိတ်ထားရှိသူများနှင့်ဓမ္မဝါဒီများက မြင်ပါလျက် လက်ပိုက်ကြည့်နေခြင်းကြောင့်သာ ဖြစ်ပါလိမ့်မည်။ ဓမ္မဝါဒီတွေ နှုတ်ဆိတ်နေလျှင် အဓမ္မဝါဒီများရဲ့အသံ ဆူညံနေပေလိမ့်မည်သာ ဖြစ်သည်။

### ဒီမိုကရေစီရှင်သန်ရန် ဥပဒေအခြေခံ

အချုပ်အားဖြင့်ဆိုရသော် ဒီမိုကရေစီ ရေရှည်ရှင်သန်ဖွံ့ဖြိုးစေရေးအတွက် နိုင်ငံသားတိုင်း ဒီမိုကရေစီစိတ်ထား၊ ဥပဒေစိတ်ထား ရှိကြရမည်။ နိုင်ငံတော်ကို ချစ်မြတ်နိုးသူတိုင်း ဒီမိုကရေစီရေးကို အလေးထားသူတိုင်း ဥပဒေကို လေးစားလိုက်နာပြီး ဥပဒေနှင့်အညီ ပိုမိုအားထုတ်ကြိုးပမ်း လုပ်ဆောင်ကြရန် တာဝန်ရှိသည်။

ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက၏ နှစ်(၇၀)ပြည့် အာဇာနည်နေ့အမှတ်တရ စကားကို တန်ဖိုးထား၍ ပမာပုံပြုဆိုရသော် နိုင်ငံတော်တည်ငြိမ်ရေး၊ နိုင်ငံတော်ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့် ဒီမိုကရေစီပဒေသာပင်ရှင်သန်ဖွံ့ဖြိုးရေးတို့ကို နည်းမျိုးစုံဖြင့် ဖျက်လိုဖျက်ဆီး အနှောင့်အယှက်ပေးနေသူများ၏ ပြဿနာ၏ အကြောင်းရင်းအမြစ်ကို ပြတ်ပြတ်သားသား ဖြတ်တောက်ပစ်ရမည်။ ပြဿနာ၏ အကျိုးဆက် အညွန့်ကိုလည်း ပြတ်ပြတ်သားသား ဖြတ်တောက်ပစ်ရပါမည်။ တစ်ဆက်တည်း တစ်ပြိုင်တည်းပင် လူတော်လူကောင်းများ၊ ပြည်သူကိုအလုပ်အကျွေးပြုလိုသူများ၊ နိုင်ငံတော်ကိုချစ်မြတ်နိုးသူများ၊ ဒီမိုကရေစီရေးကို အလေးထားသူများ၏ အမြစ်ကိုလည်း ခိုင်မာကြီးထွားအောင် ပြုလုပ်ရမည်။ အညွန့်ကိုလည်း ရှင်သန်ဝေဆာအောင် ပြုလုပ်ရမည်ဖြစ်ကြောင်းပါ။

**ဒီမိုကရေစီစိတ်ထား ပွားနိုင်ကြပါစေ။**

**ဥပဒေစိတ်ထား ထားနိုင်ကြပါစေ။**

**ဥပဒေကို အခြေခံ၍ ဒီမိုကရေစီ ထာဝရရှင်သန် ဖွံ့ဖြိုးနိုင်ပါစေ။ ။**

ဒီမိုကရေစီဆိုတဲ့အဓိပ္ပာယ်ဟာလည်း စည်းမဲ့ကမ်းမဲ့သဘောမျိုးမဟုတ်ဘူး။ စည်းနဲ့ကမ်းနဲ့သဘောမျိုးသာဖြစ်တယ်။ စည်းနဲ့ကမ်းနဲ့ရှိမှသာလျှင် ဒီမိုကရေစီဆိုတာဖြစ်နိုင် . . . အမှန်တော့ဒီမိုကရေစီဟူသည် ပေးမှရရှိအပ်သည်မဟုတ်။ တောင်းခံ၍ရစကောင်းသည်မဟုတ်။ မိမိတို့ ကိုယ်တိုင် လုပ်ယူကြရမည် . . . .

# ကာရိုက်တာထက် သရုပ်ဆောင်ကို ရှုးသွပ်သူပါဆိုတဲ့ ဇေရဲထက်

သရုပ်ဆောင်ပိုင်းကောင်းမွန်ရုံသာမက ဇာတ်ရုပ်နဲ့ လိုက်ဖက်အောင် ဝတ်စားဆင်ယင်တတ်သူရယ်လို့ ပရိသတ်အသိအမှတ်ပြုမှုရရှိထားတဲ့ ဇေရဲထက်က ဇာတ်ရုပ်အပေါ် အသေးစိတ်ဂရုစိုက်ဖြစ်တာနဲ့ပတ်သက်ပြီး အခုလိုပြောပါတယ်။

ကျွန်တော့်ကိုကာရိုက်တာကို ရူးသွပ်သူလို့ပြောတာထက် သရုပ်ဆောင်ကို ရူးသွပ်သူလို့ပြောရင်ပိုမှန်ပါလိမ့်မယ်။ ကျွန်တော် သရုပ်ဆောင်ကို အလွန်ရူးသွပ်ပါတယ်။ ဘယ်နေရာကပဲသရုပ်ဆောင်ရပါစေ၊ ကျွန်တော် ကျရာ နေရာကအကောင်းဆုံးဖြစ်အောင်ပြင်ဆင်ပါတယ်။ ဘယ်လိုဇာတ်ရုပ်မျိုးပဲဖြစ်ဖြစ်အသေးစိတ်စီစဉ်တယ်။ အသေးစိတ်လုပ်ဆောင်တယ်၊ ဟိုတလောကရိုက်ခဲ့တဲ့ မာယာကကြိုးတို့ လှရွှေနှင့်သူ၏သူငယ်များတို့လို မိန်းမလျာဇာတ်ရုပ်ဆိုလည်း ကျွန်တော့်ဘက်ကသရုပ်ဆောင်မှု အပိုင်းပီပြင်ဖို့အတွက် ခန္ဓာကိုယ်ကအစဂရုစိုက်တယ်။

လက်မောင်းတွေဘာတွေကအစကျစ်လျစ်သွားအောင်ကို ကျွန်တော် ထမင်းလုံးဝမစားဘူး။ အငတ်ခံပြီးတော့ သရုပ်ဆောင်ခဲ့တယ်။ ကျွန်တော့်အနေနဲ့ အဲလိုမျိုးပြောပြတယ်ဆိုတာက ပရိသတ်ကို သနားအောင်လုပ်ပြတာမျိုးမဟုတ်ဘူး။ ကျွန်တော့်ဘက်ကလုပ်ဆောင်တဲ့ အတိုင်းအတာက အဲဒီလောက်ထိ ကျွန်တော်လုပ်ခဲ့တယ် ဆိုတာကိုပဲ ကျွန်တော်ပြောပြတာပါ။ ကျွန်တော်ယောကျ်ားပုံစံကြီးနဲ့ သရုပ်ဆောင်လည်းရတာပဲလေ။ ဒါပေမယ့် ကျွန်တော့်ရဲ့ခန္ဓာကိုယ်ကြီးက ဟဲဗီးဝိတ်ခန္ဓာကိုယ်ကြီးနဲ့သရုပ်ဆောင်ရမှာကို ကျွန်တော် မလိုချင်ဘူး။ ကျွန်တော့်ကာရိုက်တာကဘာလဲ။ အဲဒီ ကာရိုက်တာကိုအကောင်းဆုံး ဖြစ်ချင်တာ ကျွန်တော့်ရဲ့စိတ်၊ ကျွန်တော် သရုပ်ဆောင်တစ်ယောက်ရဲ့ အတ္တ၊ အဲဒါကြောင့် ဘယ်ကားမဆို ဘယ်ကားရိုက်တာကိုမဆို အကောင်းဆုံးဖြစ်အောင် ကျွန်တော်စီစဉ်ပါတယ်။ ပရိသတ်ဆီက သရုပ်ဆောင်ပီပြင်တယ်ဆိုတဲ့ အသံလေးပြန်ကြားရတာနဲ့တင် အမောပြေပါတယ်လို့ ဇေရဲထက်ကပြောပါတယ်။

အခုနောက်ပိုင်းမှာ မိန်းမလျာဇာတ်ရုပ်တွေ ဆက်တိုက်ဆိုသလို လက်ခံရိုက်ကူးဖြစ်နေရခြင်း အကြောင်းရင်းနဲ့ ပတ်သက်ပြီးတော့လည်း သူကဆက်လက်ရှင်းပြပါသေးတယ်။

"တချို့ကလည်း အခြောက်ကားဘာလို့ရိုက်တာလဲ ဆိုပြီးမေးကြတယ်။ ကျွန်တော်တို့အနေနဲ့က ငြင်းပိုင်ခွင့်မရှိဘူး။ ကျွန်တော်တို့တွေက သရုပ်ဆောင်တွေဖြစ်နေတယ်။ နောက်တစ်ခုက ဇာတ်၊ ဖျော်ဖြေရေးဇာတ်ရှိတယ်။ ဒရာမာဇာတ်ရှိတယ် အမျိုးမျိုးပေါ့။ ကျွန်တော့် ကားကို ပရိသတ်ကြည့်ပြီး ပျော်ရွှင်သွားစေချင်တယ်။ စိတ်ချမ်းသာသွားစေချင်တယ်။ စိတ်ညစ်နေတဲ့လူတွေတောင်မှ ကျွန်တော့်ကားလေးကြည့်လိုက်ရင်စိတ်ထွက်ပေါက်လေး တစ်ခုရသွားစေရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ရိုက်တာလည်းရှိပါတယ်။ တချို့ကလည်း မိန်းမလျာဇာတ်ရုပ်တွေ အရိုက်များလာတယ်လို့ ပြောကြတယ်။ တကယ်က မများပါဘူး။ ကျွန်တော်က တစ်နှစ်ကို ဗီဒီယိုတစ်ကား၊ ရုပ်ရှင်တစ်ကားရိုက်တယ်။ အဲဒါဘာလို့လဲဆိုတော့ ပရိုဂျူဆာတွေအတွက် လည်းပါတယ်။ ပရိသတ်တွေအတွက်လည်း ပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့နိုင်ငံက သရုပ်ဆောင်တွေက များသောအားဖြင့် ကားရိုက်များမှ အဆင်ပြေတာလေ။ နိုင်ငံခြားမှာဆိုရင် တစ်ကားရိုက်ပြီးသွားရင် ၁၀ နှစ်လောက် ထိုင်စားနေလည်းဘာမှမဖြစ်ဘူး။ နှစ် ၂၀ လောက် ထိုင်စားလည်းအေးဆေးပဲ။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာက တစ်ကားရိုက်တာနဲ့အဆင်မပြေဘူး။ ကျွန်တော်တို့ဆို တစ်ကားရိုက်တဲ့ ပိုက်ဆံနဲ့ ဝတ်ရတဲ့ဝတ်စုံနဲ့ မကာမိဘူး။ ဒါပေမယ့် ကျွန်တော်ကတော့ အကောင်းဆုံးလုပ်ဆောင်တယ်။ အခုလို ခေတ်ပျက်တဲ့ အခြေအနေတစ်ခုမှာ ပြောရရင်တော့အဆင်မပြေမှ ခေတ်ပျက်မှ မင်းသားဖြစ်တဲ့ မင်းသားတွေထဲမှာ ကျွန်တော်တို့ပါတာပေါ့။ ဒါပေမယ့် ကျွန်တော်ဝါသနာပါတဲ့ ကျွန်တော်ရူးသွပ်တဲ့ အနုပညာကိုတော့ အကောင်းဆုံးဖြစ်အောင် ကျွန်တော်ဘက်က ဖြည့်ဆည်းလုပ်ဆောင်သွားမှာပါလို့ ဇေရဲထက်က ပြောပြခဲ့ပါတယ်။



သရုပ်ဆောင်ဇေရဲထက်ဟာ ဗီဒီယိုဇာတ်ကားပေါင်းများစွာ သရုပ်ဆောင်ထားသလို ရုပ်ရှင်ဇာတ်ကားတွေ အနေနဲ့လည်း ထုတ်လုပ်ရေးတိုက်များစွာနဲ့ ဆက်တိုက်ဆိုသလို ပါဝင်သရုပ် ဆောင်နေရသူ တစ်ယောက်လည်း ဖြစ်ပါတယ်။

**မေနှင်းဆီ**

# ပျော်ရွှင်စရာကောင်းတဲ့မိသားစုဖြစ်ဖို့ ပေးဆပ်ရတာပါပဲလို့ ပြောလာတဲ့ သက်မွန်မြင့်



ထပ်ဆင့် အကယ်ဒမီဆုရှင် သက်မွန်မြင့်က ပြီးပြည့်စုံတဲ့ မိသားစုဘဝကို တည်ဆောက်ဖို့ဆိုရင်ပေးဆပ်မှုတော့ရှိရတာပါပဲလို့ ဖွင့်ဟပြောဆိုလာပါတယ်။

"ပျော်ရွှင်စရာကောင်းတဲ့ မိသားစုဖြစ်ဖို့ပေးဆပ်ရတာပါပဲ။ ဘယ်အရာမဆို ကြိုးစားအားထုတ်မှုဆိုတာတော့ရှိရတာပဲပေါ့။ ဥပမာဆိုရင် ဒီလိုမျိုး သားသား၊ မီးမီးနဲ့နေရဖို့ဆို ကိုယ်က အနုပညာချစ်မြတ်နိုးတဲ့သူဖြစ်ပေမယ့်လည်း အနုပညာအလုပ်တွေ လျှော့လိုက်ရတာပါပဲ။ လိုက်ဖက်အောင်တော့ ကိုယ်ကလည်း အကောင်းဆုံး ကြိုးစားသွားရမှာ ကိုယ့်ကိုချစ်တဲ့ပရိသတ်တွေအတွက်လည်း အနုပညာရှင်တစ်ယောက်အနေနဲ့အကောင်းဆုံးရပ်တည်နိုင်အောင် ကြိုးစားသွားမယ်။ ဒီဘက်မှာလည်း ပျော်ရွှင်စရာကောင်းတဲ့မိသားစုလေးဖြစ်အောင်အချိန်လည်းပေးရမယ်ဆိုတော့ လစ်ဟင်းမှုလေးတွေတော့ အလုပ်ဘက်မှာနည်းနည်းရှိတာပေါ့။ ဘာပဲဖြစ်ဖြစ်နှစ်ဦးနှစ်ဖက်လည်းနားလည်မှုတွေ၊ တစ်ယာက်နဲ့တစ်ယောက် မေတ္တာတွေနဲ့ နားလည်မှုတွေနဲ့ ပံ့ပိုးသွားမယ်ဆိုရင် ကိုယ့်မိသားစုလေးက ပျော်ရွှင်စရာကောင်းသွားမှာပါလို့ သူကပျော်ရွှင်စရာမိသားစုဘဝဖြစ်လာဖို့ အဓိပ္ပာယ်ဖွင့်ဆိုခဲ့သလို ရင်သွေးနှစ်ဦးရဲ့ နာမည်လေးတွေရွေးချယ်ဖြစ်ခဲ့တာနဲ့ပတ်သက်ပြီးတော့လည်း အခုလို ပြောပြခဲ့ပါသေးတယ်။

နှစ်ယောက်လုံးကိုမိဘနာမည်တွေမပါဘဲနဲ့သူတို့နာမည်လေးတွေနဲ့လွတ်လွတ်လပ်လပ်လေးတွေဖြစ်စေချင်ခဲ့တယ်။ အဲဒါကြောင့်မို့လို့ သားသားတုန်းကလည်း သူ့နေ့နံနဲ့လိုက်ဖက်တဲ့နာမည်လေးပေးဖြစ်ခဲ့တယ်။ အခုသမီးလေးကျတော့လည်း သူကအေးချမ်းတယ်။ မျက်နှာလေးကိုကလည်း အလွန်အေးချမ်းသလို လပြည့်နေ့မှာမွေးတာဖြစ်တဲ့အတွက် အရင်ကတည်းက လဝန်းမေလို့ ပေးမလို့ပါပဲ။ နောက်တော့ သက်မွန်အကယ်ဒမီရခဲ့တဲ့ ဇာတ်ရုပ်နာမည်ကလည်း မိုးစက်မေနဲ့ ရခဲ့တာဆိုတော့ အမှတ်တရ အနေနဲ့လည်း ဖြစ်တယ်။ မေဆိုတာသက်မွန် ရှေ့မှာလည်းတောက်လျှောက် မိုးကြိုးမေ၊ သီရိမေ၊ မိုးစက်မေဆိုတဲ့နာမည်လေးတွေနဲ့သရုပ်ဆောင်ခဲ့တယ်။ သမီးနဲ့ကံစပ်တယ်။ သူ့နေ့နံလေးနဲ့လည်းလိုက်တယ်ဆိုပြီးတော့ဒီနာမည်လေးကိုပေးဖြစ်ခဲ့တာပါလို့ သက်မွန်မြင့်က ပြောပြခဲ့ပါတယ်။

လတ်တလောမှာတော့ မိသားစုကို အချိန်ပေးနေရသူပီပီ ၊ အနုပညာအလုပ်တွေကို အရင်လောက် မလုပ်နိုင်တော့ပေမယ့်လည်း ကြော်ငြာတွေနဲ့ သူ့အတွက်လုပ်ကွက်ရတဲ့ ရုပ်ရှင်ဇာတ်ကားတွေမှာပါဝင်သရုပ်ဆောင်ဖြစ်နေတယ်လို့ သက်မွန်မြင့် ကပြောပြခဲ့ပါတယ်။ သက်မွန်မြင့်ဟာ အာဒံရယ်၊ ဧဝရယ်၊ ဒဿရယ် ဇာတ်ကားနဲ့ချစ်လှစွာသောအမုန်းဇာတ်ကားတို့နဲ့ အကယ်ဒမီနှစ်ဆုရရှိထားသူဖြစ်ပါတယ်။

**မေနှင်းဆီ**



# မင်းသမီး မွန်ချေဝန် ရာဇဝင်ရုပ်ရှင်သစ်မှာ ချိုဆန်ဝူး၊ ဂျီဆန်းအင်တို့နဲ့တွဲဖက်သရုပ်ဆောင်သွားမည်

တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်တဲ့ မွန်ချေဝန်က ရာဇဝင်ရုပ်ရှင်အမျိုးအစားဖြစ်တဲ့ "Great Site"မှာ ခေါင်းဆောင်မင်းသမီးအဖြစ်ပါဝင်သွားမှာဖြစ်ပြီး ယင်းရုပ်ရှင်မှာ ဇာတ်ဆောင်တွေအဖြစ်ပါဝင်သွားကြမယ့်မင်းသားတွေကတော့ ချိုဆန်ဝူးနဲ့ ဂျီဆန်းအင်တို့ဖြစ်ကြကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

မွန်ချေဝန်ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ နမ်မိုအက်တာစ်က ပြီးခဲ့တဲ့ ဇူလိုင် ၂၃ ရက်မှာ အဆိုပါသတင်းကို အတည်ပြုပြောကြားခဲ့တာဖြစ်ပြီး ယင်းရုပ်ရှင်မှာ မင်းသမီးဟာ အဓိက ဇာတ်ဆောင်တစ်ဦးဖြစ်တဲ့ ချိုဆွန်းနေရာက ပါဝင်သရုပ်ဆောင်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။ မွန်ချေဝန်က "ဒီလိုသရုပ်ဆောင်ခွင့်ရခဲ့တာဂုဏ်ယူစရာပါ။ ကျွန်မအနေနဲ့ ဒီလိုသရုပ်ဆောင်နယ်ပယ်မှာ ထူးချွန်တဲ့သူတွေနဲ့ တွဲဖက်ပါဝင်သွားရမှာဖြစ်တဲ့အတွက် အလွန်ပဲ စိတ်လှုပ်ရှားမိပါတယ်။ တကယ်ကိုကြိုးကြိုးစားစားနဲ့ အကောင်းဆုံး လုပ်ဆောင်သွားမှာပါ"လို့ ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

"Great Site"ကိုတော့ လာမယ့် ၂၀၁၈ ခုနှစ်အတွင်း စတင်ထုတ်လွှင့်သွားနိုင်ဖို့ ရည်ရွယ်ထားကြောင်းလည်း သိရပါတယ်။

**အေးပြည့်**

# ဒုတိယမြောက်ရင်သွေးလေးလွယ်ထားရပြီဖြစ်တဲ့ ပါ့ခ်ဆိုးဂျင်

တောင်ကိုရီးယားရဲ့ နာမည်ကျော်ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ မင်းသားဘေရောင်ဂျွန်းနဲ့ မင်းသမီးပါ့ခ်ဆိုးဂျင်တို့ဟာ ပြီးခဲ့တဲ့နှစ်အောက်တိုလာလအတွင်း ပထမဆုံးသောရင်သွေးလေးကို မွေးဖွားခဲ့ပြီးတဲ့နောက် လတ်တလောမှာတော့ ဒုတိယမြောက်ရင်သွေးလေး ရရှိနေပြီဖြစ်တယ်လို့သိရပါတယ်။ အဆိုပါကြယ်ပွင့်မောင်နှံက ဒုတိယမြောင်ရင်သွေးလေးရရှိနေပြီဖြစ်ကြောင်းကိုတော့ ယခုလအတွင်း ပြုလုပ်ခဲ့တဲ့ မင်္ဂလာနှစ်ပတ်လည်နေ့မှာ တရားဝင်ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပါ့ခ်ဆိုးဂျင်အနေနဲ့ ဒုတိယမြောက်ရင်သွေးလေးလွယ်ထားရပြီဖြစ်ကြောင်းကိုလည်း ဘေရောက်ဂျွန်းရဲ့ ဖျော်ဖြေရေး အေဂျင်စီဖြစ်တဲ့ ကီးအိစ်ထ်အန်တာတိန်းမန့်က လတ်တလောမှာတော့ အတည်ပြုခဲ့ပြီးဖြစ်တယ်လို့လည်း သိရပါတယ်။ အဆိုပါအေဂျင်စီက "ဘေရောင်ဂျွန်းရဲ့ ဇနီးဖြစ်သူ ပါ့ခ်ဆိုးဂျင်ဟာ မကြာသေးမီကပဲ ဒုတိယမြောက်ရင်သွေးလေးလွယ်ထားရပြီဖြစ်ပါတယ်။ ကိုယ်ဝန်ကနုသေးတော့ အစစအရာရာ ဂရုစိုက်နေရပါတယ်"လို့ ထုတ်ဖော်ပြောကြားခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။



ယခုသီတင်းပတ်အစပိုင်းမှာတော့ ပါ့ခ်ဆိုးဂျင်က ဖက်ရှင်အမှတ်တံဆိပ်တစ်ခုဖြစ်တဲ့အတွက် ရိုက်ကူးပေးထားတဲ့ ဓာတ်ပုံတွေကို ထုတ်ဖော်ပြသခဲ့ပါတယ်။ ယင်းဓာတ်ပုံတွေမှာတော့ ပါ့ခ်ဆိုးဂျင်ဟာ ကိုယ်ဝန်လွယ်ထားရတဲ့ပုံမျိုးမတွေ့ရတာကြောင့် ကိုယ်ဝန်ဟာ အတော်နုသေးတာဖြစ်နိုင်ကြောင်းလည်း အဆိုပါမီဒီယာက ရေးသားဖော်ပြခဲ့ပါတယ်။

ဘေရောင်ဂျွန်းနဲ့ ပါ့ခ်ဆိုးဂျင်တို့ဟာ ပြီးခဲ့တဲ့ ၂၀၁၅ခုနှစ် ဇူလိုင် ၂၇ ရက်မှာ မင်္ဂလာပွဲကို တောင်ကိုရီးယားနိုင်ငံမှာပဲ ခမ်းခမ်းနားနားကျင်းပခဲ့ကြတာဖြစ်ပါတယ်။ သူတို့ရဲ့မင်္ဂလာပွဲကိုတော့ တောင်ကိုရီးယားပရိသတ်တွေသာမက နိုင်ငံတကာမှ ပရိသတ်တွေကပါ လာရောက်အားပေးခဲ့ကြပါတယ်။ ပြီးခဲ့တဲ့နှစ် အောက်တိုဘာလအတွင်းမှာတော့ အဆိုပါကြယ်ပွင့်မောင်နှံဟာ ပထမဆုံးသောရင်သွေးလေးကို ပိုင်ဆိုင်ခွင့်ရခဲ့ပြီး ပြီးခဲ့တဲ့ ဇူလိုင် ၂၇ ရက်မှာတော့ မင်္ဂလာသက်တမ်း နှစ်နှစ်ပြည့်နှစ်ပတ်လည်ကို ကျင်းပခဲ့ကာ ယင်းနောက်မှာတော့ ယခုလို ဒုတိယမြောက်ရင်သွေးလေးရရှိနေပြီဖြစ်ကြောင်း သတင်းတွေပေါ်ထွက်လာခဲ့တာလည်း ဖြစ်ပါတယ်။

**အေးပြည့်**

# နှစ်(၇၀)ပြည့် စာပေဗိမာန်

စိုးမြင့်သန်းမောင်(စာပေဗိမာန်)

ဆယ်စုနှစ် ခုနစ်ခု၊ နှစ်ပေါင်း (၇၀) ရှိသည့်တိုင်အောင် နိုင်ငံတော်ပုံရိပ်၊ စာပေလောက ပုံရိပ်တို့ကို ထင်ဟပ်စေခဲ့ပြီး မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းဟူ၍ ရှေးဦးအမည်တွင်ခဲ့သော စာပေဗိမာန်သည် မြန်မာ့နိုင်ငံအရေး၊ မြန်မာ့အမျိုးသားလှုပ်ရှားမှုများမှ ပေါ်ပေါက်လာခဲ့သည့် စာပေယဉ်ကျေးမှုလုပ်ငန်း ဗဟိုဌာနကြီးတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် စာပေဗိမာန်သမိုင်းကို စာမျက်နှာဖွင့်လျှင် နိုင်ငံ့သမိုင်းရုပ်ပုံလွှာအချို့ကို ထည့်သွင်းဖော်ပြမှ ပြည့်စုံမည်ဖြစ်ပါသည်။

"၁၉၃၀ ပြည့်နှစ် မေ ၃၀ ရက်တွင် စတင်တည်ထောင်ခဲ့သော တို့ဗမာအစည်းအရုံးကြီးက အမျိုးသားရေးကြိုးပမ်းရာတွင် လှုံ့ဆော်ရေးစာတန်းများ ထုတ်ပြန်ခဲ့သည်။ စာတန်းတစ်ခုတွင် ပညာမျက်စိကို ရှာကြကုန်အံ့၊ ဘာသာပြန်ရေးကို ကောင်းစွာကြိုးပမ်း၍ ဆောင်ရွက်ကုန်အံ့၊ ပညာမျက်စိပေးမည့် ဘာသာပြန်မှုကို ကောင်းစွာလုပ်ဆောင်ကြလော့" ဟူသော စာသားတစ်ခု ပါဝင်ခဲ့သည်။

တစ်ခါ ၁၉၄၃ ခုနှစ် မတ်လ ၁၄ ရက်တွင် ဒေါက်တာဘဟန် ဥက္ကဋ္ဌ၊ ဦးဆက် ဒုတိယဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး မြန်မာ့ယဉ်ကျေးမှုပြန်လည်တိုးတက်ရေး၊ ကမ္ဘာ့ယဉ်ကျေးမှု သိက္ခမ်းနားလည်ရေး၊ မြန်မာအဘိဓာန်ပြုစုရေးနှင့် စွယ်စုံကျမ်းပြုစုရေးတို့အတွက် 'ဗမာ့ပညာတံခွန်အသင်း'ကို ဖွဲ့စည်းခဲ့သည်။

ဖော်ပြပါ သမိုင်းခြေရာများကိုထောက်ရှုလျှင် နောင်အခါတွင်ပေါ်ပေါက်လာမည်ဖြစ်သော မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း၏ ဖြစ်ဖျားခံရာ ရည်ရွယ်ချက်များကို ဆဝါးတွေ့ရှိနိုင်ပါသည်။

ထို့အတူပင် နိုင်ငံခြားသတင်း၊ နိုင်ငံခြားသမိုင်း၊ နိုင်ငံခြားပညာရပ်များကို အဆက်မပြတ် ဘာသာပြန်ဆိုထည့်သွင်းခဲ့သော ၁၉၁၁ ခုနှစ် ဇူလိုင် ၄ ရက်က စတင်ထုတ်ဝေခဲ့သည့် သူရိယ သတင်းစာ၊ သူရိယမဂ္ဂဇင်းတို့မှအစ ၁၉၁၉ ခုနှစ်၌ တည်ထောင်ခဲ့သော မြန်မာနိုင်ငံ သုတေသနအသင်းကြီးသည်လည်းကောင်း၊ ၁၉၂၈ ခုနှစ်၌တည်ထောင်သော မြန်မာနိုင်ငံပညာပြန့်ပွားရေးအသင်းကြီးသည်လည်းကောင်း၊ မြန်မာဘာသာပြန်ဆိုမှုကို အလေးအနက်ထားသော နဂါးနီ စာပေတိုက်သည်လည်းကောင်း ကမ္ဘာ့စာပေနှင့် ပညာရပ်မျိုးစုံကို မြန်မာ့စာပေဖြင့်ရယူနိုင်ရန် ကြိုးစားခဲ့ကြခြင်းဖြစ်သည်။

**စတင်ဖွင့်လှစ်**

ယနေ့ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအောက်တွင်ရှိသည့် စာပေဗိမာန်ကို ၁၉၄၇ ခုနှစ် ဩဂုတ်လ ၂၆ ရက်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်၊ ပါမောက္ခဦးမျိုးမင်း၊ ဦးတင်ထွဋ်နှင့် ဦးခင်မောင်လတ်တို့ ဆွေးနွေးညှိနှိုင်းတိုင်ပင်ပြီး စတင်ဖွင့်လှစ်ခဲ့သည်။ ဖွင့်စက စာပေဗိမာန်အမည်နှင့် မဟုတ်သေးပါ။ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း (Burma Translation Society-BTS) ဟူသောအမည်နှင့် ဖြစ်ပါသည်။ အသင်းအဖွဲ့ပုံစံနှင့် ဖွဲ့စည်းခြင်းဖြစ်သည်။ အသင်း၏ရည်ရွယ်ချက်များမှာ -

၁။ မြန်မာတိုင်းရင်းသားများအဖို့ ဉာဏ်ပညာဗဟုသုတိုးပွားကြောင်းဖြစ်သော အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ၊ အခြားနိုင်ငံခြားဘာသာဖြင့်ဖြစ်စေ ပုံနှိပ်ထုတ်ဝေထားသော စာအုပ်စာတမ်းများကို မြန်မာဘာသာပြန်ဆိုရန်၊

၂။ မြန်မာဘာသာဖြင့်ပြုစုရေးသားထားသော (သို့မဟုတ်) မြန်မာတိုင်းရင်းသားဘာသာ တစ်ခုခုဖြင့်ပြုစုရေးသားထားသော စံမီစာအုပ်စာတမ်းများကို နိုင်ငံခြားဘာသာများသို့ ပြန်ဆိုရန်၊

၃။ လူထုပညာရေး တိုးတက်ကောင်းမွန်လာစေရန်နှင့် မြန်မာနိုင်ငံတွင် ရည်ရွယ်ချက်ဖြင့် မြန်မာစာပေနှင့် မြန်မာ့အနုပညာရပ်များကို စူးစမ်းရှာဖွေရန် သို့မဟုတ် စူးစမ်းရှာဖွေမှုများကို ကူညီအားပေးရန်၊

၄။ ပင်ကိုဉာဏ်ဖြင့်သော်လည်းကောင်း၊ ရှာဖွေစုဆောင်း၍သော်လည်းကောင်း၊ မှီငြမ်းပြု၍သော်လည်းကောင်း၊ စာတမ်းများ၊ စာစောင်များနှင့် အခြားဖတ်ရှုဖွယ်ရာများကို ရေးသားပုံနှိပ် ထုတ်လုပ်ဖြန့်ချိဝေငှရန် သို့မဟုတ် ရောင်းရန်၊ ထိုရည်ရွယ်ချက်ဖြင့် ရုပ်ပုံများ၊ အနုပညာရပ်များ၊ စာစောင်များနှင့် အခြားဖတ်ရှုဖွယ်ရာစာအုပ်များကို ပုံနှိပ်ထုတ်ဝေဖြန့်ချိဝေငှရန်အတွက် စာပုံနှိပ်စက်ကိရိယာနှင့် အလုပ်သမားများ ရယူတည်ထောင်ခန့်အပ်ထားရှိရန် ဟူသော ရည်ရွယ်ချက်များနှင့် BTS ကို ဖွဲ့စည်းတည်ထောင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါသည်။

ထိုသို့ ဖွဲ့စည်းတည်ထောင်ရေးအတွက် အကြောင်းတရားများစွာအနက် အထင်ရှားဆုံးမှာ ၁၉၄၇ ခုနှစ် ဇွန်လ ၇ ရက်က ရန်ကုန်မြို့ ပြည်လမ်း ဆိုရန်တိုဗီလာ (Sorrentovilla) အဆောက်အအုံ တွင် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် မြန်မာပြည်ပြန်လည်ထူထောင်ရေးလုပ်ငန်းကွန်ဖရင့် အစည်းအဝေးမိန့်ခွန်းက အဓိကကျပါသည်။ ထိုအစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းက "လူအများအတွက် အရေးတကြီး လိုအပ်သည့်စာအုပ်တွေ၊ အသုံးကျမည့်စာအုပ်တွေကို ဘာသာပြန်ပြီး ပုံနှိပ်ထုတ်ဝေဖို့ကို စိတ်ထဲမှာစွဲထားရမည်။ ဘာသာပြန်ဌာနကြီးတစ်ခုကို ဖွင့်ရမည်" ဟု လမ်းပြခဲ့သည်ကို အခြေပြုပြီး BTS ကို ဖွဲ့စည်းခဲ့ရခြင်းဖြစ်ပါသည်။

> "နိုင်ငံတော်ပုံရိပ်၊ စာပေလောက ပုံရိပ်တို့ကို ထင်ဟပ်စေခဲ့ပြီး မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းဟူ၍ ရှေးဦးအမည်တွင်ခဲ့သော စာပေဗိမာန်သည် မြန်မာ့နိုင်ငံအရေး၊ မြန်မာ့အမျိုးသားလှုပ်ရှားမှုများမှ ပေါ်ပေါက်လာခဲ့သည့် စာပေယဉ်ကျေးမှုလုပ်ငန်း ဗဟိုဌာနကြီးတစ်ခုဖြစ် . . ."

**အမှောင်ခွင်း၍ အလင်းဆောင်အံ့**

BTS ကို ၁၉၄၇ ခုနှစ် နိုဝင်ဘာလအတွင်းတွင် ယခုရန်ကုန်တက္ကသိုလ်တွင်ရှိသည့် ဂျပ်ဆင်ကောလိပ်၏ အိမ်တစ်အိမ်၌ ငှားရမ်းဖွင့်လှစ်ခဲ့ပါသည်။ ၁၉၄၈ ခုနှစ်တွင်ဆိုရန်တို ဗီလာအဆောက်အအုံကို ပြောင်းရွှေ့ဖွင့်လှစ်ပြီး စာပေဗိမာန်အမည်ကို ယူခဲ့ပါသည်။ စာပေဗိမာန်ကို အင်္ဂလိပ်ဘာသာဖြင့် Palace of Literature ဟု ရေးသားသုံးနှုန်းကြသည်။ ဆောင်ပုဒ်မှာ ဆရာကြီးမင်းသုဝဏ်ရွေးချယ်ပေးခဲ့သော "အမှောင်ခွင်း၍အလင်းဆောင်အံ့" ဖြစ်သည်။

စာပေဗိမာန်သည် ၁၉၄၈ ခုနှစ်မှစ၍ လူထုအလင်း၊ လူထုအိတ်ဆောင်၊ လူထုတက္ကသိုလ် ဟူသောစာစဉ်များကို စတင်ထုတ်ဝေခဲ့ပါသည်။ လူထုအလင်းက ကမ္ဘာ့စာပေအမျိုးမျိုးကို မြန်မာပြန်ဆိုခြင်း၊ လူထုအိတ်ဆောင်က ကမ္ဘာ့အခြေအနေ၊ မြန်မာ့အခြေအနေတို့နှင့်ပတ်သက်ပြီး စာအုပ်များပြုစုခြင်း၊ လူထုတက္ကသိုလ်က စာပေအခြေခံရှိပြီးသူများအတွက် ထုတ်ဝေခြင်းဖြစ်ပါသည်။ တစ်ဆက်တည်းတွင် နှစ်ငါးဆယ်စာစဉ်များကို အတွဲရှစ်တွဲခွဲ၍ ဟော်လန်နိုင်ငံ၌ပုံနှိပ် ဖြန့်ချိခဲ့သည်။

၁၉၄၈ ခုနှစ် မေလတွင် မြန်မာ့စွယ်စုံကျမ်းပြုစုရန် ဆုံးဖြတ်ခဲ့ပါသည်။ ၁၉၅၄ ခုနှစ်တွင် အကြောင်းရပ် (က) မှ (ကုံ) အထိပါဝင်သော မြန်မာ့စွယ်စုံကျမ်း အတွဲ (၁) ကို ထုတ်ဝေနိုင်ခဲ့ပါသည်။ ၁၉၇၆ ခုနှစ်တွင် အကြောင်းရပ် (အ) မှ (အွန်) အထိပါဝင်သော အတွဲ (၁၅) ကို နောက်ဆုံး စွယ်စုံကျမ်းအဖြစ် ထုတ်ဝေနိုင်ခဲ့ပါသည်။ အတွဲ (၁)မှ အတွဲ (၅) အထိကို ဟော်လန်နိုင်ငံတွင် ပုံနှိပ်ခဲ့ပြီး ကျန်အတွဲများကို စာပေဗိမာန်ပုံနှိပ်တိုက်တွင် ပုံနှိပ်ခဲ့ပါသည်။ စွယ်စုံကျမ်းများ ပြုစုထုတ်ဝေပြီးသောအခါ အချိန်နှင့်အမျှပေါ်ပေါက်လာသော ခေတ်ပြိုင်အကြောင်းအရာများနှင့် ကိန်းဂဏန်းများကို ဖော်ပြနိုင်ရန် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကို ၁၉၇၈ ခုနှစ်မှစ၍ ထုတ်ဝေခဲ့ရာ ယခု အုပ် (၄၀) မြောက်အဖြစ် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၇) ကို ထုတ်ဝေနိုင်ခဲ့ပြီးဖြစ်သည်။

**စာပေဗိမာန် စာမူဆုချီးမြှင့်**

၁၉၄၉ ခုနှစ် ဇွန်လတွင် ၁၉၄၈ ခုနှစ်အတွက် စာပေဗိမာန် ကျပ်တစ်ထောင်ဆုကို ချီးမြှင့်ခဲ့ပါသည်။ ပထမဆုံးဆုရရှိသူမှာ စာရေးဆရာမင်းအောင်ဖြစ်ပြီး မိုးအောက်မြေပြင် ဝတ္ထုရှည်နှင့် ဆုရခဲ့ပါသည်။ စာပေဗိမာန်စာမူဆုအနေဖြင့် ၁၉၄၈ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ ချီးမြှင့်ခဲ့ပြီး ၁၉၆၉ ခုနှစ်မှစ၍ သီးခြားပြိုင်ပွဲခေါ်ယူကာ စာပေဗိမာန် စာမူဆုအဖြစ် ချီးမြှင့်ခဲ့သည်။ ယခုအခါ ဘာသာရပ် (၁၃) မျိုးအတွက် ပထမ၊ ဒုတိယနှင့် တတိယဆုများကို ချီးမြှင့်ခဲ့ရာ ပထမဆုအတွက် ခုနစ်သိန်း၊ ဒုတိယဆုအတွက် ငါးသိန်း၊ တတိယဆုအတွက် သုံးသိန်း ဆုငွေအဖြစ် ချီးမြှင့်လျက်ရှိပါသည်။ ဘာသာရပ် (၁၃)မျိုးမှာ ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ သုတပဒေသာ (ဝိဇ္ဇာ)၊ သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံ)၊ စာပဒေသာ၊ မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ၊ ကလေးစာပေ၊ လူငယ်စာပေ၊ နိုင်ငံရေးစာပေ၊ ပြဇာတ်၊ အင်္ဂလိပ်စာမူနှင့် ဘာသာပြန်တို့ဖြစ်သည်။

လွတ်လပ်ရေးရပြီးနောက် စာသင်ကျောင်းများတိုး၍ ဖွင့်လှစ်ခဲ့ခြင်းကြောင့် ကျောင်းသုံးစာအုပ်များစွာ လိုအပ်လျက်ရှိသည်ကို ဖြည့်တင်းသောအားဖြင့် ၁၉၅၂ ခုနှစ်တွင် ကျောင်းသုံး စာအုပ်ဌာနဖွင့်လှစ်ပြီး ပြုစုထုတ်ဝေခဲ့ပါသည်။ ထိုနှစ် ဇွန်လတွင် စာပေဗိမာန် မဂ္ဂဇင်းကို စတင်ထုတ်ဝေပြီး ၁၉၅၉ ခုနှစ်တွင် ရပ်ဆိုင်းခဲ့ပါသည်။ ၁၉၅၃ ခုနှစ်မှစ၍ စာပေဗိမာန်ယဉ်ကျေးမှု ဟောပြောပွဲများ ပြုလုပ်ခဲ့သည်။

၁၉၅၃ ခုနှစ် ဇူလိုင်လတွင် ယခုလက်ရှိ စာပေဗိမာန်ရုံးတည်ရာ ကုန်သည်လမ်းတိုက်သစ်ကို အုတ်မြစ်ချခဲ့ပြီး ၁၉၅၅ ခုနှစ်၊ မေလတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် လက်ရှိ စာပေဗိမာန်ရုံးစိုက်ရာ အမှတ် (၅၂၉/၅၃၁)၊ ကုန်သည်လမ်းသို့ ပြောင်းရွှေ့ခဲ့သည်။ ၁၉၅၆ ခုနှစ်၊ မတ် ၅ ရက်နေ့တွင် စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်ကို ဖွင့်လှစ်ခဲ့သည်။ စာဖတ်ပရိသတ်များ မြန်မာနှင့် အင်္ဂလိပ်စာအုပ်မျိုးစုံကို အခမဲ့ဖတ်ရှုနိုင်ရန်နှင့် ပြည်သူလူထု အသိပညာဖွံ့ဖြိုးတိုးတက်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်တွင် မြန်မာနှင့် အင်္ဂလိပ်စာအုပ်ပေါင်း ခုနစ်သောင်းကျော်ရှိပြီး တစ်နေ့လျှင် စာဖတ်သူ ၁၃၀ ခန့်နှင့် စာအုပ်ငှားသူ ၁၂၀ ခန့်ရှိသည်။ ၂၀၀၁ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်မှ အီလက်ထရွန်နစ်စာကြည့်တိုက်နှင့် ကလေးစာကြည့်တိုက်တို့ကို တိုးချဲ့ဖွင့်လှစ်ခဲ့သည်။ ထို့အတူ မန္တလေးစာပေဗိမာန်စာကြည့်တိုက်ကို ၂၀၀၁ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် တိုးချဲ့ဖွင့်လှစ်ခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် လူထုသိပ္ပံကျမ်းကို ကိုးတွဲအထိ ထုတ်ဝေခဲ့သည်။

၁၉၅၈ ခုနှစ် ဇန်နဝါရီလတွင် ပြည်သူ့လက်စွဲစာစဉ်များကို ထုတ်ဝေခဲ့ပါသည်။ ပြည်သူ့လက်စွဲစာစဉ်ဟူသည်မှာ စာပေဗိမာန်စာမူဆုရစာမူများနှင့် ပခုက္ကူစာမူဆုရစာမူများကို စာအုပ်အဖြစ် ရိုက်နှိပ်ပေးသော စာအုပ်အမျိုးအစားဖြစ်သည်။ နှစ်အလိုက် ဆုရစာမူများစွာကို စာအုပ်အဖြစ် ထုတ်ဝေနိုင်ခဲ့ပြီး ပထမဆုရစာမူများသည် အမျိုးသားစာပေဆုတွင် အကျုံးဝင်သကဲ့သို့ စာပေဗိမာန်စာမူဆုရရှိပြီးမှ အမျိုးသားစာပေဆု ထပ်မံရရှိသည့် စာအုပ်များလည်း များစွာပေါ်ထွက်ခဲ့ပါသည်။ ၁၉၆၀ ပြည့်နှစ်တွင် စာတတ်မြောက်ကာစ ပုဂ္ဂိုလ်များဖတ်ရှုနိုင်ရန် ပုံနှိပ်စာလုံးမည်းကြီးနှင့် ရိုက်နှိပ်ထားသော စာအုပ်ငယ်ကလေးများကို ထုတ်ဝေခဲ့ရာမှ ပြည်သူ့လက်စွဲစာစဉ်ဟု အမည်တွင်ခဲ့သည်။

၁၉၆၀ ပြည့်နှစ် ဇူလိုင်လတွင် စာဖတ်ပရိသတ်တိုးပွားရေး၊ မြန်မာစာပေဖွံ့ဖြိုးရေးတို့အတွက် ရည်ရွယ်၍ စာပေဗိမာန်စာအုပ်အသင်းကို အသင်းသား ၁၆၀၀ ကျော်ဖြင့် စတင်ထူထောင်ခဲ့ပါသည်။ စာပေဗိမာန် စာအုပ်အသင်းဝင်ကြေးများကို အဆင့်ဆင့်ပြောင်းလဲခဲ့ကာ အသင်းဝင်သက်တမ်းအလိုက် သက်သာစေသော နှုန်းထားများဖြင့် စီမံဆောင်ရွက်ခဲ့ပြီး ယခုအခါ အသင်းဝင်တိုးပွားရေးအတွက် စီမံချက်များရေးဆွဲကာ ဆောင်ရွက်လျက်ရှိပါသည်။ စာပေဗိမာန် အရောင်းဆိုင်၊ ဆိုင်ခွဲများအနေဖြင့် တပ်မတော်အစိုးရလက်ထက်တွင် မန္တလေးနှင့် နေပြည်တော်တို့၌လည်း ဖွင့်လှစ်ခဲ့သည်။

စာပေဗိမာန်သည် ၁၉၆၃ ခုနှစ်အထိ အစိုးရဌာနများတွင် အထောက်အပံ့၊ နိုင်ငံခြားအသင်းအဖွဲ့များ၏ အထောက်အပံ့ဖြင့် ရပ်တည်ခဲ့သော အစိုးရဌာနမဟုတ်သည့်၊ အသင်းအဖွဲ့ပုံစံလည်းမဟုတ်သည့် စာပေနှင့်ယဉ်ကျေးမှုလုပ်ငန်းဌာနတစ်ခုအဖြစ် တည်ရှိခဲ့သည်။ ၁၉၆၃ ခုနှစ် ဩဂုတ်လ ၂၂ ရက်တွင် မူလစာပေဗိမာန်၊ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းကို ပယ်ဖျက်ကာ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့ဟူသောအမည်ဖြင့် အက်ဥပဒေပြဋ္ဌာန်း၍ အစိုးရလက်အောက်ခံဌာနအဖြစ် သတ်မှတ်ခဲ့သည်။

**အမျိုးသားစာပေဆုချီးမြှင့်**

၁၉၆၄ ခုနှစ် အောက်တိုဘာလတွင် ဝေါဟာရခြောက်သောင်းခြောက်ထောင်ကျော်ပါဝင်သော ဝေါဟာရဘဏ်စာအုပ်ကို ထုတ်ဝေခဲ့သည်။ ၁၉၆၅ ခုနှစ် ဇန်နဝါရီလတွင် စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့ဥပဒေအရ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုပြိုင်ပွဲကို သီးခြားခွဲ၍ ဆောင်ရွက်ခဲ့ပါသည်။ ၁၉၆၂ ခုနှစ်တွင် မူလက စာပေဗိမာန်ဆုကို အနုပညာဆိုင်ရာစာပေဆုအဖြစ် အမည်ပြောင်းခဲ့ရာ ထိုဆုကို အမျိုးသားစာပေဆု၏အစအဖြစ် သတ်မှတ်နိုင်ပါသည်။ ၁၉၆၅ ခုနှစ်မှစ၍ အမျိုးသားစာပေဆု ဟူသောအမည်ကို ပြောင်းလဲချီးမြှင့်ခဲ့သည်။ ၁၉၆၉ ခုနှစ်သို့ရောက်သောအခါ ပြိုင်ပွဲဝင်ယှဉ်ပြိုင်ရသောစနစ်ကို ဖျက်သိမ်းပြီး ပြက္ခဒိန် တစ်နှစ်အတွင်း ထုတ်ဝေခဲ့သော စာအုပ်များထဲမှ ဘာသာရပ်အလိုက် အကောင်းဆုံး တစ်အုပ်ကိုသာ ရွေးချယ်ဆုပေးခဲ့သည်။ ယခုအခါ အမျိုးသားစာပေဆုအတွက် ဘာသာရပ် ၁၆ မျိုး သတ်မှတ်ထားပြီး ဆုတစ်ဆုလျှင် ကျပ် တစ်ဆယ့်ငါးသိန်းအထိ ချီးမြှင့်နိုင်ခဲ့ပြီဖြစ်ပါသည်။

၂၀၀၁ ခုနှစ်တွင် အမျိုးသားစာပေဆု၊ တစ်သက်တာစာပေဆုကို တီထွင်ချီးမြှင့်ခဲ့ရာ ယခုအခါ တစ်သက်တာစာပေဆုရှင် ၂၂ ယောက် ပေါ်ထွက်ခဲ့ပြီး ၎င်းအတွက် ဆုငွေမှာ နှစ်ဆယ့်ငါးသိန်းဖြစ်ပါသည်။ ဘာသာရပ် (၁၆) မျိုးမှာ ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ စာပဒေသာ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ၊ ကလေးစာပေ၊ လူငယ်စာပေ၊ ဘာသာပြန် (သုတ)စာပေ၊ ဘာသာပြန် (ရသ)စာပေ၊ သုတပဒေသာ (ဝိဇ္ဇာ)၊ သုတပဒေသာ (ရိုးရိုးသိပ္ပံ)၊ ပြဇာတ်စာပေ၊ နိုင်ငံရေးစာပေ၊ အင်္ဂလိပ်ဘာသာ (သုတ)၊ အင်္ဂလိပ်ဘာသာ (ရသ) တို့ ဖြစ်သည်။

**စာမျက်နှာ ၂၁ သို့**

# ကာယဖလမောင်၊ ကာယအလှမယ်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကျင်းပ

**ဘားအံ ဩဂုတ် ၂၄**
ကရင်ပြည်နယ် ဘားအံမြို့တွင် ဘားအံတက္ကသိုလ်၏ ဘာသာရပ်ပေါင်းစုံ ကာယဖလမောင်၊ ကာယအလှမယ် နှင့်အမျိုးသမီးကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကို ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီက ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ဒုတိယပါမောက္ခချုပ် ဒေါက်တာမြတ်သီတာနှင့် ဘားအံတက္ကသိုလ် ကာယဗလနှင့်ကာယအလှမယ် ဆပ်ကော်မတီဥက္ကဋ္ဌ ဒဿနိကဗေဒပါမောက္ခဌာနမှူး ဒေါ်မိမိခိုင်တို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဘာသာရပ်ပေါင်းစုံ ကာယဗလမောင်ပြိုင်ပွဲ၊ ကာယအလှမယ်ပြိုင်ပွဲနှင့် အမျိုးသမီးကာယကြံ့ခိုင်မှု အားကစား ပြိုင်ပွဲတို့ကိုကျင်းပရာ ကာယဗလမောင်ပြိုင်ပွဲတွင် ဘာသာရပ်ပေါင်းစုံမှ ၁၇ ဦး၊ ကာယအလှမယ်ပြိုင်ပွဲတွင် ဘာသာရပ်ပေါင်းစုံမှ ၁၄ ဦး၊ အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ဘာသာရပ်ပေါင်းစုံမှ ၁၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြည်နယ်စာရင်းစစ်ချုပ်ဦးစောလှထွန်းက ကာယဗလမောင်ပြိုင်ပွဲတွင် ပထမဆုရရှိသော မြန်မာစာဂုဏ်ထူးတန်း ပထမနှစ်မှမောင်ဇော်မိုးအောင်၊ ဒုတိယဆုရရှိသော ရူပဗေဒပထမနှစ်မှ စောရှားဖောင်၊ ရူပဗေဒမဟာအရည်အချင်းစစ်မှ မောင်သန့်ဇင်ကိုတို့အားလည်ကောင်း၊ ဘားအံတက္ကသိုလ် ဒုတိယပါမောက္ခချုပ်ဒေါက်တာမြတ်သီတာက ကာယအလှမယ်ပြိုင်ပွဲတွင် ပထမဆုရရှိသော ပထဝီဝင်တတိယနှစ်မှ မိမြအိမ်ငြွေဦး၊ ဒုတိယရရှိသော ဒဿနိကဗေဒ ပထမနှစ်မှ မနန္ဒာစိုး၊ တတိယရရှိသော ဓာတုဗေဒ စတုတ္ထနှစ်မှ မိနန္ဒာရီတို့အားလည်ကောင်း၊ ဘားအံတက္ကသိုလ် ကာယဗလနှင့် ကာယ အလှမယ် ဆပ်ကော်မတီဥက္ကဋ္ဌ ဒဿနိကဗေဒပါမောက္ခဌာနမှူး ဒေါ်မိမိခိုင်က အမျိုးသမီးကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် ပထမဆုရရှိသော ဒုတိယနှစ်သင်္ချာမှ မဖြိုးအိစင်၊ ဒုတိယရရှိသောဒုတိယနှစ်သတ္တဗေဒ ဘာသာရပ်မှ နန်းအေးမြမြမိုး၊ တတိယရရှိသော စတုတ္ထနှစ်အင်္ဂလိပ်စာမှ မဆုလေးနွယ်ဦးတို့အားလည်းကောင်း အသီးသီးဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ ကာယဗလမောင်၊ ကာယအလှမယ်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲသို့ ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘားအံတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်နှင့် စီမံအရာရှိကြီးများ၊ ပါမောက္ခ(ဌာနမှူးများ)၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများ တက်ရောက်အားပေးကြည့်ရှုခဲ့ကြပြီး ပြည်နယ်ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ပြည်နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဦးတေဇထွန်းလှိုင်ထွေးက ငွေကျပ်သုံးသိန်းကို ထောက်ပံ့လှူဒါန်းခဲ့ကြောင်းသိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ ကော်မတီ သုံးပွင့်ဆိုင်ဆွေးနွေး



**ထားဝယ် ဩဂုတ် ၂၄**
အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာကော်မတီ (တနင်္သာရီတိုင်းဒေသကြီး)သုံးပွင့်ဆိုင်ဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ ကော်မတီ(တနင်္သာရီတိုင်းဒေသကြီး) ဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်း က အဖွင့်အမှာစကားပြောကြားရာတွင် ယခုဆွေးနွေးပွဲသို့တက်ရောက်လာကြသော တနင်္သာရီတိုင်းဒေသကြီး အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ ကော်မတီဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်အခြားစိတ်ဝင်စားသူများအနေဖြင့် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာရှင်းလင်းဆွေးနွေးချက်များအပေါ် မရှင်းလင်းသည့်အချက်များကို ယခုဆွေးနွေးပွဲတွင်တွေ့ဆုံမေးမြန်းနိုင်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ ကော်မတီ (တနင်္သာရီတိုင်းဒေသကြီး)အတွင်းရေးမှူး ဦးဟန်ဝင်းအောင်က အနည်းဆုံးအခကြေးငွေ ပြင်ဆင်ထုတ်ပြန်နိုင်ရေးဆောင်ရွက်ရန် အကြောင်းနှင့် အနည်းဆုံးအခကြေးငွေဆိုင်ရာကော်မတီ ဖွဲ့စည်းထားရှိမှုအကြောင်း ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက အနည်းဆုံးအခကြေးငွေ ပြင်ဆင်ထုတ်ပြန်နိုင်ရေးအကြောင်း ညှိနှိုင်းဆွေးနွေးကြကာ တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးက အမှာစကားပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာကော်မတီ(တနင်္သာရီတိုင်းဒေသကြီး) ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၊ အတွင်းရေးမှူးဦးဟန်ဝင်းအောင်နှင့်ကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုန်သွယ်ရေးပြောင်းဝယ်ရေးကုန်ထုတ်နှင့် ဝန်ဆောင်မှုလုပ်ငန်းများမှ အလုပ်ရှင်နှင့်အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းမှ အလုပ်ရှင်နှင့်အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## နှစ်(၇၀)ပြည့်စာပေဗိမာန်

စာမျက်နှာ ၂၀မှ

၁၉၆၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မူလတန်းကလေးသူငယ်များအတွက် ရည်ရွယ်၍ ရွှေသွေးဂျာနယ်ကို စတင်ထုတ်ဝေခဲ့ပါသည်။ ၁၉၇၉ ခုနှစ် အောက်တိုဘာလ ၂၇ ရက်မှစတင်၍ အင်္ဂလိပ်ဘာသာဖြင့် ရွှေသွေးဂျာနယ်ကို မြန်မာရွှေသွေးဂျာနယ်နှင့် ပြိုင်တူထုတ်ဝေခဲ့ပါသည်။

၁၉၈၀ ပြည့်နှစ် ဩဂုတ်လ ၁၆ ရက်မှစတင်ကာ မြန်မာ-အင်္ဂလိပ် နှစ်ဘာသာပေါင်း၍ တစ်စောင်တည်း ပူးတွဲထုတ်ဝေခဲ့ပါသည်။ ယခုအခါ ရွှေသွေးဂျာနယ် အတွဲ (၄၉)၊ အမှတ် (၃၂) ကို ထုတ်ဝေပြီးဖြစ်ပါသည်။ ထိုဂျာနယ်ကို စနေနေ့တိုင်းထုတ်ဝေ၍ ကလေးများအတွက် အဖိုးနှုန်းသက်သာစွာဖြင့် ဖြန့်ချိရောင်းချလျက်ရှိပါသည်။

၁၉၇၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်တွင် ပညာလောကစာစောင်ကို သုံးလတစ်ကြိမ်အနေနှင့် ထုတ်ဝေခဲ့သည်။ ၁၉၇၂ ခုနှစ် မတ်လတွင် စနစ်သစ်အုပ်ချုပ်ရေးအရ ဗဟိုပုံနှိပ်တိုက်နှင့်ပေါင်း၍ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးကော်ပိုရေးရှင်းအဖြစ် ဖွဲ့စည်းခဲ့သည်။ ၁၉၇၂ ခုနှစ် ဒီဇင်ဘာလတွင် နိုင်ငံတကာစာအုပ်နှစ်၊ ပြပွဲနှင့် ဟောပြောပွဲများ ကျင်းပခဲ့သည်။

၁၉၇၃ ခုနှစ် ဇူလိုင်လတွင် သုတပဒေသာစာစောင်ကို သုံးလတစ်ကြိမ်အနေဖြင့် စတင်ထုတ်ဝေခဲ့သည်။ ဘာသာပြန်မဂ္ဂဇင်းအမျိုးအစားဖြစ်သည်။ ထိုသုတပဒေသာကို သုံးလတစ်ကြိမ်မှ နှစ်လတစ်ကြိမ်၊ နှစ်လတစ်ကြိမ်မှ လစဉ်အဖြစ် ၂၀၀၀ ပြည့်နှစ် ဇွန်လမှစတင်၍ ထုတ်ဝေခဲ့သည်။ နိုင်ငံတကာစာအုပ်စာတမ်းများမှ ဆောင်းပါး၊ ဝတ္ထုတိုများကို ရွေးချယ်ထုတ်နုတ်ပြန်ဆို၍ ဖော်ပြလေ့ရှိပါသည်။ ထိုသို့သော စာများဖြင့် ဖွဲ့စည်းပြီး အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော OM အမည်ရှိစာစောင်ကို စာပေဗိမာန်မှ ယခင်ကထုတ်ဝေခဲ့ဖူးသည်။ တော်လှန်ရေးကောင်စီအစိုးရလက်ထက်တွင် ထိုစာစောင်ကို "Spectrum" အမည်ပြောင်း၍ ထုတ်ဝေရာမှ မြန်မာဘာသာဖြင့်ထုတ်ဝေရန် သုတပဒေသာစာစောင်ကို တီထွင်ကြံဆခဲ့ခြင်းဖြစ်သည်။ ယခုအခါ သုတပဒေသာစာစောင် အတွဲ(၄၄)၊ အမှတ်(၈) ကို ထုတ်ဝေဖြန့်ချိပြီးဖြစ်သည်။

၁၉၇၅ ခုနှစ် ဖေဖော်ဝါရီလတွင် စာအုပ်ထုတ်ဝေရေးသင်တန်းကို ဖွင့်လှစ်ပို့ချခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်ကို တစ်နှစ်တစ်အုပ်အဖြစ် စတင်ထုတ်ဝေသည်။ ၁၉၈၃ ခုနှစ်တွင် စာနယ်ဇင်းစုံ ခေတ်ကြေးမုံစာနယ်ဇင်းမျက်နှာဖုံးပန်းချီပြပွဲတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် စာပေဗိမာန်အဖွဲ့ဥပဒေကို ဖျက်သိမ်းခဲ့သည်။

စာပေဗိမာန်သည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် စာတမ်းဖတ်ပွဲများကို ကျင်းပပေးခဲ့ရာတွင် ကလေးစာပေနှီးနှောဖလှယ်ပွဲ (၁၉၆၅)၊ သိပ္ပံစာပေနှီးနှောဖလှယ်ပွဲ (၁၉၆၇)၊ စာကြည့်တိုက်နှီးနှောဖလှယ်ပွဲ (၁၉၆၈)၊ ဘာသာပြန်စာပေနှီးနှောဖလှယ်ပွဲ (၁၉၆၉)၊ ပြဇာတ်နှင့် ပြဇာတ်စာပေနှီးနှောဖလှယ်ပွဲ (၁၉၇၀)၊ အတ္ထုပ္ပတ္တိနှီးနှောဖလှယ်ပွဲ (၁၉၇၁)၊ နိုင်ငံတကာစာအုပ်နှစ် စုပေါင်းစာတမ်းဖတ်ပွဲ (၁၉၇၂)၊ ကလေးစာပေနှီးနှောဖလှယ်ပွဲ (၁၉၇၃)၊ စာနယ်ဇင်းတိုင်း ခေတ်သမိုင်းစုပေါင်းစာတမ်းဖတ်ပွဲ (၁၉၇၅)၊ သုတစာပေစာတမ်းဖတ်ပွဲ (၁၉၇၇)၊ ဝတ္ထုတို စာတမ်းဖတ်ပွဲ (၁၉၇၈)၊ ခရီးသွားစာပေ စာတမ်းဖတ်ပွဲ (၁၉၇၉)၊ ဝတ္ထုရှည်စာတမ်းဖတ်ပွဲ (၁၉၇၉)၊ မြန်မာကဗျာစာတမ်းဖတ်ပွဲ (၁၉၈၁)၊ မြန်မာစကားပြေစာတမ်းဖတ်ပွဲ (၁၉၈၁)၊ ပညာရပ်ဆိုင်ရာ မြန်မာစာပေစာတမ်းဖတ်ပွဲ (၁၉၈၃)၊ မြန်မာ့ရည်ညွှန်းစာအုပ်စာတမ်းဖတ်ပွဲ (၁၉၈၄)၊ ဝေဖန်ရေးစာပေစာတမ်းဖတ်ပွဲ (၁၉၈၅)၊ စာတမ်းငယ်စာပေ စာတမ်းဖတ်ပွဲ (၁၉၈၆)၊ ဘာသာပြန်စာပေစာတမ်းဖတ်ပွဲ (၁၉၈၇)၊ ရိုးရာပုံပြင်စာပေစာတမ်းဖတ်ပွဲ (၁၉၈၇)၊ ဂန္ထဝင်စာပေစာတမ်းဖတ်ပွဲ (၁၉၉၁)၊ ဇာတိမာန်စာပေစာတမ်းဖတ်ပွဲ (၁၉၉၂)၊ ဘာသာပြန်စာပေနှီးနှောဖလှယ်ပွဲ (၂၀၀၀) စသည့်စာတမ်းဖတ်ပွဲများကို ကျင်းပခဲ့သည်။ ၂၀၁၅ ခုနှစ် အစိုးရသစ်တက်လာသောအခါ ပြန်ကြားရေးဝန်ကြီးဌာနအမည်ခံ၍ စာပေဗိမာန်အင်အားဖြင့် ပြုလုပ်ခဲ့သော စာတမ်းဖတ်ပွဲများလည်း ရှိပါသေးသည်။ နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲ၊ ခေတ်ပြိုင်သမိုင်းဆိုင်ရာစာပေ စာတမ်းဖတ်ပွဲနှင့် ဘာသာပြန်စာပေစာတမ်းဖတ်ပွဲတို့ကို ၂၀၁၇ ခုနှစ်ထဲတွင် ကျင်းပပေးခဲ့သည်။

တပ်မတော်အစိုးရလက်ထက်တွင် စာပေဗိမာန်သည် တပ်မတော်နေ့အထိမ်းအမှတ် စာပေပြိုင်ပွဲ၊ လွတ်လပ်ရေးနေ့အထိမ်းအမှတ်စာပေပြိုင်ပွဲ၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့် အမျိုးသားရေးဆောင်ပုဒ်များ အကောင်အထည်ဖော်ရေးစာပေနှင့် ဓာတ်ပုံပြိုင်ပွဲ၊ မူခင်းကျဆင်းရေးစာပေနှင့် ကာတွန်းပြိုင်ပွဲတို့တွင် စာတည်းအဖွဲ့ဝင်၊ စာတည်း၊ စာပေလက်ထောက်များက ပါဝင်ဆောင်ရွက်ပေးခဲ့သည်။

၁၉၄၇ ခုနှစ်က ပေါ်ပေါက်ခဲ့သော စာပေဗိမာန်သည် ယခုအခါ၌ နှစ် (၇၀) သက်တမ်းတွင် စာပေရုံးကြီးအဖြစ် ဆက်လက်ရပ်တည်နေဆဲဖြစ်သော်လည်း အပြုသဘောဆောင်၍ မညာကြေး ပြောကြကြေးဆိုလျှင် အားနည်းချက်များလည်း ရှိနေပါသေးသည်။ အနာသိလျှင် ဆေးရှိပါသည်။ အားနည်းချက်ရှိသည်ဆိုပါက အားသာချက်အဖြစ်ပြောင်းလဲရန် စာပေဗိမာန်နှင့်အတူ စာပေလောကသားတစ်ရပ်လုံးတွင် တာဝန်ရှိသည်ဟု မိသားစုမျက်စိနှင့် ကြည့်ရန် လိုအပ်ပါကြောင်း နှိုးဆော်တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ဟသ်ာတသတင်းရဲတပ်ဖွဲ့အလှူငွေပေးအပ်

**ဟင်္သာတ ဩဂုတ် ၂၄**
အောက်တိုဘာ ၁ ရက်တွင်ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ သတင်းရဲတပ်ဖွဲ့ ဟင်္သာတတပ်ဖွဲ့စုရုံးမှ တပ်ဖွဲ့စုမှူး ဒုရဲမှူးမျိုးဝင်းနှင့် တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂၃ ရက် မွန်းလွဲ ၁၂ နာရီခွဲက ဟင်္သာတမြို့ ကနောင်စုရပ်ကွက်ရှိ ဘိုးဘွားရိပ်သာသို့ အလှူငွေများပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာအတွင်းရေးမှူး ဦးမြင့်စိန်က လက်ခံရယူသည်။

**အေးထွန်း (ဟင်္သာတ)**

## မှူခင်းပညာပေးပြခန်းယာဉ် တွံတေးမြို့နယ်သို့ရောက်ရှိ

**တွံတေး ဩဂုတ် ၂၄**
ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၏စီစဉ်မှုဖြင့် ဩဂုတ်လ တတိယပတ်က တွံတေးမြို့ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကျော်နိုင်ဦးဆောင်၍ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဌာနတပ်ဖွဲ့စု (၆)မှ ရဲအုပ်သိန်းဌေး၊ ယာဉ်ထိန်းရဲတပ်ဖွဲ့တပ်ဖွဲ့စု (၅၈) မှ ရဲအုပ်ဇော်မင်းအောင်၊ မူးယစ်တပ်ဖွဲ့စု (၄၂) မှ ဒုရဲအုပ်ဖြိုးဝေအောင်တို့လိုက်ပါပြီး မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် တွံတေး-ကော့မှူးသွားကားလမ်းပေါ်ရှိ ဘုရားကြီးကျေးရွာ အထကကျောင်းရှေ့၌ ဟောပြောပြသခဲ့ရာ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူ ၈၇၀ ခန့် လာရောက်လေ့လာကြကြောင်း သိရသည်။ **အောင်ဆွေ (ရွှေတံတား)**



ကြော်ငြာ

## မလှိုင်မြို့နယ်အသင်း(ရန်ကုန်)

### စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် စာအောင်သံဃာတော်များ ဂုဏ်ပြုပူဇော်ပွဲ ဖိတ်ကြားခြင်း

မလှိုင်မြို့နယ်အသင်း(ရန်ကုန်)၏ စတုတ္ထအကြိမ်မြောက် မလှိုင်မြို့နယ်ဖွား သံဃာတော်(၂၂)ပါးအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် သာသနာရေးဆိုင်ရာ စာအောင်သံဃာတော်(၂၄)ပါးတို့အား ဂုဏ်ပြုပူဇော်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ဝါဆိုသင်္ကန်းဒွိစုံ(၁)စုံလျှင် (၅၀၀၀ိ/-နှုန်း)ဖြင့် လှူဒါန်းနိုင်ပါသည်။

အသင်းသူ/အသင်းသားများနှင့် အသင်းမဝင်ရသေးသည့် မြို့နယ်သူ/မြို့နယ်သားများ ကြွရောက်ကုသိုလ်ယူကြပါရန် ဖိတ်ကြားအပ်ပါသည်။ (သီးခြားဖိတ်စာမပို့ပါ။)

ကျင်းပမည့်နေ့ရက် - ၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်
- ၃-၉-၂၀၁၇ ရက်(တနင်္ဂနွေနေ့)

ကျင်းပမည့်အချိန် - နံနက် ၉ နာရီမှ ၁၂နာရီထိ

ကျင်းပမည့်နေရာ - စမ်းချောင်းကျောင်းတိုက်၊ (၈)မိုင်၊ ကုန်းမြင့်သာ၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်။ (ရန်ကုန်ဟိုတယ်နောက်ရှိလမ်းမှဝင်ရန်)

**နေ့လယ်စာကို ထောပတ်ထမင်းဖြင့် ဧည့်ခံကျွေးမွေးပါမည်။**

ဂုဏ်ပြုဆုချီးမြှင့်နိုင်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ် အကျုံးဝင်သော (၃၂)မြို့နယ်၌ သီတင်းသုံးသည့် ၂၀၁၇ခုနှစ်၊ သာသနာရေးဆိုင်ရာ စာအောင်သံဃာ၊ သီလရှင်များနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဂုဏ်ထူးရ ကျောင်းသူ/ကျောင်းသားများသည် ၃၀-၈-၂၀၁၇ရက်၊ ညနေ ၄ နာရီ နောက်ဆုံးထား၍ သတင်းပို့ရန် ဖြစ်ပါသည်။

၁။ ဦးသိန်းဇော် ဖုန်း-၀၉-၅၁၈၂၁၆၃ ၃။ ဦးစိုးလှိုင်(မလှိုင်) ဖုန်း-၀၉-၄၃၁၈၀၀၁၂
၂။ ဒေါ်ခင်ဌေးဦး ဖုန်း-၀၉-၂၀၀၃၈၁၆ ၄။ ဦးကျော်စိုး ဖုန်း-၀၉-၅၀၉၉၃၃၀

**အမှုဆောင်အဖွဲ့**




## Vacancy Announcement

Myanmar Digital News is an online news network publishing daily both in Myanmar and English. We need an experienced feature writer/ correspondent who can report in English. The candidate should be fluent in spoken and written English, must have a keen Interest in current political, social and economic affairs of Myanmar as well as that of International affairs and should be willing to travel for covering news. Salary is negotiable.

If you are interested in joining our news room team in Nay Pyi Taw, please email your CV together with a cover letter to recruitment @ megalinkadvanced. com or contact 0095-67-412627 not latar than 31 August 2017.

အောင်ပလ၏ (ကြေးမုံဦးသောင်း) အောင်ပလယ်

ထွက်ပြီ

## အခြေခံယာဉ်မောင်းသင်တန်း

ကုန်းလမ်းပို့ဆောင်ရေး၊ အခြေစိုက်အလုပ်ရုံ အမှတ်(၂)၊ မြောက်ဒဂုံမှ ဖွင့်လှစ်သော အခြေခံယာဉ်မောင်းသင်တန်းများကို လစဉ် လဆန်းရက်တိုင်း ပုံမှန်ဖွင့်လှစ်လျက်ရှိပါသည်။ (Auto နှင့် Manual) နှစ်မျိုးလုံး သင်ကြားပေးပါသည်။

စက်တင်ဘာလ ရုံးဖွင့်ရက်သင်တန်း ၆-၉-၂၀၁၇ ရက် ဖွင့်မည်။
စက်တင်ဘာလ ရုံးပိတ်ရက်သင်တန်း ၂-၉-၂၀၁၇ ရက် ဖွင့်မည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၄၅၁၁၆၉၈၂၀၊ ၀၉-၂၅၂၂၅၇၇၀၉၊
လိပ်စာ (၁-၉)၊ မြဝတီမင်းကြီးလမ်း၊ (၅၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်။ YBS-၁၂ ဂိတ်အနီး။
နယ်မှသင်တန်းသားများ အဆောင်အခမဲ့ စီစဉ်ပေးမည်။ (လူဦးရေကန့်သတ်ထားသည်)

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး(နေပြည်တော်) ယာဉ်မောင်းသင်တန်းကျောင်း

၂-၉-၂၀၁၇ရက် စတင်ဖွင့်လှစ်မည် (စနေ၊ တနင်္ဂနွေ) ပုံမှန်သင်တန်းနှင့် အမြန်သင်တန်းများကို Auto/Manual Saloon ကားသစ်များဖြင့် (ပိတ်ရက်မရှိ) သင်ကြား ပေးနေပါသည်။

မြို့မဈေးမှ အကြို/အပို့ စီစဉ်ပေးပါသည်။

ဆက်သွယ်ရန်လိပ်စာ - ပုဗ္ဗသီရိမြို့၊ ရွာတော်၊ (ကညန)ရုံးနှင့် ကပ်လျက်(နေပြည်တော်)၊
**ဖုန်း-၀၆၇-၅၁၀၀၃၂၊ ၀၉-၄၀၂၇၀၁၉၂၆၊ ၀၉-၅၃၆၆၁၈၆**









C B BANK

SILVER JUBILEE 1992 - 2017 25th ငွေရတုနှစ်ပတ်လည်

## ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

နိုင်ငံတကာအဆင့်မီ လွယ်ကူ လျင်မြန် လုံခြုံ စိတ်ချရသော ဘဏ်ဝန်ဆောင်မှုများကို ဘဏ် နှင့် ဆက်သွယ်ဆောင်ရွက်သူ Customer များအား စိတ်ကျေနပ် ချမ်းမြေ့စေသော ဝန်ဆောင်ပေးမှုများနှင့် အစဉ်ရှေးရှုဆောင်ရွက်ပေးနေသည့် CB BANK သည် (၂၁.၈.၂၀၁၇) ရက်နေ့တွင် ကျရောက်ခဲ့သည့် (၂၅) နှစ်ပြည့်ငွေရတုသို့တိုင် အောင်မြင်မှုများ ရရှိပိုင်ဆိုင်ခဲ့သည့်အတွက် အထူးပင်ဝမ်းမြောက်ပါကြောင်းနှင့် ရတုအဆက်ဆက်ဆတက်ထမ်းပိုး အောင်မြင်မှုများရရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**AUNG THAUNG CO., LTD**
U Maung Thaung ( Chairman ) &
Daw Kyi Win ( Director )

**Yangon Transformer & Electrical Co., Ltd**
U Maung Thaung ( Chairman ) &
Daw Kyi Win ( Director )




**ပျောက်ဆုံးကြောင်း**
ဦးပြည့်ဖြိုးကျော် [၁၂/လမန(နိုင်)၁၄၅၁၉၂]၏ သင်္ဘောသားလက်မှတ် SID No 89187 မှာ ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉ ၄၂၁၄၈၂၄၁

**ရောင်ခြည်ထိ**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773

**ဖခင်အမည်မှန်**
လှည်းကူးမြို့ အထက(မြို့မ) ဒသမတန်း(E)မှ မောင်ဒိုရှမ်တန်၏ ဖခင်အမည်မှန်မှာ ဦးဇမ်ခန့်ခုပ် [၅/ကလတ(နိုင်)၁၂၂၄၀၃]ဖြစ်ပါကြောင်း။
ဦးဇမ်ခန့်ခုပ်

**STAR CITY**
( သီးသန့် )
ရောင်း / ဝယ် / ငှား
09 - 540 - 2880

**ထိပ်တန်း**
အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေး
09-254256969
09-971322259

**အကိုမြို့သစ်**
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-500 5916
09-510 1862

" Fast Forward မှ နေရာကောင်းများအမြန်ငှားမည် "
09 43129093, 09 7914444 51, 09 421080005

| | | | | |
|---|---|---|---|---|
| ထိုလမ်းမပေါ်တွင် | 40'x60' | 2F,2BR,2AC မီးထောင်း | 10 | သိန်း |
| သစ်တောင်းတန်းလမ်း | 18'x60' | GF,Hall | 11 | သိန်း |
| ကျိုက္ကဆံဘုရားလမ်း | 20'x60' | 3RC,Hall,ဆိုင်ကောင်း | 14 | သိန်း |
| ရွှေပေါက်ကံ | 40'x80' | ဂိ-1RC,Hall,ဖျော်ထားကောင်း | 15 | သိန်း |
| ရန်ကင်းသိမ်ဖြူ | 40'x70' | 2½RC,3BR,2AC | 15 | သိန်း |
| မေတ္တာလမ်း | 40'x60' | 1RC,Hall, ဆိုင်ကောင်း | 16 | သိန်း |
| ဗိုလ်ကောင်းလမ်း | 18'x75' | GF,ဆိုင်နေရာကောင်း | 17 | သိန်း |
| ဥစ္စာ ထိုလမ်း | 18'x60' | GF,ဆိုင်နေရာကောင်း | 18 | သိန်း |
| ရွှေဂုံတိုင်လမ်း | 25'x50' | GF,ဆိုင်နေရာကောင်း | 20 | သိန်း |
| ရန်ကုန်အင်းစိန်လမ်း | 36'x90' | 1RC,ဆိုင်နေရာကောင်း | 32 | သိန်း |
| ဦးကျော်လှလမ်းသန့် | 100'x110' | 2RC,2MBR,2BR,3AC ခြံကျယ် | 30 | သိန်း |
| ထမ်းသစ်လမ်း | 50'x100' | 1RC,ဆိုင်နေရာကောင်း | 34.5 | သိန်း |
| ဝေဇယန္တာလမ်း | 35'x60' | 2RC,ဆိုင်နေရာကောင်း | 35 | သိန်း |

**ဝယ်လိုသည်/ငှားလိုသည်**
Real Link Real Estate ကုမ္ပဏီမှ ကြည့်မြင်တိုင်ညဈေးတစ်ဝိုက်၊ လှိုင်၊ ဗိုလ်တထောင်တစ်ဝိုက်၊ Downtown စသောနေရာများ ... ငှားလိုသည် ... ဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။
ဆက်သွယ်ရန် - ၀၉ ၅၀၆၈၁၃၉၆၊ ၀၉ ၄၂၅၃၁၃၄၆၇

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**
သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄မြောက်၊ မြေကွက်အမှတ်-၃၂၆/ခ၊ မြေကွက်တည်နေရာအမှတ်-၃၂၆/ခ၊ မြို့မ ၁၁လမ်း၊ (၄)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးသန်းလွင်[၁၂/သကတ(နိုင်)၀၆၈၁၀၆]၊ အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးသန်းလွင်ကိုယ်တိုင်မှ ဂရန်မူရင်းတင်ပြ၍ အိမ်ဆောက်ရန် မြေပုံကူးနှင့်မြေတိုင်းလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်အရ ၁၉၉၅ ခုနှစ်တွင် ဦးသန်းလွင်မှ မြေပုံကူးလျှောက်ထားခဲ့ခြင်းနှင့်ပတ်သက်၍ ကူးယူခဲ့သော မြေပုံသည် ဘဏ်ချေးမြေပုံဖြစ်ပြီး ယင်းမြေပုံပျောက်ဆုံးကြောင်း ပုဇွန်တောင်မြို့နယ်တရားရုံး၏ ၁၃-၂-၂၀၁၇ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်စဉ် (၂၄၈၁/၂၀၁၇)တင်ပြလာသဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။
ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**အများသိစေရန်ကြေညာချက်**
ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ... (၇)ရက်အတွင်း ... ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်လှဲ့လှဲ့ဝင်းဟန် (LL.B) ဒေါ်ဆုလှဲ့ဝေ ( LL.B )
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၁၀၇) အထက်တန်းရှေ့နေ(စဉ်-၂၇၄၇၁)
ဖုန်း - ၀၉ ၉၇၀၅၃၂၃၀၀

# ရန်ကုန်မြို့တော်၏ ခေတ်အမီဆုံးနှင့် အကြီးဆုံး လက္ကားဈေးကြီး ဖြစ်လာမည့်

## GMP MALL နှင့် Office Tower, Hotel များ ပါဝင်သော စီမံကိန်း



- ရန်ကုန်တိုင်းဒေသကြီး ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် ဗိုလ်မင်းရောင်လမ်းကြားတွင် တည်ရှိသည့် စီးပွားရေးအဆောက်အအုံ ( Shopping Mall ,Hotel,Office Tower ) များ ပါဝင်သည့် စီမံကိန်းဖြစ်ပါသည်။
- စီမံကိန်း၏ ပထမအဆင့်အဖြစ် တည်ဆောက်မည့် Shopping Mall သည် ဧရိယာ စတုရန်းပေ ( ၉၀၀,၀၀၀ ) ကျော်ရှိသည့် (၇) ထပ် RC အဆောက်အအုံဖြစ်ပြီး မြေအောက်ထပ်တွင် စားသောက်ဆိုင်များ၊ မြေညီထပ်မှ စတုတ္ထထပ်အထိ ဈေးဆိုင်ခန်းများ၊ ပဉ္စမထပ်နှင့် ဆဋ္ဌမထပ်အထိမှာ ရုံးခန်း နှင့် ပစ္စည်းသိုလှောင်ခန်းများ ပါဝင်ပါသည်။ ဆိုင်ခန်းတစ်ခန်းလျှင် ဧရိယာစတုရန်းပေ ( ၂၀၀ ) မှ (၄၀၀) ဝန်းကျင် အကျယ်အဝန်းဖြင့် ဖွဲ့စည်းထားပါသည်။
- Shopping Mall အတွင်း ရောင်းဝယ်ဖောက်ကားသူများ ကျယ်ပြန့်စွာနှင့် လေဝင်လေထွက် ကောင်းမွန်စွာ ရရှိနိုင်ရန် Floor height (၁၉) ပေအမြင့်နှင့် လျှောက်လမ်း ( Corridor) များကို (၁၄ ) ပေ မှ (၁၇) ပေ အကျယ်ထိ ဖွဲ့စည်းထားပြီး Water Cooled Chiller စနစ်သုံး Airconditioning စနစ်များ ၊ နိုင်ငံတကာအဆင့်မီ မီးဘေးကာကွယ်ရေး နှင့် မီးငြိမ်းသတ်ရေး စနစ်များ ဖြစ်သော Fire sprinkler system, Smoke / Heat detector system, Smoke extracting / Curtain system, Fire Hose reel system, Fireman Lift များအပြင် ပြည့်စုံလုံလောက်သော အရေးပေါ်ထွက်ပေါက်များ ၊ လှေကားများ ၊ ၂၄ နာရီ CCTV နှင့် လုံခြုံရေးစနစ်များ ပါဝင်ပါသည်။
- Shopping Mall တွင် Schindler အမှတ်တံဆိပ် (1.6) တန် ကုန်တင် ဓာတ်လှေကား (၁၀) စင်း ကို ၄နံ(၄) ဖက် ခွဲ၍ ကုန်တင် ကုန်ချ လွယ်ကူစေရန် စီစဉ်ထားရှိပြီး (၁၅) ယောက်ဆံ့ လူစီးဓာတ်လှေကား (၃) စင်း နှင့် ရွေ့လျားစက်လှေကား ( ၂၀) စင်း ပါဝင်ပါသည်။ ၎င်းအပြင် မော်တော်ယာဉ် အစီးရေ (၆၀၀) ကျော် ရပ်နားနိုင်မည့် ကားပါကင် အဆောက်အအုံ တစ်ခုလည်း ပါဝင်မည်ဖြစ်ပါသည်။
- လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် 25MVA ဓာတ်အားခွဲရုံ တစ်ခု တည်ဆောက်၍ ဓာတ်အားရယူသွားမည်ဖြစ်ပြီး Standby Generator များလည်း တပ်ဆင်ပေးသွားပါမည်။
- အဝတ်အထည်များ၊ အလှကုန်များ၊ လျှပ်စစ်ပစ္စည်းများ ကို လက်လီ လက္ကား ရောင်းချသွားနိုင်မည်ဖြစ်ပြီး ငွေကြေးလုပ်ငန်းများ လျှင်မြန် လွယ်ကူစေရန်အတွက် ဘဏ်များလည်း ပါရှိမည် ဖြစ်ပါသည်။

**စိတ်ပါဝင်စားသူများ ဆက်သွယ်စုံစမ်းနိုင်ပါပြီ**

DEVELOPER-

GA MONE PWINT CO.,LTD.

အမှတ်(၂၄၅)၊ ဗားကရာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 01- 524 963, 01- 526 928
01- 516 533~6

မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးကွပ်ကဲမှုဦးစီးဌာန FDA အသိအမှတ်ပြုပြည့်စုံကျက်အာဟာရ

“ခေါင်းမြင့်သူတို့ရဲ့နောက်ကွယ်ကလျှို့ဝှက်ချက်”




ရွှေပင့်ကူ
အဘားထွက်ပွဲ
09-450224339, 09-423720047

ASIA DRAGON
ချောင်းသာ 12000
ငွေဆောင် 15000
ကျိုက်ထီးရိုး 10000
09-30030030, 09-30030090

ပုဂံမြန်မာ ခရီးသွားလုပ်ငန်း
ရန်ကုန် - ဘာလီ - ရန်ကုန် (5D/4N)
Oct 4 - 8 တစ်ဦးလျှင် US$600 (စရိတ်ငြိမ်း)
ဗီယက်နမ် - ဟိုချီမင်း - ဖနွမ်ပင် - ဒါလတ် (5D/4N)
Oct 4 - 8 တစ်ဦးလျှင် US$430 (စရိတ်ငြိမ်း)
Tel: 09 79 49 10515, 01- 230 5072, 230 50 73

KMD Institute (Since 1986)

University of Greenwich (UK) မှပေးအပ်သော ကွန်ပျူတာသိပ္ပံဘွဲ့ကို ရရှိနိုင်မည့် အခွင့်အရေး

First Year Diploma in Computing | Second Year Diploma in Computing

- နှစ်စဉ် ထူးချွန် ကျောင်းသား၊ ကျောင်းသူ အများဆုံးမွေးထုတ်ပေးခြင်း။
- အရည်အချင်းရှိသော ဆရာ၊ ဆရာမ များ အချိန်ပြည့်ရှိသောကြောင့် အချိန်မရွေး စာမေးမြန်းနိုင်ခြင်း။
- တက္ကသိုလ်ဝင်တန်းစာမေးပွဲကိုထူးချွန်စွာအောင်မြင်ထားသူများအတွက် နှစ်စဉ် ပညာတော်သင်ဆုများ ချီးမြှင့်ခြင်း။



| New Section (Mon-Fri) | New Section (Sat-Sun) | New Section (Mon-Fri) | New Section (Sat-Sun) |
|---|---|---|---|
| 11 September 2017 | 16 September 2017 | 18 September 2017 | 23 September 2017 |
| 7:00 AM - 11:00 AM<br>1:00 PM - 5:00 PM | 7:00 AM - 3:00 PM | 7:00 AM - 11:00 AM | 7:00 AM - 2:00 PM |

CB BANK ဘဏ်၊ AYA Bank ဘဏ်များနှင့်ချိတ်ဆက်၍ သင်တန်းကြေးများကို အရစ်ကျပေးချေနိုင်ရန်စီစဉ်ပေးထားပါသည်။

First Year Diploma in Computing → NCC → Second Year Diploma in Computing → NCC → B.Sc(Hons)BIT (Final Year) UNIVERSITY of GREENWICH

HotLine 09770867903

KMD (Myaynigone) : 331, Pyay Road, Myaynigone, Sanchaung Township, Yangon.
01- 381776, 381035, 502233, 527436, 220555, 700895
www.facebook.com/KMDNCC

နယ်မှ လာရောက်မည့် ကျောင်းသား/သူများအတွက် အဆောင်စီစဉ်ပေးထားပါသည်။

Mingalar Cinemas
www.facebook.com/mingalarcinemas
Mingalar Cinemas facebook

သမ္မတ၊ သွင်၊ မင်္ဂလာ၊ မင်္ဂလာ၊ နေပြည်တော်၊ ရွှေဆောင်၊ မင်္ဂလာစံပြ၊ Top Royal၊ မင်္ဂလာဝဇီရာ၊ မင်္ဂလာ၊ ဝင်းလိုက်၊ မြို့မ၊ မင်္ဂလာဒိုင်းမွန်၊ မင်္ဂလာ မန်းနေပြည်တော်၊ မင်္ဂလာထွန်းသီရိ၊ မင်္ဂလာ ICON Mall၊ NEW 3D Cinema၊ မင်္ဂလာစံပြ(မကွေး)

၂၅.၈.၂၀၁၇ နေ့မှပြမည့်ဇာတ်ကားသစ်များ

သိုက်ကလာတယ်ကောမပြောဘူး
ရန်ကုန် - သမ္မတ၊ သွင်၊ မင်္ဂလာ(၁)၊ မင်္ဂလာစံပြ
Top Royal၊ မင်္ဂလာ
မန္တလေး - ဝင်းလိုက်၊ မြို့မ၊ မန်းနေပြည်တော်
မြင်း - မင်္ဂလာထွန်းသီရိ ပဲခူး - မင်္ဂလာ Icon
တောင်ကြီး - NEW 3D CINEMA မကွေး - မင်္ဂလာစံပြ

ရာဇဝင်ရိုင်းသူများ
ရန်ကုန် - မင်္ဂလာ

CAR 3(3D)
ရန်ကုန် - နေပြည်တော်

ဘုန်းကညာနှစ်ပါး
ရန်ကုန် - ရွှေဆောင်

ANNABELLE CREATION
ရန်ကုန် - နေပြည်တော်၊ မင်္ဂလာ(၂)၊ သိမ်ဖြူ(၂)
မင်္ဂလာစံပြ၊ မင်္ဂလာ
မန္တလေး - မင်္ဂလာ ဒိုင်းမွန်၊
မြင်း - မင်္ဂလာထွန်းသီရိ မကွေး - မင်္ဂလာစံပြ
တောင်ကြီး - NEW 3D CINEMA ပဲခူး - မင်္ဂလာ Icon

JAB HARRY MET SEJAL
ရန်ကုန် - နေပြည်တော်၊ ရွှေဆောင်
မန္တလေး - မင်္ဂလာ ဒိုင်းမွန်၊

ပွဲခံမယ်
ရန်ကုန် - ရွှေဆောင်၊ မင်္ဂလာ၊ မင်္ဂလာစံပြ
မင်္ဂလာဝဇီရာ
မန္တလေး - မင်္ဂလာ ဒိုင်းမွန်၊
















# Ocean SUPERCENTER

ဗျူတီလေးကိုရဲ့ အသည်းဖိုမှ ဖန်တီးမှုများအတိုင် ပြစ်ချက်မှုမဲ့ အလှတရားအတွက်



Up to 30% Off



# Beauty Fair

25th Aug to 10th Sep, 2017

bella | FOLLOW ME | GARNIER | Kanebo | L'ORÉAL PARIS | NIVEA | OLAY | POND'S | REVLON | ROHTO

ရင်ခုန်စိတ်လှုပ်ရှားဖွယ်ကောင်းတဲ့ အစီအစဉ်များစွာနှင့်အတူ ကိုယ်ရဲ့အလှအပကို ဖန်တီးလိုက်ပါ

ရန်ကုန်ဆိုင်ခွဲ | နေပြည်တော်ဆိုင်ခွဲ | မန္တလေးဆိုင်ခွဲ | ပုရွာဆိုင်ခွဲ | မော်လမြိုင်ဆိုင်ခွဲ | ပုသိမ်ဆိုင်ခွဲ | တောင်ကြီးဆိုင်ခွဲ

www.facebook.com/OceanSupercenterMyanmar | Ocean_Supercenter



✓ တိုင်းရင်းဆေးပညာရှင်အသွေး ကမ္ဘာ့ကျော်ကြားမှုဆု (ဂျီနီဗာ - ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆု
✓ နိုင်ငံတကာ ဓလေ့အောင်မြင်မှု ... ဆု (ဝါရှင်တန် - ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးဂြုမ်း ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စံနှုန်းဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစံနှုန်းဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ

# ဖျံ-၅-ကောင်
အမှတ်တံဆိပ်

သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေး

တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ

ဒေါက်တာနီမြင့်အောင်(ဓါးသမ) Ph.D (Alternative Medicines)



## Golden Valley Inn (GVI)

US သံရုံး ၊ တောင်ကိုရီးယားသံရုံးအနီး ပြင်ဆင်မှု အသစ်ဝန်ဆောင်မှုအသစ်နှင့် ကျယ်ဝန်းသော Car Parking ရှိ

PH : 01-524173
09-253000201
09-253000202

Wifi Free

အထူး Discount - 10000
(With Breakfast) 27000
(With Breakfast) 35000
Foreigner (With Breakfast) $40



## ကန့်ကွက်နိုင်ပါကြောင်းကြေညာ

India နိုင်ငံ Ozone Biotech Sinteved Products Pvt.Ltd မှ ထုတ်လုပ်ပြီး မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ Registration Number P2017-3592 ဖြင့် မှတ်ပုံတင်ခွင့်ပြုထားသည့် Ozoneem Trishul (Azadirachtin 1%EC) ပိုးသတ်ဆေးအား မြန်မာနိုင်ငံအတွင်း OzoGro(အိုဇိုဂရို)ဘိုင်အိုပိုးသတ်ဆေးအမည်ဖြင့် အမည်ပြောင်းလဲဖြန့်ဖြူးမည်ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှ စ၍(၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် အောက်ဖော်ပြပါလိပ်စာသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အမည်ပြောင်းလျှောက်ထားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**United Nilar Agribusiness Co.,Ltd.**
**No.56,U Shwe Bin Street, Industrial zone(1),**
**Dagon Seikkan Township, Yangon, Myanmar.**
**Contact No:(959)977223290**



# DREAM ALUMINUM

Customer များရရှိမည့်အားသာချက်

- Euro System 45° ထောင့်ချိုးဖြစ်ခြင်းကြောင့် အဆောက်အဦး၏အလှကို ခေတ်မီသေသပ်စေခြင်း။
- Coating မှာ Orginal Italy ဆေးသားအသုံးပြုထားခြင်းကြောင့် သက်တမ်းကြာရှည်ခံပြီးဆေးရောင်ကွာမကျခြင်း။
- Brand Acessories များအသုံးပြုထားခြင်းကြောင့် ဖွင့်ပိတ်ရာတွင် လွယ်ကူကာရှည်အသုံးခံနိုင်ခြင်း။
- Slide/Casement Profile System အား အသံလုံ၊လေလုံ၊ရေလုံစေရန် တီထွင်ထားခြင်း။
- Slide System ချော်လမ်းပေါ် နက်ခြင်းကြောင့် လုံခြုံမှုရှိခြင်း၊ ဘေးချော်မထွက်ခြင်း။



လက်လီလက်ကားဝယ်ယူသူများရရှိမည့် အားသာချက်

- Euro System Click type ဖြစ်ခြင်းကြောင့် Screw အရာများ ကင်းရှင်းခြင်း၊ အချိန်ကုန်သက်သာခြင်း။
- ထုတ်လုပ်တပ်ဆင်ရလွယ်ကူခြင်း၊ မြန်ဆန်ခြင်း၊ ခေတ်ညာခြင်း၊ လူအင်အား အသုံးပြုရနည်းခြင်း။
- လေးခက်လေး Frame တစ်မျိုးတည်းသာ အသုံးပြုရခြင်းကြောင့် နိုင်မာတောင့်တင်းပြီး အလေအလွင့် ထိန်းသိမ်းနိုင်ခြင်း။
- Dream Frame ရောင်း၊ Acessories နှင့် ဆက်စပ်ပစ္စည်းများကို တစ်နေရာတည်း လက်လီလက်ကားရရှိနိုင်ခြင်း။
- ထုတ်လုပ်တပ်ဆင်မှုအတွက် ကုမ္ပဏီမှ Training ကူညီပေးခြင်း။
- မြန်မာပြည်၏အကောင်းဆုံး Euro System Deram Aluminium နှင့် ဆက်စပ်ပစ္စည်းများအား ကိုယ်စားလှယ်ယူလိုသူများ ဆက်သွယ်နိုင်ပါသည်။

Dream Aluminium မှ Marketing (မ) ဝန်ထမ်းအလိုရှိသည်။ ဘွဲ့ရရှိပြီး ရုပ်ရည်အသင့်အတင့်ရှိရမည်။



Frame နှင့် Accessories များကို လက်လီလက်ကားနှင့် ကိုယ်စားလှယ်ယူလိုသူများ ဆက်သွယ်ရန်
09-263563664
09-977910201
01-8604394

အပြီးအစီးတပ်ဆင်မှုများအတွက် ဆက်သွယ်ရန် Dream Installation Group 09-260905818, 09-254048775, 09-252420717

အမှတ်(၂၂၃/၂၂၅)၊ ကျိုက္ကဆံလမ်းမကြီး၊ ကျောက်မြောင်းဈေးမှတ်တိုင်အနီး၊ တာမွေမြို့နယ်၊ရန်ကုန်မြို့။ 01-8604394, 09-263563664

အဘအောင်မင်းခေါင်ပူဇော်ပွဲ

• အဘထွက်ရပ်ပွဲ - ပုပ္ပား(၁)ညအိပ်(၃)ရက်။
• ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော၊ ကျိုက်ထီးရိုး၊ ရွှေသာလျောင်း ...

မန်းလေး 01-391577, တောင်ကြီး 056-21671, 09-5122961, 09-255811682

**Ever Clean**

အထင်ရှားဆုံးဘုရားဖူးနှင့် အပန်းဖြေခရီးသွားဝန်ဆောင်မှုလုပ်ငန်း

| | | |
|---|---|---|
| • ပုပ္ပား(စွယ်တော်လေးဆူ)-ပုပ္ပါး | (၃ည ၄ရက်) | Sep-5, Oct-4-20, Nov-10-24 |
| • မြဝတီ-မဲဆောက် | (၃ည ၄ရက်) | Oct-4, Nov-10-24 |
| • မန္တလေး-ပြင်ဦးလွင် | (၃ည ၄ရက်) | Oct-4-20, Nov-2 |
| • တောင်ကြီး-အင်းလေး-ပင်းတယ-ကလော | (၄ည ၅ရက်) | Oct-4, Nov-2-24 |
| • ကလော (Trekking) | (၄ည ၅ရက်) | Oct-4, Nov-2-24 |
| • ကျိုက်ထီးရိုး | (၄ည ၅ရက်) | Oct-4, Nov-2-24 |
| • ထားဝယ်-(မွန်ကိုးရွာ)-မောင်းမကန်ကမ်းခြေ | (၄ည ၅ရက်) | Oct-4, Nov-10 |
| • | (နေ့ချင်းပြန်) | Sep-2,16,30 |
| • | (နေ့ချင်းပြန်) | Sep-2,16,30 |
| • | (နေ့ချင်းပြန်) | Sep-2,16,30 |
| • | (နေ့ချင်းပြန်) | Sep-2,16,30 |
| • | (နေ့ချင်းပြန်) | Sep-2,16,30 |

09-33886666, 09-795185522

09-444450446, 09-444450558
09-250144709

• 35000 Free
• 45000
• 55000
• 65000

(၆.၉.2017) (35000) (45000) (60000) (60000) (70000)

ပုဂံမြန်မာ ခရီးသွားလုပ်ငန်း

ပုဂံ - ပုပ္ပါး - စွယ်တော်လေးဆူ - ပုဂံ (3D/2N)

ပြင်ဦးလွင် - ဂုတ်ထိပ်တံတား - အမရပူရ - မန္တလေး (3D/2N)

Tel: 09 79 49 10515, 01- 230 5072, 230 50 73

အင်္ဂလိပ်စာပို့ချချက်ဗီဒီယိုဖိုင် (၇၀)ပါရှိသော
DVD (၂)ချပ်နှင့် တွဲထုတ်သည့် မြန်မာ့ပထမဆုံး

ဆရာချမ်းဇော်ထက် ၏ ၁၀ တန်း အင်္ဂလိပ်စာ
ရှောင်ရန်ဆောင်ရန် အမှားအမှန်
Challenges of Grade 10 English

ချမ်းဇော်ထက်စာပေ 09775148014 ၄၀၀၀ ကျပ်

နိုင်ငံ့သဘောသဘာဝလုပငန်းကို ...
လူနေအိမ်များ၊ စက်ရုံများ၊ ရုံးခန်းများ၊ ဂိုဒေါင်များနှင့်
အဆောက်အအုံအားလုံးကို Steel Structure ဖြင့်
ဒီဇိုင်းဆွဲ ဆောက်လုပ်ပေးနေပါပြီ။
PTG (Yangon) Co.,Ltd 09-794237423, 09784333367




မင်္ဂလာပါ
အိမ်ခြံမြေ ...
Box ...
09-450042704
09-250095116
09-420096296






SKL Travel
ရန်ကုန် 01 524 841, 09 788 999 810 မှ 860
မန္တလေး 09 7714 77141 မှ 146

# ဗီယက်နမ်
စက်တင်ဘာ ၁၆ ရက် (USD 360)

# ကမ္ဘောဒီးယား
စက်တင်ဘာ ၇ ရက် (USD 420)



တက်ရောက်သင့်သောသူများ
- တက္ကသိုလ်ဝင်တန်းအောင်ပြီးသူများ
- IGCSE/ GCE "O" ပြီးဆုံးထားသူများ
- ဟိုတယ်နှင့်ခရီးသွားလာရေးနယ်ပယ်တွင် ဝင်ရောက်လုပ်ကိုင်လိုသူများ
- ဂျပန်နိုင်ငံ၏ အဆင့်မြင့် ဟိုတယ်ကြီးများတွင် လုပ်ကိုင်လိုသူများ

- University Foundation Program
- Diploma in Hospitality & Tourism Management
- Advanced Diploma in Hospitality & Tourism Management
- 1 year Paid Internship in Japan

EARLY BIRD DISCOUNT

Contact Us : 01553897, 092500793994

S-9, U Chit Maung Housing, U Chit Maung Road, Tamwe Township, Yangon

info@tic.edu.mm TIC

လှိုင်ရာသီ

DADDY
ပုဂံ-ညောင်ဦး 45000/-
5-9-2017
09 448001903, 09-440334848

ကားငှားရန်
Alphard, Hiace
Ph: 09795549249, 09541 8126, 09-795546884

ကမ္ဘာကျော် တက္ကသိုလ်ကြီးဖြစ်သည့်
UWS University, UK မှ တိုက်ရိုက်ဘွဲ့ချီးမြှင့်ပေးအပ်မည့်..













တိုက်ခန်း ငှား/ရောင်း
ငှား ၂ သိန်း၊ ရောင်း-၄၉၀ သိန်း
ဖုန်း-၀၉-၄၂၀၀၀၇၇၇၇

GW
0973226006
0973133528
0973077569
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
09401505559

ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
MECHANICAL CAR PARKING




အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

## နေရာကောင်းအဆောက်အအုံနှင့်မြေကွက်ငှားရန်ရှိသည်

၁။ အမှတ်(၂) လမ်းမကြီးပေါ်
၂။ မြေ(၃) ဧကပေါ်ရှိ
၃။ Steel Structure (16000)sq.ft
၄။ ရုံးခန်း(၂)ထပ်ပါပြီး
၅။ 315 KVA Transformer
၆။ ရေမီးစုံ
၇။ Warehouse, Showroom, Logestic လုပ်ငန်းများဖွင့်ရန် သင့်တော်သည်။
၈။ Container (၂၄)နာရီ ဝင်ထွက်ရန် ကောင်းသည်။
Ph-09-8626050, 09-784400368, 09-795009795

သီဟလင်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10',14',16',18',22')ကား
01-570307
09-5112729
09-5126394

ခတုံမြို့သစ်
09-6809893
09-5120620

# ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်အဖွဲ့၏ အပြီးသတ်အစီရင်ခံစာအကြံပြုချက်များနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၄**

နိုင်ငံတော်အစိုးရထံသို့ တင်သွင်းခဲ့သည့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာပါ အကြံပြုချက်များနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာ ဟိုတယ် ပထမထပ် ခန်းမ(၂)၌ ကျင်းပသည်။ **(ယာပုံ)**




ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်ဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း နိုဘယ်လ်ဆုရှင် မစ္စတာကိုဖီအာနန်က အပြီးသတ်အစီရင်ခံစာကို နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့ထံ တင်သွင်းခဲ့ပြီးဖြစ်ပါကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဝင်များနှင့်လည်း တွေ့ဆုံခဲ့ပါကြောင်း။

ကော်မရှင်အနေဖြင့် ၁၂ လတာကာလအတွင်း တွေ့ရှိချက်နှင့်အကြံပြုချက်များကို ပြင်ဆင်ရာတွင် နိုင်ငံရေးနှင့် ဘာသာရေးနယ်ပယ်မှ ခေါင်းဆောင်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ရခိုင်ပြည်နယ်တစ်ဝန်းလုံးရှိ ဒေသခံအသိုင်းအဝိုင်းများအပြင် ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်မှ အစိုးရအဖွဲ့ဝင်များ၊

**စာမျက်နှာ ၉ ကော်လံ ၁ သို့**



## မြန်မာသေနတ်ပစ်အဖွဲ့ ရွှေတံဆိပ် စတင်ဆွတ်ခူး

**ကွာလာလမ်ပူ ဩဂုတ် ၂၄**

ဆီးဂိမ်းသေနတ်ပစ်ပြိုင်ပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မြန်မာသေနတ်ပစ်အဖွဲ့က ရွှေတစ်ခု၊ ကြေးတစ်ခု ထပ်မံဆွတ်ခူးရရှိခဲ့သည်။

မြန်မာသေနတ်ပစ်အဖွဲ့အတွက် ရွှေတံဆိပ်ဆုကို အမျိုးသမီး ၁၀ မီတာ လေပစ္စတိုပြိုင်ပွဲတွင် မေပိုးဝါ**(ဝဲပုံ)**က ရယူနိုင်ခဲ့ပြီး ဗီယက်နမ်က ငွေတံဆိပ်၊ မလေးရှားက ကြေးတံဆိပ်ရရှိခဲ့သည်။ ကြေးတံဆိပ်ဆုကို အမျိုးသားမီတာ ၅၀ ရိုင်ဖယ်ပြိုင်ပွဲတွင် ကောင်းထိုက်က ရရှိခဲ့သည်။ မြန်မာသေနတ်ပစ်အဖွဲ့သည်

**စာမျက်နှာ ၁၄ ကော်လံ ၆ သို့**




ဆီးဂိမ်း ဘတ်စကက်ဘောပြိုင်ပွဲ အမျိုးသားပွဲစဉ်တွင် မြန်မာအသင်းက ထိုင်းအသင်းကို ၁၁၀ မှတ်၊ ၃၇ မှတ်ဖြင့် အနိုင်ရရှိခဲ့သည်။ (အား/ကာ)

# မြန်မာနှင့်ထိုင်း ဆီမီးဖိုင်နယ်မှာ တွေ့ကြပြီ

**နေပြည်တော် ဩဂုတ် ၂၄** - မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(ခ)အုပ်စုနောက်ဆုံးပွဲစဉ်များကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ယှဉ်ပြိုင်ကြရာ ထိုင်းအသင်းက ဗီယက်နမ်အသင်းကို သုံးဂိုးပြတ်ဖြင့်လည်းကောင်း၊ အင်ဒိုနီးရှားအသင်းက ကမ္ဘောဒီးယားအသင်းကို နှစ်ဂိုးပြတ်ဖြင့်လည်းကောင်း၊ ဖိလစ်ပိုင်အသင်းက တီမောအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း

**စာမျက်နှာ ၁၄ ကော်လံ ၁ သို့**



**(၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲတော် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆုပေးပွဲကို ဩဂုတ် ၂၄ ရက်က ကျင်းပရာ တတိယဆု ကြေးတံဆိပ်ရရှိသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းအား တွေ့ရစဉ်။** [မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဩဂုတ် ၂၅ ရက် နံနက် ၁၀ နာရီခွဲတွင် ပြန်လည်ရောက်ရှိမည်ဟု သိရသည်။] *(ဓာတ်ပုံ-MFF)*

## (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

| စဉ် | နိုင်ငံများ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | မလေးရှား | ၆၃ | ၄၅ | ၃၈ | ၁၄၆ |
| ၂ | ဗီယက်နမ် | ၃၇ | ၂၅ | ၃၂ | ၉၄ |
| ၃ | စင်ကာပူ | ၃၄ | ၃၂ | ၃၄ | ၁၀၀ |
| ၄ | ထိုင်း | ၂၅ | ၄၄ | ၄၆ | ၁၁၅ |
| ၅ | အင်ဒိုနီးရှား | ၁၉ | ၂၄ | ၄၀ | ၈၃ |
| ၆ | ဖိလစ်ပိုင် | ၁၄ | ၁၈ | ၃၁ | ၆၃ |
| ၇ | မြန်မာ | ၅ | ၆ | ၁၁ | ၂၂ |
| ၈ | ကမ္ဘောဒီးယား | ၁ | ၀ | ၆ | ၇ |
| ၉ | ဘရူနိုင်း | ၀ | ၁ | ၆ | ၇ |
| ၁၀ | လာအို | ၀ | ၁ | ၆ | ၇ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၀ | ၀ | ၀ |



# MTSH Myanmar Thilawa SEZ Holdings Public Limited

Rooftop Floor, UMFCCI Office Tower, No.29, Min Ye Kyaw Swar Street, Lanmadaw Township, Yangon, Myanmar.

## စတုတ္ထအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေး (4th Annual General Meeting) တက်ရောက်ရန် ဖိတ်ကြားခြင်း

### ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၂၅)ရက်

၁။ မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်(MTSH)၏ စတုတ္ထအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၉)ရက်၊ (စနေနေ့) နံနက် (၁၀း၀၀)နာရီအချိန်တွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၊ သုဝဏ္ဏ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ချီးမြှင့်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

၂။ အစုရှယ်ယာရှင်များထံသို့လည်း အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားစာ၊ အစည်းအဝေး တက်ရောက်မဲပေးခွင့် ကိုယ်စားလှယ်လွှဲစာ၊ အစည်းအဝေးတက်ရောက်ကြောင်း မှတ်ပုံတင်ရန် ယူဆောင်လာရမည့် QR Code ပါ အစုရှယ်ယာသက်သေခံဖြတ်ပိုင်း၊ အမြတ်ဝေစု (Dividend) ခွဲဝေခြင်းနှင့် စပ်လျဉ်းသည့် အကြောင်းကြားစာတို့ကို အချိန်မီ ပေးပို့မည်ဖြစ်ပါသည်။ အစည်းအဝေးသို့ ကိုယ်စားလှယ်စေလွှတ်မည့် အစုရှယ်ယာရှင်များအနေဖြင့် အစည်းအဝေးတက်ရောက်မဲပေးခွင့် ကိုယ်စားလှယ်လွှဲစာအား သတ်မှတ်ချိန်အတွင်း ပြန်လည်ပေးပို့ခြင်းမရှိပါက ကိုယ်စားမဲပေးခွင့် ရရှိမည်မဟုတ်ဘဲ အစည်းအဝေးတက်ရောက်ခွင့်သာ ရရှိမည်ဖြစ်ပါသည်။

၃။ နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ တက်ရောက်မည့် အစုရှယ်ယာရှင်အရေအတွက်များပြားမည်ဖြစ်ပါသဖြင့် အစည်းအဝေးအချိန်မီ စတင်နိုင်ရန် အစည်းအဝေးတက်ရောက်သူအမည်စာရင်းမှတ်ပုံတင်ခြင်းကို နံနက် (၈း၀၀)နာရီမှစတင်၍ နံနက် (၁၀း၀၀)နာရီအထိ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် နံနက် (၁၀း၀၀)နာရီနောက်ပိုင်း ရောက်ရှိလာသူများသည် အစည်းအဝေးတက်ရောက် ခွင့်သာရရှိမည်ဖြစ်ပါကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

၄။ အမြတ်ဝေစုခံစားခွင့်ရှိသည့် အစုရှယ်ယာရှင်များကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၁၁)ရက် (အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုသည့်ရက် - Record Date)နေ့တွင် ရှိသော အစုရှယ်ယာရှင်စာရင်းအရ သတ်မှတ်သွားမည်ဖြစ်ပြီး၊ အမြတ်ဝေစုခွဲဝေပေးမည့်နေ့ကို စတုတ္ထအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကျင်းပပြီးစီးသည့်နေ့ နောက်ပိုင်းတွင် အသိပေးကြေညာမည်ဖြစ်ပါသည်။

၅။ အစုရှယ်ယာရှင်များအနေဖြင့် မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်၏ အကျိုးစီးပွားတိုးတက်စေရန်အတွက် အကြံပြုလိုပါက ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၄)ရက်၊ တနင်္လာနေ့ ညနေ (၄း၃၀)နာရီ နောက်ဆုံးထား၍ ဒါရိုက်တာအဖွဲ့ထံသို့ အကြံပြုလွှာပေးပို့နိုင်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်


## ကျောင်းအလှူခါန ပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ မှော်ဘီကျောင်းခွဲရိပ်သာ/စာသင်တိုက်တွင် ... ကျောင်းဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူရှင်များ ပါဝင်လှူဒါန်းနိုင်ကြပါရန် နိုးဆော်အပ်ပါသည်။

| | | |
|---|---|---|
| ၁။ | မြတင်းတံခါးတစ်ချပ် | ၁ သိန်း |
| ၂။ | ၁၀ ပေပတ်လည် ထစ်ကျင်းကြမ်းခင်း | ၁ သိန်း |
| ၃။ | အခန်းတံခါး | ၂ သိန်း |
| ၄။ | ရေချိုးခန်း | ၃ သိန်း |
| ၅။ | ကုဋီတစ်ခန်း | ၅ သိန်း |
| ၆။ | သံဃာတွန့်တရစ်ဆေးလှူကားတစ်စီး | ၉ သိန်း |
| ၇။ | သံဃာနှစ်ပါးနေတစ်ခန်း | ၁၀ သိန်း |
| ၈။ | ရေတိုင်ကီတစ်လုံး | ၁၂ သိန်း |
| ၉။ | သံဃာလေးပါးနေတစ်ခန်း | ၂၀ သိန်း |
| ၁၀။ | ဓာတ်လှေကား | ၂၅၀ သိန်း |
| ၁၁။ | ဘုရားခန်း | ၅၀ သိန်း |
| ၁၂။ | စာသင်ခန်းဆောင် | ၁၀၀ သိန်း |
| ၁၃။ | ဆွမ်းစားဆောင် | ၃၅၀ သိန်း |
| ၁၄။ | ကျောင်းဆောင်တစ်ထပ် | ၁၀၀၀ သိန်း |
| ၁၅။ | ကွန်ကရစ်တိုင်တစ်လုံး | ၃ သိန်း |
| ၁၆။ | စာချဆရာတော်များနေတစ်ခန်း | ၂၅ သိန်း |
| ၁၇။ | စာကြည့်တိုက် (စာကြည့်ခန်း) | ၁၀၀ သိန်း |
| ၁၈။ | သံဃာတစ်ပါးနေရန်တစ်နေရာ | ၅ သိန်း |

အလှူရှင်များ ဆက်သွယ်ရန်
ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
မှော်ဘီကျောင်းခွဲ စာသင်တိုက်
ဖုန်း - ၀၁-၅၀၈၈၃၃၊ ၀၉-၈၆၃၀၅၁၆၊ ၀၉-၂၆၃၆၂၉၃၂၆
ဦးတေဇိန္ဒ-တပည့်တော်၊ ဗဟိုမိုးသိမ်လမ်း မော်
(Account No.061-301-06100921001)
နိုဘတ်၊ ဘုန်းကြီးလမ်း လမ်းမတော်
(Account No. 021-31-501798-9) အတိုင်းနှင့် ငွေလွှဲ၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။




လူမေးများလာသောစာအုပ်
အမေရိကန်အင်ပါယာနှင့် မြန်မာ့အမြော်အမြင်
လင်းယုန်
"နိုင်ငံ တစ်နိုင်ငံရဲ့ လွတ်လပ်ရေးကို သိလိုရင် ... ကြည့် ..."
"မြန်မာ့ဆိုတာ ဘယ်လိုလူမျိုး ဘယ်လိုနိုင်ငံလဲ ..."
( the key collection - 558161, 09 252657652 )

LCCI - EDI (UK) မှ အသိအမှတ်ပြု သင်တန်းကျောင်း
စီးပွားယှဉ်ခြင်း
ပညာရေးရာ ဆောင်ရွက်ဆုံး
LCCI စာရင်းကိုင်သင်တန်း Level 1+2 & 3
AutoCount Computerised Accounting
2018 April Series(September) ... (9.9.2017)
... (15.9.2017) ... 10% Discount ...
09-5118647-73009869-73013432-73028433




ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

# မိုးရာသီကာလ ဘားလားချောင်းတစ်လျှောက်ရှိကျေးရွာများ ရေကြီးနစ်မြုပ်မှုကင်းဝေး၍ ဒေသခံပြည်သူများဝမ်းသာ



**လှည်းကူး ဩဂုတ် ၂၄**

ယခုနှစ်မိုးရာသီကာလ၌ ရေကြီးရေလျှံမှုများဖြစ်ပွားခြင်း မရှိသောကြောင့် ဘားလားချောင်းတစ်လျှောက်ရှိ ကျေးရွာများမှာ ရေကြီးနစ်မြုပ်မှုကင်းဝေးခဲ့ကြသဖြင့် ဒေသခံပြည်သူများ ဝမ်းသာလျက်ရှိကြောင်း သိရသည်။

ဘားလားတံတားကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဇော်ထွန်းက "ကျွန်တော်တို့ရွာမှာ အိမ်ထောင်စု ၇၅၀ ရှိပြီး အိမ်ခြေ ၆၀၅ လုံးရှိပါတယ်။ လယ်ဧက ကတော့ ၄၉၄၄ ဧကပါ။ ရွာမှာက မိုးရာသီရောက်ပြီဆိုရင် နှစ်စဉ် ရေကြီးမှုဒဏ်ကိုခံစားခဲ့ကြရပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်ကဆိုရင် ရေကြီးတာတစ်လကျော်ကြာမြင့်ခဲ့တော့ ရွာကအိမ်ခြေတွေ နစ်မြုပ်ပျက်စီးခဲ့ပါတယ်။ ကျောင်းတွေဆိုရင် ရက်အတန်ကြာပိတ်လိုက်ရတော့ ကလေးတွေဆိုစာသင်ဖို့အခက်အခဲ ဖြစ်ခဲ့ရပါတယ်။ အဲဒီတုန်းကဆို ရွာအတွင်းကလမ်းတွေ အကုန်ရေမြုပ်ခဲ့ပြီး ကျေးရွာချင်းဆက်လမ်း ငါးနေရာလောက် ရေကျော်ခဲ့ပါတယ်။ ဒီနှစ်မိုးရာသီကာလမှာတော့ လမ်းပေါ်ရေတက်တဲ့အဆင့်ထိ မရှိပါဘူး။ ရေကြီးမှု မဖြစ်တော့ ဒီနှစ်မိုးစပါးစိုက်ပျိုးတဲ့ တောင်သူတွေလည်း ပျော်ရွှင်နေကြပါတယ်။ ဒီနှစ်ရေကြီးမှု မဖြစ်အောင် ဘားလားချောင်းအပါအဝင် ဆက်စပ်တူးမြောင်းတွေကို ပြန်လည်တူးဖော်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်" ဟု ပြောသည်။

အဆိုပါ ၁၉ မိုင်အရှည်ရှိသော ဘားလားချောင်းပေါ်တွင် တံတားပေါင်း ၁၁ စင်းရှိပြီး မင်္ဂလာဒုံမြို့နယ်ရှိ ဘားလားချောင်းအဟောင်းနှင့် ဘားလားချောင်းအသစ်တို့သည် ဘားလားရွာအနီးတွင် ဘားလားချောင်းအဖြစ်ပေါင်းဆုံကာ ရွှေပေါက်ကံမြို့သစ်အနီးရှိ ဆင်ဖုန်ရေတံခါးမှတစ်ဆင့် ငမိုးရိပ်ချောင်းအတွင်းသို့စီးဝင်သောချောင်းဖြစ်ကြောင်း။

ဘားလားချောင်းသည် မိုးရာသီကာလမိုးများသော အချိန်၌ နှစ်စဉ်ရေကြီးရေလျှံမှုဖြစ်ပေါ်လေ့ရှိပြီး ရေကြီးမှုဖြစ်ပေါ်ချိန်တွင် ရွှေနံ့သာကျေးရွာ၊ ငွေနံ့သာကျေးရွာနှင့် ဇေကမ္ဘာစက်မှုဇုန်တို့တွင် ရေနစ်မြုပ်လေ့ရှိကာ ရေကြီးကာလများ၌ အမှတ်(၁)လမ်း(ရန်ကုန်-မန္တလေးလမ်း)တွင်လည်း နှစ်စဉ်ရေကျော်လေ့ရှိကြောင်း၊ ဘားလားချောင်းတွင် နုန်းမြေများပို့ချမှုကြောင့် ရေစီးရေလာနည်းပါးခဲ့ပြီး မိုးရာသီကာလရောက်တိုင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း၊ ယခုအခါ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်သည့်အနေဖြင့် ဘာလားချောင်းကြီးအား ချောင်းအနက်တိုင်းထွာခြင်း၊ အကျယ်ချဲ့ခြင်းများဆောင်ရွက်ခဲ့ပြီး ရေထုတ်အား ပိုမိုကောင်းမွန်စေရန်အတွက် ဆင်ဖုန်ကျေးရွာအနီးတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် အမြင့် ၅ပေ၊ အကျယ် ၅ပေရှိသောအပေါက် ၅ပေါက်ရှိသည့် ရေထိန်းတံခါးအား တစ်လုံးထပ်မံတည်ဆောက်ပေးခဲ့သောကြောင့် ရေနုတ်အားပိုမိုကောင်းမွန်ခဲ့ပြီဖြစ်ကြောင်းနှင့် ရေကြီးရေလျှံမှုများ မဖြစ်ပွားစေရန်အတွက် ချောင်းတစ်လျှောက်နေထိုင်ကြသောအနီးအနားကျေးရွာများမှ ပြည်သူများအနေဖြင့် ချောင်းအတွင်းစည်းကမ်းမဲ့ အမှိုက်မစွန့်ပစ်ကြရန်လိုအပ်ကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိဦးမောင်မောင်ဇော်က ပြောကြားသည်။

ငွေနံ့သာစံပြကျေးရွာမှ ဦးမောင်ညွန့်က "ရွာမှာ အိမ်ခြေ ၃၀၀ ကျော်ရှိပါတယ်။ ကျွန်တော်တို့ရွာမှာ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်က ရေကြီးခဲ့လို့ အတော်ဒုက္ခရောက်ခဲ့ကြရပါတယ်။ ကျောင်းတွေလည်း ပိတ်လိုက်ရပါတယ်။ ၂၀၁၅ ခုနှစ်နောက်ပိုင်းမှာ ဆည်မြောင်းကတာဝန်ရှိသူတွေက ဘားလားချောင်းကို ကုတ်ပေးတယ်။ ပတ်တာများ၊ ရေထိန်းတံခါးအသစ်တွေကို တည်ဆောက်ပေးလိုက်လို့ ရွာထဲရေကြီးမှုတွေမဖြစ်တော့ပါဘူး။ ရေနုတ်မြောင်းလည်း ကောင်းသွားတော့ ရွာပတ်လည်က စပါးစိုက်ခင်းတွေလည်း ပျက်စီးမှုမရှိတော့ပါဘူး။ ဘားလားချောင်းကို ပြန်လည်တူးဖော်ပေးလိုက်တဲ့အတွက်ကြောင့် ဒေသခံပြည်သူတွေ ၂၀၁၄ ခုနှစ်တုန်းကလို မခံစားရတော့တဲ့အတွက် ဆည်မြောင်းကတာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ ရွာနေပြည်သူတွေကလည်း ချောင်းအတွင်းမှာ ဒိုက်များပိတ်ဆို့တာကို ဝိုင်းဝန်းဖယ်ရှားသင့်ပြီး ပတ်တာကြီးကိုလည်း ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းဖို့လိုအပ်ပါတယ်"ဟု ဆိုသည်။

မှော်ဘီမြို့နယ် အထယုကျေးရွာအုပ်စုမှ ဦးသန်းအောင်ကလည်း "နှစ်စဉ်မိုးရာသီကာလရောက်တိုင်း ရန်ကုန်-ပဲခူးလမ်းမက ရေကျော်ခဲ့ပြီး ၂၀၀၉ ခုနှစ်ကနေ တောက်လျှောက်ရေကြီးမှုဒဏ်ကို ရွာကပြည်သူတွေ ခံစားခဲ့ရပါတယ်။ ၂၀၁၄ ခုနှစ်မိုးရာသီမှာတော့ အိမ်ခြေ ၁၀၀ ကျော်လုံး ရေဘေးသင့်ခဲ့ရပြီး ကျောင်းတွေပါပိတ်ရတဲ့ အထိဖြစ်ခဲ့တာပါ။ ကျွန်တော့်မှာ လယ်ဧက ၃၅ ဧကကျော် ရှိပါတယ်။ စပါးကြဲလိုက် ရေကြီးလို့ နစ်သွားလိုက် တစ်ခါထပ်ပြန်ကြဲနဲ့ ဒီလိုဘဝရောက်ခဲ့ရတာပါ။ ၂၀၁၇ ခုနှစ်မှာတော့ ရေကြီးမှုမဖြစ်တော့ အဆင်ပြေပါတယ်။ ခုတော့ ဘားလားချောင်း ရေလမ်းပွင့်သွားလို့ စိုက်ပျိုးရေး လုပ်ငန်းတွေပါ တိုးချဲ့လုပ်ကိုင်လို့ ရပါပြီ"ဟု ပီတိစကား ဆိုသည်။

အဆိုပါ ဘားလားချောင်းမှာ မှော်ဘီဝါးနက်ချောင်းမှ စတင်ပြီး ညောင်နှစ်ပင်ခြံများကိုဖြတ်၍ အထယုရွာ၊ ဧကရာဇ်၊ ကုန်းတလပေါင်၊ ရေတလပေါင်၊ ငွေနံ့သာ၊ ရွှေနံ့သာ၊ ဘားလားနှင့်ဆင်ဖုန်ရွာများကို ဖြတ်သန်းစီးဆင်းလျက်ရှိကာ ဆင်ဖုန်ရွာအနီးရှိ ငမိုးရိပ်ချောင်းအတွင်းသို့ စီးဝင်ကြောင်း၊ ထို့အပြင် ဘားလားချောင်းအတွင်း ဒိုက်၊ ဗေဒါများ နှစ်စဉ်များပြားပြီး ရေစီးနှင့်အတူပါလာတတ်သောကြောင့် ရေတံခါးနှင့်တံတားများတွင် နှစ်စဉ်ရှင်းလင်းရပြီး အနီးအနားရွာများမှ ပြည်သူများအနေဖြင့် အမှိုက်များကို မစွန့်ပစ်ကြရန်လိုအပ်ကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။

**(ပွင့်သစ္စာ)**

❐

# အိန္ဒိယက ပဲတင်သွင်းမှု ကန့်သတ်လိုက်သော်လည်း မုံရွာကုန်စည်ဒိုင်အနေဖြင့် ဈေးဖွင့်ရောင်းဝယ်မှုပြုလုပ်နေဆဲဖြစ်

**မုံရွာ ဩဂုတ် ၂၄**

အိန္ဒိယအစိုးရက မြန်မာနိုင်ငံအပါအဝင် ပြည်ပမှ မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်းတင်သွင်းမှုများကို ကန့်သတ်လိုက်သဖြင့် ပြည်တွင်းဈေးကွက်တွင် ဈေးနှုန်းဆက်တိုက်ကျဆင်းနေသော်လည်း မုံရွာကုန်စည်ဒိုင်အနေဖြင့် ဈေးဖွင့်ရောင်းဝယ်မှုကိုပြုလုပ်နေဆဲဖြစ်ကြောင်း မုံရွာကုန်စည်ဒိုင် ဥက္ကဋ္ဌဦးသိန်းဦးက ဩဂုတ် ၂၃ ရက်တွင် အတည်ပြုပြောကြားသည်။



"အိန္ဒိယနိုင်ငံက ပဲစင်းငုံကို ပထမကန့်သတ်လိုက်တဲ့အတွက် အရောင်းအဝယ်အတော်ကျဆင်းသွားပါတယ်။ ပဲစင်းငုံက ရန်ကုန်ကိုပဲ အဓိက ၁၀၀ ရာခိုင်နှုန်းလောက်သွားနေတဲ့ အိတ်စ်ပို့သီးနှံဖြစ်ရာက အခုမှာ ဈေးကြိုက်လို့ဝယ်တဲ့ ဝယ်လက်ပဲရှိတော့ပြီး ကျန်တာက လုံးဝမရှိတော့ပါဘူး။ အဲဒီတော့ ဈေးကပုံမှန်အခြေအနေ နှစ်သောင်းကနေ အခုမှာ တစ်တင်းကို ၁၄၀၀၀ လောက်ထိကျသွားပါတယ်" ဟု ဦးသိန်းဦးကရှင်းပြသည်။ မုံရွာကုန်စည်ဒိုင်တွင် အသင်းသားဦးရေသည် ပွဲရုံကုန်သည်စက်ပိုင်စုစုပေါင်း ၅၅၀ ခန့်ရှိပြီး ပဲစင်းငုံတန်ချိန်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးသည် တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်းခန့်ထွက်ရှိနေရာ တန်ချိန်တစ်သိန်းနှင့် တစ်သိန်းခွဲခန့်ထွက်ပြီး စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲမျိုးစုံအထွက်အများဆုံး ဖြစ်ကြောင်း သိရသည်။

"အိန္ဒိယက ပဲတင်သွင်းခွင့်ပိတ်လိုက်တာကြောင့် စိုက်ပျိုးထုတ်လုပ်တဲ့တောင်သူကစလို့ ပွဲရုံသမား၊ ဝယ်လက်များအထိ အားလုံးဒုက္ခရောက်ကြပါတယ်။ ပုံမှန်ကုန်သွယ်မှုပြုရာက ပိတ်ဆို့လိုက်တဲ့အတွက် တောင်သူအပါအဝင် ကုန်စည်ဒိုင်လောကသားအားလုံး စီးပွားရေးမှာနစ်နာတာတွေလက်ရှိမှာ ဖြစ်နေပါတယ်"ဟု ဦးသိန်းဦးက သုံးသပ်ပြောကြားသည်။ "ရေရှည်ဖြစ်စေချင်တာက နိုင်ငံတော်က တစ်နှစ်တစ်နှစ်ကိုဆန်စပါးဘယ်လောက်စိုက်တယ်၊ ပဲမျိုးစုံဘယ်လောက်စတဲ့ စိုက်တဲ့သီးနှံအားလုံးကို စာရင်းဇယားနဲ့ ထုတ်ပြန်ပေးစေလိုပြီး သက်ဆိုင်ရာတောင်သူတွေ ကုန်သည်တွေအားလုံးအနေနဲ့ တစ်နှစ်ကို ဘယ်ပဲ ဘယ်သီးနှံက အထွက်ပိုတယ်။ အထွက်လျော့တယ်ကိုသိပြီး ချင့်ချိန်နိုင်စေဖို့လိုပါတယ်။ စနစ်တကျရောင်းဝယ်နိုင်ဖို့အတွက် အမှားနည်းစေမယ့်အပြင် အရောင်းအဝယ်ပိုသွက်လာစေမယ်လို့မြင်ပါတယ်"ဟု ၎င်းကပြောသည်။ ယခုလို အကျပ်အတည်းမျိုးက ယခုနှစ်တွင်မှကြုံတွေ့ရခြင်းဖြစ်ပြီး ပုံမှန်အနေဖြင့် ဈေးတက်သည်၊ ကျသည်ပဲရှိပြီး ယခုကဲ့သို့ ဈေးကွက်ကြီးတစ်ခုလုံး ရပ်တန့်သွားအောင်ပိတ်သည်မျိုး ယခင်က မရှိခဲ့ဖူးကြောင်း၊ ယခုကဲ့သို့ပိတ်လိုက်သောကြောင့် အိန္ဒိယတွင် ပဲဈေးတက်သွားသော်လည်း မြန်မာနိုင်ငံတွင် ပဲဈေးထိုးကျနေကြောင်း သိရသည်။ နိုင်ငံတော်အစိုးရဦးဆောင်ပြီး ပဲမျိုးစုံနှင့်ပတ်သက်၍ ရေရှည်တည်တံ့ကာ ဈေးကွက်ကောင်းမွန်စေရန်နှင့် သီးနှံတစ်မျိုးတည်းသာမက အခြားသင့်လျော်သည့်သီးနှံများကိုလည်း အလှည့်ကျစနစ်တကျဖြင့် ရေရှည်စိုက်ပျိုးနိုင်မှသာ တစ်ခုတည်းသော ဈေးကွက်မှီခိုနေရာမှ ဈေးကွက်အများအပြားကို ပို့ဆောင်ရောင်းချနိုင်ရန် နိုင်ငံတော်ဦးဆောင်သူများ၊ စိုက်ပျိုးရေး ပညာရှင်များက ကုန်စည်ဒိုင်မှ ပဲ၊ နှမ်း ကုန်သည်များဖြင့် တောင်သူများကို လက်တွဲပံ့ပိုးဆောင်ရွက်ကြရန် အချိန်တန်ပြီဖြစ်ကြောင်း မုံရွာကုန်စည်ဒိုင်ကုန်သည် အများစုက အကြံပြုထားသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ပဲခူးရိုးမ အောက်သိုင်းနယ် ရေငန်းကျေးရွာသို့ သွားရောက်သည့် အမျိုးသမီးဝန်ထမ်းအချို့ ဆင်ပေါ်မှပြုတ်ကျသော်လည်း ကံကောင်း၍ ဒဏ်ရာရရှိခြင်းမရှိ



**ရေတာရှည် ဩဂုတ် ၂၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများသည် ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်ကားလမ်း မိုင်တိုင်(၁၆)ဇရဲပေါက်ကျေးရွာမှ တောင်ဘက် ခုနစ်မိုင်ခန့်အကွာရှိ ရေငန်းကျေးရွာသို့ မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာ မိတ်ဆက်ခြင်းနှင့်ကျေးရွာကော်မတီဝင်များခန့်အပ်ပွဲ ကျင်းပရန် ဆင်နှစ်ကောင်ငှားရမ်း၍ သွားရောက်ကြစဉ် တောတွင်းလမ်းနှစ်မိုင်ကျော်ခန့်အရောက် လမ်းတွင်တွေ့ရသော ကျွဲအား ဆင်မှလန့်သွားစဉ် ဆင်ကျောပေါ်ရှိ ဝန်ထမ်းအမျိုးသမီးများလိုက်ပါလာသည့် ဆင်ပုခက်ပြုတ်ကျသွားခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။ "မိုးရာသီမှာ လမ်းတွေကဆိုးတော့ ဆင်နှစ်ကောင်ငှားပြီး သွားရတာ၊ နှစ်မိုင်ကျော်ကျော်လောက်ရောက်တဲ့အချိန် လမ်းမှာ ကျွဲနဲ့တွေ့တယ်။ ဆင်က လန့်သွားတာ၊ နောက်ကိုရုတ်တရက် ပြန်လှည့်လိုက်တော့ ဆွဲရမ်းသလိုဖြစ်ပြီး ပုခက်ပြုတ်ကျသွားတာ တော်သေးတယ်၊ ကလေးတွေဘာမှ မဖြစ်လို့" ဟု မြို့နယ်ကျေးလက်ဦးစီးမှူး ဦးရန်နိုင်ညွန့်က ပြောကြားသည်။ မိုးရာသီဆိုလျှင် လမ်းပန်းဆက်သွယ်မှုခက်ခဲသည့် ရေငန်းကျေးရွာသည် အိမ်ခြေ ၁၄၀ ကျော်ရှိပြီး လူဦးရေ ၅၆၀ ကျော်ရှိသည့် ကျေးရွာတစ်ရွာဖြစ်သည်။ အခက်အခဲများစွာဖြင့်သွားလာခဲ့ကြသော်လည်း ယင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဝင်များဖွဲ့စည်းတာဝန်ပေးအပ်ပွဲကို ကျင်းပနိုင်ခဲ့ပြီး ညနေ ၃ နာရီတွင် တောတွင်းမှ အဆင်ပြေစွာ ပြန်လည်ထွက်ခွာနိုင်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

❐

# သတင်းပေးပါ ကြိုးကြာ သို့မဟုတ် ကြိုးကြာခေါ်သံ

ရေနက်ကွင်း၊ နတ်စပါးတောအတွင်းမှ မြက်ကလုံးပင်များပေါ်ရှိ ဥနှစ်လုံး ဥထားသည့် ကြိုးကြာငှက်သိုက်တစ်ခုကို ကိုစောမျိုးက လိုက်ပြသည်။ ကိုစောမျိုးက ဝမ်းရေးအတွက် မြှုံးထောင်သွားရာမှ ထိုကြိုးကြာ အသိုက်ကို တွေ့ရှိထားခြင်းဖြစ်သည်။

“မြှုံးထောင်သွားရင်းနဲ့ ဒီအသိုက်ကို ကျွန်တော်တွေ့ထားတာပါ။ အဲဒါနဲ့ တင်မြ(သူ့ဇနီး)က ဆရာတို့ဟောပြောပွဲသွားနားထောင်ရင်းနဲ့ ကြိုးကြာအသိုက်တွေ့ရင် သတင်းပေးဖို့ ပြောတယ်ဆိုတာနဲ့ ကျွန်တော် သတင်းပေးတာ”ဟု ခပ်လှမ်းလှမ်းမှ ကျွန်တော်တို့အဖွဲ့ကို မြည်သံပေး၍နေသည့် ကြိုးကြာငှက်မကြီးကိုကြည့်၍ အသက် (၃၂)နှစ်အရွယ် ကိုစောမျိုးက ပြောသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်က အချောရွာကလေးတွင် ကျောင်းသား ကျောင်းသူများနှင့် ရွာသူရွာသားများကို ကြိုးကြာငှက်နှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး ဟောပြောပွဲအပြီး ပြန်ကြဖို့ ပြင်ဆင်နေခိုက်တွင် အချောရွာသား ကိုစောမျိုးက ကြိုးကြာအသိုက်တစ်ခု သူတွေ့ရှိထားကြောင်း ကျွန်တော်တို့အဖွဲ့ကို သတင်းပေးခြင်းဖြစ်သည်။

ကြိုးကြာငှက်မျိုးစိတ်သည် ကမ္ဘာတစ်ဝန်းတွင် မျိုးစိတ်များစွာရှိသော်လည်း ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ကြိုးကြာခေါင်းနီငှက်မျိုးစိတ်များမှာ မြန်မာနိုင်ငံတွင်သာမက တစ်ကမ္ဘာလုံးတွင်လည်း မျိုးသုဉ်းမှုအန္တရာယ်ကျရောက်နေသော မျိုးစိတ်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကချင်၊ ရှမ်း၊ ရခိုင်နှင့် ပဲခူးတို့၌ ကြိုးကြာခေါင်းနီငှက်မျိုးစိတ်များကို တွေ့ရှိနိုင်သော်လည်း ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင်သာ အများဆုံးနေထိုင်ကျက်စားကြပြီး အချိန်မီထိန်းသိမ်းကာကွယ်ခြင်းမပြုနိုင်ပါက မျိုးသုဉ်းပျောက်ကွယ်သွားနိုင်သော မျိုးစိတ်ဖြစ်နေပြီဟု ကြိုးကြာထိန်းသိမ်းရေးငှက်ပညာရှင်များက ဆိုသည်။

တစ်ကမ္ဘာလုံးတွင် မျိုးသုဉ်းပျောက်ကွယ်မှု အန္တရာယ်ကျရောက်နေသော အဆိုပါငှက်မျိုးစိတ်သည် မြန်မာနိုင်ငံတွင် အကောင်ရေ ၅၀၀ ခန့်သာကျန်ရှိတော့သည်ဟု ခန့်မှန်းထားသည်။ ယင်းငှက်များကို ကချင်၊ ရှမ်း၊ ရခိုင်နှင့် ပဲခူးတို့တွင် တွေ့ရှိရသော်လည်း အကောင်ရေဆယ်ဂဏန်းခန့်သာတွေ့ရှိနိုင်ပြီး ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် အကောင်ရေ ၂၀၀ မှ ၄၀၀ အထိ ကျန်ရှိနေသည်ဟု ငှက်ပညာရှင်တို့က ယူဆထားသည်။

“ဒီဧရာဝတီမြစ်ဝကျွန်းပေါ်က မြန်မာနိုင်ငံအတွက် ကြိုးကြာငှက်မျိုးစိတ်တွေရဲ့ နောက်ဆုံးခံတပ်၊ နောက်ဆုံးနေရာလို့ ပြောလို့ရတယ်။ ဒီမှာရှိတဲ့ ကြိုးကြာတွေသာ မျိုးသုဉ်းပျောက်ကွယ်သွားမယ်ဆိုရင် မြန်မာပြည်မှာ လုံးဝမျိုးသုဉ်းပျောက်ကွယ်သွားတော့မှာပါ”ဟု ကြိုးကြာငှက်ထိန်းသိမ်းရေးဆောင်ရွက်နေသည့် ဦးနိုင်လင်းက ပြောသည်။

“ကြိုးကြာငှက်တွေ ထိန်းသိမ်းဖို့ တကယ့်နေရင်းဒေသဖြစ်သလို အခြားတစ်ဖက်မှာလည်း ထိန်းသိမ်းရေးလုပ်ငန်းတွေ လုပ်ဆောင်ဖို့လိုအပ်နေတဲ့ နေရာလည်းဖြစ်ပါတယ်”ဟု ၎င်းကဆိုသည်။

ဦးနိုင်လင်းသည် သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)တွင် ဧရာဝတီမြစ်ဝှမ်းဒေသတာဝန်ခံအဖြစ် ကြိုးကြာငှက်အပါအဝင် အခြားမျိုးစိတ်များ ထိန်းသိမ်းရေးလုပ်ငန်းကို ဆောင်ရွက်နေသူ ဖြစ်သည်။

ကြိုးကြာခေါင်းနီများသည် ရေစပ်စပ်ရှိသော လယ်ကွင်း၊ ကိုင်းတောနှင့် စိုက်ပျိုးမြေများတွင် အသိုက်ပြုလုပ်ပြီး နေထိုင်ကျက်စားလေ့ရှိသည်။ မြက်ရိုင်းတောများတွင် သုံးရာခိုင်နှုန်းအသိုက်ပြုလုပ်၍ ကျန်သည့် ၉၇ ရာခိုင်နှုန်းမှာ လူတို့၏ စပါးစိုက်ခင်းနှင့် စိုက်ပျိုးမြေများတွင်သာ အသိုက်ပြုလုပ်သောကြောင့် အသိုက်များနှင့်



ဥများမှာ လယ်သမားတို့၏ ဖျက်ဆီးမှု၊ အနှောင့်အယှက်ပေးမှုကို ခံနေကြရသည်။

အခြားခြိမ်းခြောက်မှု အန္တရာယ်များလည်းရှိပါသေးသည်။ ကြိုးကြာငှက်တို့ နေထိုင်ကျက်စားရာနေရင်းဒေသများကို ငါးကန်၊ ပုစွန်ကန်များအဖြစ်သို့ ပြောင်းလဲလာခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲနေခြင်း၊ သားငှက်တိရစ္ဆာန်များကို အဆိပ်ချ ဖမ်းဆီးခြင်းနှင့် ယင်းတို့ကိုဖမ်းဆီးစားသောက်ခြင်းတို့ ဖြစ်ပါသည်။

ယင်းအပြင် သစ်တောများ ပြုန်းတီးလာခြင်း၊ သဘာဝနှင့် လူတို့၏ ပယောဂကြောင့် တောမီးလောင်ကျွမ်းခြင်း၊ မြစ်ချောင်း၊ အင်းအိုင်များတိမ်ကောလာခြင်း၊ ငှက်များကို အိမ်မွေးတိရစ္ဆာန်များအဖြစ် မွေးမြူလာခြင်းစသဖြင့် ခြိမ်းခြောက်မှုအန္တရာယ်များလည်း ရှိနေသည်။

“ကြိုးကြာတွေ မျိုးသုဉ်းလာတဲ့အဓိကပြဿနာက သူတို့အသိုက်တွေ ဖျက်ဆီးခံရတယ်။ နေရင်းဒေသတွေ ပျက်စီးတယ်။ ဒါကလည်း ကြိုးကြာတွေက သူတို့ရဲ့အသိုက် ၉၇ ရာခိုင်နှုန်းကို လယ်ကွင်းတွေထဲမှာ လုပ်တာကိုး။ အဓိကက အသိုက်တွေကိုမဖျက်ဆီးဘဲနဲ့ လယ်သမားတွေကို ပူးပေါင်းဆောင်ရွက်စေချင်တာပါ”ဟု သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)က ငှက်ပညာရှင် ဦးသက်ဇော်နိုင်က ပြောသည်။

ကြိုးကြာအသိုက်နှင့် ဥများကိုမဖျက်ဆီးဘဲ ပူးပေါင်းသောလယ်သမားများကို ကြိုးကြာအသိုက်သတင်းပေးပါက ဂုဏ်ပြုမည်ဖြစ်ကြောင်း၊ ကြိုးကြာအသိုက်ဆောက်လုပ်၍ ပျက်စီးသွားသောစပါးခင်းနှင့် စိုက်ပျိုးခင်းတို့၏ တန်ဖိုးများကိုလည်း ပြန်လည်ထောက်ပံ့ပေးသွားမည့် အစီအစဉ်များလည်းရှိကြောင်း သူကရှင်းပြသည်။

အဆိုပါအစီအစဉ်ကို သစ်တောဦးစီးဌာန မအူပင်တက္ကသိုလ်နှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်) တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

ကြိုးကြာငှက်ထိန်းသိမ်းရေး အသိပညာရှိလာသော ဒေသခံများအနေဖြင့် ယခင်လိုအမှုမဲ့၊ အမှတ်မဲ့ မနေသင့်ဘဲ ယင်းတို့ကိုထိန်းသိမ်းရေးဆောင်ရွက်ကြရာတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ကြိုးကြာငှက်ထိန်းသိမ်းရေးသမားတို့က နှိုးဆော်ထားသည်။

ငါးကြီးဂရက်ကျေးရွာသူ အသက် (၃၉) နှစ်အရွယ် မမြယဉ်က ဗုဒ္ဓဘာသာအယူအဆအရ ကြိုးကြာငှက်သည် ဗုဒ္ဓမြတ်စွာဘုရား၏ ဘဝဖြစ်စဉ်များတွင် ဘုရားအလောင်းတော်ဖြစ်ခဲ့၍ မသတ်ပါဟုပြောသည်။ သူက ကြိုးကြာငှက်များ မျိုးသုဉ်းပျောက်ကွယ်မသွားရေး ဝိုင်းဝန်းထိန်းသိမ်းသွားမည်ဟု ဆိုသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ဒေသခံအများစုသည် ကြိုးကြာငှက်များနှင့်ပတ်သက်၍ အယူအဆများနှင့် ဓလေ့အစွဲများရှိကြသည်။ သာဓကအားဖြင့် ကြိုးကြာငှက်ကို ရေမန်းကောင်ဟူ၍ ခေါ်သလို ကြိုးကြာရောက်သည့် အရပ်ကို ရေကြီးသည်ဟူ၍လည်း ယုံကြည်ကြသည်။ ကြိုးကြာအသိုက်နှင့် ဥများကို ဖျက်ဆီးလျှင်မကောင်းသောကံများကျရောက်တတ်သည်ဟူ၍လည်း ယုံကြည်ထားကြပြန်သည်။

ချစ်စရာဓလေ့များလည်းရှိပါသည်။ ကြိုးကြာများအုပ်စုလိုက်ကျချိန်၌ ကြိုးကြာနှစ်ကောင်ကိုအလယ်တွင်ထား၍ ကျန်အကောင်များက ဘေးမှ ဝန်းရံထားပြီး အလယ်နှစ်ကောင် ကနေပါလျှင် ကြိုးကြာမင်္ဂလာဆောင်သည်ဟုပြောလေ့ရှိကြသည်။ သို့အတွက် ဆန်ရေစပါးကောင်းမွန်သည်ဟူ၍ မှတ်ယူကြသည်။ ယင်းအပြင် မိမိလယ်ကွက်ထဲ ကြိုးကြာအသိုက် ပြုလုပ်ပါကလည်း စပါးအထွက်ကောင်းသည်ဟု ယုံကြည်ကြသည်။

ငါးကြီးဂရက်ကျေးရွာသား အသက် (၆၇)နှစ်အရွယ် ဦးစိန်ထွန်းက သူ့အသက်(၂၀)ကျော်အရွယ်က ကြိုးကြာငှက်တို့၏ တွန်သံ၊ သာယာသံတို့ကို နွေရောမိုးရော၊ ဆောင်းပါ အမြဲနီးပါးကြားခဲ့ရပြီး ယခုအချိန်တွင်တော့ မကြားရတော့ဟု ကြိုးကြာငှက်များ မျိုးသုဉ်းလာပုံကို ပြောသည်။ ကြိုးကြာငှက်များသည် သူငယ်ရွယ်စဉ်ကထက် လေးပုံလျှင် တစ်ပုံခန့်ပင်ရှိချင်မှ ရှိတော့မည်ဟု ဦးစိန်ထွန်းက ဆိုသည်။

ကြိုးကြာခေါင်းနီများသည် ဦးစိန်ထွန်း၏ မအူပင်မြို့နှင့် ရွာအနီးစပ်များတွင်သာ တဖြည်းဖြည်းရှားပါးလာသည်မဟုတ်။ တစ်ကမ္ဘာလုံးတွင်လည်း တဖြည်းဖြည်း အကောင်ရေ လျော့နည်းလာလျက်ရှိသည်ဟု The IUCN Red List of Threatened Species စာရင်းများအရ သိရသည်။

ကြိုးကြာခေါင်းနီများ တစ်ကမ္ဘာလုံးတွင် တဖြည်းဖြည်း အန္တရာယ်ကျရောက်လာမှုမှာ ၁၉၉၄ ခုနှစ်တွင် မျိုးသုဉ်းရန် အန္တရာယ်ကျရောက်လုနီးပါး မျိုးစိတ်အဖြစ် သတ်မှတ်ထားသော်လည်း ၁၈ နှစ်အကြာတွင် နောက်တစ်ဆင့်တက်၍ မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နိုင်သော မျိုးစိတ်ဖြစ်ခဲ့သည်။

ကြိုးကြာခေါင်းနီမျိုးစိတ်သည် ယခင်ကထိုင်းနိုင်ငံတွင် ပေါပေါများများကျက်စား နေထိုင်ခဲ့သော်လည်း လွန်ခဲ့သော ၁၀ နှစ်ခန့် ဝန်းကျင်၌ တစ်ကောင်မျှ မရှိတော့သည်အထိ မျိုးပြုတ်သွားခဲ့သည်။ထိုဖြစ်ရပ်မှာ ကြိုးကြာငှက်တို့၏ နေရင်းဒေသများ၊ ကျက်စားရာနေရာများ ဖျက်ဆီးခံရသလို အသိုက်နှင့် ဥများလည်း လယ်သမားတို့က ဖျက်ဆီးပစ်သောကြောင့် ဖြစ်သည်။

ယခုအချိန်တွင် ထိုင်းနိုင်ငံသည် ကြိုးကြာခေါင်းနီမျိုးစိတ်များကို ကမ္ဘောဒီးယားနိုင်ငံကမှာယူပြီး ဒေသခံလယ်သမားများကို အသိပညာများ ဖြန့်ဝေကာ သဘာဝနေရင်းကြိုးကြာငှက်များအဖြစ် ပြန်လည်မွေးမြူနေရပြီဖြစ်သည်။

မြန်မာအမည် ကြိုးကြာခေါင်းနီမျိုးစိတ်ကို အင်္ဂလိပ်လို Sarus Crane ဟူ၍ ခေါ်ပြီး သိပ္ပံနာမည်မှာ Grus Antigone ဟု သတ်မှတ်ထားသည်။ မြန်မာနိုင်ငံတွင် ကြိုးကြာခေါင်းမည်းနှင့် ကညာကြိုးကြာဟူ၍လည်း နောက်နှစ်မျိုးရှိပြီး ကညာကြိုးကြာမှာ လုံးဝမျိုးသုဉ်းသွားခဲ့ပြီဖြစ်သည်။ ကြိုးကြာခေါင်းမည်းမှာ ပေါပေါများများကျန်ရှိနေပါသေးသည်။

ကြိုးကြာငှက်များကို ၁၉၉၄ခုနှစ် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေအရ လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များအဖြစ် သတ်မှတ်ထားကြောင်း မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ တောအုပ် ဦးကျော်ကျော်နိုင်က ပြောသည်။

လုံးဝကာကွယ်ထားသည့် စာရင်းဝင်သော တောရိုင်းတိရစ္ဆာန်များကိုခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းတို့ ပြုလုပ်လျှင် သားငှက်ထိန်းသိမ်းရေးဥပဒေ(၁၉၉၄)၏ ပုဒ်မ ၃၇ အရ မည်သူမဆို ပြစ်မှုကျူးလွန်ကြောင်း စီရင်ခြင်းခံရပါက ထိုသူအား ထောင်ဒဏ် ခုနစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်နိုင်ကြောင်း ဦးကျော်ကျော်နိုင်က ရှင်းပြသည်။

ကြိုးကြာငှက်သိုက် လိုက်လံပြသသော အချောရွာသား ဦးစောမျိုးက ကြိုးကြာခေါင်းနီများသည် ရှားပါးငှက်များဖြစ်သည်ကို သိထားသော်လည်း ယင်းတို့ကို ယခုကဲ့သို့ ဥပဒေများဖြင့် အကာအကွယ်ပေးထားသည်ကို မသိပါဟု ကျွန်တော်တို့ စီးလာသောလှေကို လှော်ခတ်လျက် ပြောသည်။

ကျွန်တော်တို့ ကြိုးကြာသုတေသနအဖွဲ့လည်း ကြိုးကြာသိုက်အနီးမှ ပြန်လာသောအခါ ဘယ်အချိန်က ပြန်ရောက်နေမှန်းမသိသော ကြိုးကြာမောင်နှံသည် ယင်းတို့ ဥထားသောအသိုက်ဆီသို့ ပြေးပြေးလွှားလွှား သွားနေသည်ကို လှမ်းမြင်နေရသည်။

အချောရွာသားဦးစောမျိုးကတော့ ကျွန်တော်တို့ အပြန်ခရီးတွင် သူ့လှေကိုလှော်ခတ်လျက် စကားတစ်ခွန်းကို ပြော၍ ကတိပေး၏။

“ဆရာတို့ကို ကျွန်တော်ကအားမခံပါတယ်။ ရွာအနီးနားနဲ့(ကျွန်တော်) သိတဲ့ လူတွေကို ကြိုးကြာအသိုက်တွေ့ရင် သတင်းပေးဖို့၊ ကြိုးကြာတွေ မဖျက်ဆီးဖို့ကိုပြောပေးပါမယ်”။

**ညီတူး**

## မျိုးသုဉ်းရန်အန္တရာယ်နှင့် ရင်ဆိုင်နေရသော ဟိမဝန္တာဝက်ဝံနှစ်ကောင်ကို ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောထဲသို့ ဘေးမဲ့လွှတ်



**ရန်ကုန် ဩဂုတ် ၂၄**

မျိုးသုဉ်းရန် အန္တရာယ်နှင့် ရင်ဆိုင်နေရသော ဟိမဝန္တာဝက်ဝံနှစ်ကောင်ကို စစ်ကိုင်းတိုင်းဒေသကြီး ထမံသီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောထဲရှိ နမ်အီဖူးဧရိယာသို့ သွားရောက်၍ ဘေးမဲ့ပြန်လွှတ်ပေးခဲ့သည်။

ဟိမဝန္တာဝက်ဝံနှစ်ကောင်ကို အိန္ဒိယ-မြန်မာနယ်စပ်တွင် တွေ့ရှိရမိခဲ့ခြင်းဖြစ်ပြီး ခန္တီးခရိုင်သစ်တောဦးစီးဌာနသို့ ဩဂုတ် ၁၀ ရက်က ရောက်ရှိကာ ထိုမှတစ်ဆင့် ရေကြောင်းခရီးဖြင့် ဩဂုတ် ၁၅ ရက်က ထမံသီဘေးမဲ့တော ရှေ့တန်းစခန်းသို့ ပို့ဆောင်ပေးခဲ့ခြင်းဖြစ်သည်။ ထို့နောက် ထမံသီဘေးမဲ့တောထဲသို့ ဩဂုတ် ၁၉ ရက်က တောခေါင်းဦးမျိုးခိုင် ဦးဆောင်သောအဖွဲ့က ပြန်လည်သွားရောက်လွှတ်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဝက်ဝံနှစ်ကောင်သည် ဟိမဝန္တာဝက်ဝံဖြစ်ပြီး ယင်းနှစ်ကောင်စလုံးမှာ တစ်နှစ်သားအရွယ်ခန့်ရှိမည်ဟု ခန့်မှန်းထားသည်။ ဝက်ဝံအရွယ်အစားမှာ အရပ် ၁ ပေ ၄ လက်မ၊ ခန္ဓာကိုယ်အရှည် ၂ ပေ ၈ လက်မ၊ လုံးပတ် ၁ ပေ ၈ လက်မရှိပြီး နှစ်ကောင်စလုံးမှာ အမများဖြစ်သည်။

ထမံသီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောထဲတွင် မလေးဝက်ဝံနှင့် ဝက်ဝံကြီး(ဟိမဝန္တာဝက်ဝံ) ဟူ၍ နှစ်မျိုးရှိပြီး မလေးဝက်ဝံ၏ ရင်ဘတ်ပေါ်တွင် ယူ-ပုံသဏ္ဌာန် အမှတ်အသားနှင့် အမွေးမှာပါးသည်။ ဟိမဝန္တာဝက်ဝံ၏ ရင်ဘတ်ပေါ်တွင် ဗွီ-ပုံသဏ္ဌာန် အမှတ်အသားနှင့် အမွေးမှာ မလေးဝက်ဝံထက် ပိုထူပြီး ပိုကြမ်းသည်။

**(ညီတူး)**

■